
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

# SHALOM Magazine

2012-2013



# imitating CHRIST'S poverty

## ခရစ်တော်ကဲ့သို့ ဆင်းရဲဒုက္ခခံခြင်း

၂၀၁၃ ဧပြီ

# ဥယျောဇဉ်




မိတ်ဆွေတို့အား သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်မှ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဓမ္မတက္ကသိုလ်၏ ၂၀၁၂-၂၀၁၃ စာသင်နှစ်ကို ကောင်းမွန်စွာ အစပြုနိုင်ခဲ့ပါသည်။ ဝိုင်းဝန်းကူညီဖေးမလျက် ဆုတောင်းပေးကြသည့် မိတ်ဆွေ အားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။ ဤစာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၅၈)ဦးနှင့် ဆရာ၊ ဆရာမ စုစုပေါင်း (၂၀)ဦးဖြင့် ဓမ္မတက္ကသိုလ်၏ သင်ကြားရေး၊ အုပ်ချုပ်ရေးနှင့် ဝိညာဉ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက် ရှိပါသည်။ ဤစာသင်နှစ်တွင် ဓမ္မတက္ကသိုလ်၏ ဆောင်ပုဒ်အနေဖြင့် ငြိမ်းခြံခြင်း(သို့)ခရစ်တော်ကဲ့သို့ဆင်းရဲဒုက္ခခံခြင်းအချက်ကို ဦးတည်လျက် ကြိုးစားသင်ယူလျက်ရှိပါသည်။ အခြေပြုကျမ်းချက်မှာ (၂ကော ၈း၉) ကိုယ်တော်သည် ကြွယ်ဝတော်မူသော်လည်း သင်တို့၏အကျိုးငှာ ဆင်းရဲခံတော်မူ၏။ ဆင်းရဲခံတော်မူရခြင်းမှာ သင်တို့ကြွယ်ဝလာစေရန်အတွက် ဖြစ်သတည်း ဖြစ်ပါသည်။ သခင်ခရစ်တော်ကဲ့သို့ မိမိကိုယ်ကိုငြိမ်းခြံခြင်း၊ ဒုက္ခဆင်းရဲခံခြင်းအားဖြင့် ဘုရားသခင်၏ သာသနာတော်အတွက် ကြီးမားသောအကျိုးကျေးဇူးနှင့် သူတစ်ပါးတို့အတွက် ဘုရားသခင်အလိုရှိသည့် ကြွယ်ဝပြည့်စုံခြင်းကို ဖြစ်စေသည်ဟုခံယူလျက် ၂၀၁၂-၂၀၁၃ စာသင်နှစ် တစ်နှစ်လုံး ကြိုးစားလေ့ကျင့်သင်ယူလျက် ရှိပါသည်။ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်လာသည့်ခေတ်အချိန်တွင် သခင်ခရစ်တော်၏ အမှုတော်ဆောင်များအတွက် မရှိမဖြစ် ဆက်လက်လိုအပ်နေသည့် အရည်အသွေးတစ်ခုဖြစ်သည်ဟု နားလည်ခံယူပါသည်။ ဤရှာလုမ်စာစောင်အားဖြင့်လည်း ဓမ္မတက္ကသိုလ်၏ သတင်းလှုပ်ရှားမှုများ၊ ရင်တွင်းခံစားချက်များ၊ ဓမ္မအတွေးအခေါ်ဝေမျှချက်များကိုသိရှိလျက် အပြန်အလှန်ခွန်အားယူခြင်း၊ အတူတကွ အမှုတော်ဆောင်ခြင်းများအပြင် ဓမ္မတက္ကသိုလ်၏ လိုအပ်ချက်များအတွက် ဝိုင်းဝန်းကူညီဖေးမခြင်း၊ အစဉ်သတိရ ဆုတောင်းခြင်းများ ပြုလုပ်ပေးနိုင်ရန် မျှော်လင့်ပါသည်။


ဤရှာလုပ်စာစောင် ဖြစ်မြောက်ရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးကြသည့် အဖွဲ့သူ အဖွဲ့သားများ အားလုံးကိုလည်း ဓမ္မတက္ကသိုလ်ကိုယ်စား ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ ဤရှာလုမ်စာစောင်အားဖြင့် ဘုရားသခင်၏အလိုတော်ပြည့်စုံလျက် ဘုန်းတော်ထင်ရှားခြင်း ရှိပါစေသော်။ အာမင်။


ဘုရားသခင်၏ကျေးဇူးတော်ကို အတူတကွရေ တွက်ချီးမွမ်းလျက် -

ဘုန်းတော်ကြီးဒေါက်တာရှမွေလစံမြတ်ရွှေ
ကျောင်းအုပ်ကြီး၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်



Rev. Dr. Samuel San Myat Shwe (B.Th, Ph.D)
(Principal)


Rev. Canon Dr. Mark Saw Maung Doe
(B.A, B.D, M.T.S, Ph.D)


The Most Rev. Dr. Samuel San Si Htay
(B.A, B.R.E, D.D)


Rev. Dr. Andrew Zaw Lwin
(B.A., M.Div, Th.m, D.Min)


Rev. Salai David (B.A., B.Th, M.A.C.S)


Rev. Dr. Paul Myint Htet Htin Ya
(B.A, M.Div, M.Th, D.Th)






Sayagyi Dr. U Saw Aung Hla Tun
(B.E, M.E.(Metallurgy), D.D)


Rev. Saw Hillary Min Min (B.A. B.Th, M.Th in Music)
Dean of Student


Sayama Saga Hkawng Tawng
(B.Sc, B.R.E, M.A.C.E)


Sayama Naw Myat Su Mon
(B.Sc, B.Th, M.T.S(USA))


Sayama Naw Lwin Thida Myint
(B.Sc, B.Th, M.T.S(USA))



Sayama Naw Sheba Movin
(B.A)


Rev.Dr. Simon Be Bin Htu
(B.Sc, M.Div, M.Th, D.Min)


Decon David Judson Hogarth


Decaon Moses Kaser Htaw
(B.Th, M.Div, Nashotah House, USA)


Rev. Kyaw Nyunt
(M.Phil)



Rev. Smith Nguth Za Htawng
(B.sc., B.R.E, M.Th, F.D.C.S)



Rev. Aung Myo Tun
(B.Th, B.A, M.A.C.S)



Rev. Doe Dow Wah
(B.sc., B.D)



Sayama Chaw Su
(M.A, TEFL)



Nant Thandar, Nant Sun Paung Pwa, Naw Martha
(Office Staff)



Rev. John Thet Lwin
(B.A, B.Th, M.Dive) Librarian



Daw Wai Wai Myint
Assistance Librarian



Naw Mercy See Sein Soe
Library staff



Saw Khalay Saw, Saw Klo Htoo Wah
(Tutor)



U Saw Myat Thinn
Keeper



Nant Yi Yi Win
Cook



Saw David
Gardener



U Naw Naw
Driver








FIRST YEAR STUDENTS 2012-2013



SECOND YEAR STUDENTS 2012-2013



THIRD YEAR STUDENTS 2012-2013



FOURTH YEAR STUDENTS 2012-2013







SHALOM MAGAZINE COMITTEE 2012-2013



STUDENTS COUNCIL 2012-2013









# လှုပ်ရှားမှု မှတ်တမ်းပုံရိပ်များ

















# လှုပ်ရှားမှု မှတ်တမ်းပုံရိပ်များ





## လှုပ်ရှားမှု မှတ်တမ်းပုံရိပ်များ








## လှုပ်ရှားမှု မှတ်တမ်းပုံရိပ်များ



## ကျောင်းရောက်မှ မှတ်တမ်းဓာတ်ပုံများ






# အယ်ဒီတာ့စကား

ရှေးဦးစွာ ဓမ္မမိတ်ဆွေအပေါင်းအား ရှာလုမ်လို့ နှုတ်ဆက်လိုပါတယ်။ ဓမ္မသစ်ကျမ်းမှ အသက်ရှင်တဲ့ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ကျေးဇူးတော်အားဖြင့် အများစုရေးသားရန် ရွေးချယ်ခံခဲ့ရတဲ့ ကျွန်ုပ်တို့၏အဖ တမန်တော်ရှင်ပေါလုလောက် အသုံးမပြုသော်လည်း ဤရှာလုမ်မဂ္ဂဇင်း၏ အမှုဆောင်အဖြစ် ဘုရား၏အမှုတော်ဆောင်လုပ်ငန်းတွင် အုတ်တစ်ချပ်မဟုတ်သည့်တိုင် သဲတစ်ပွင့်အနေဖြင့် ပါဝင်ခွင့်ရခဲ့သည့်အတွက် ကျေးဇူးတော်ကို ချီးမွမ်းမဆုံး ဖြစ်နေမိပါတယ် . . .။ အရာရာကို ဘုရားရဲ့ ကျေးဇူးတော်သက်သက်ဖြင့် လုပ်ဆောင်ခွင့်ရသည့်အတွက် ဝမ်းသာမိပါတယ်။ ၂၀၁၂-၂၀၁၃ သန့်ရှင်းသောကားတိုင် ဓမ္မကျောင်းတော်ကြီး၏ ဆောင်ပုဒ်ဖြစ်သော "ခရစ်တော်ကဲ့သို့ဖြိုးဖြံ့ခြင်း" ဖြစ်သော "ခရစ်တော်ကဲ့သို့" ဆိုသောဝေါဟာရသည် ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကို စံနမူနာထားကာ ကျင့်ကြံနေရမည် ဖြစ်သည်။ သခင်ယေရှုသည် အမှုတော်ဆောင်လုပ်ငန်းကို အစပြုရန် ရက်ပေါင်း(၄၀) အစာရှောင်ရာတွင် လူတစ်ယောက်အနေနှင့် လိုအပ်မှု၊ တပ်မက်မှုကို ဖြိုးဖြံ့ခြင်း (ချုပ်တည်းခြင်း) စသည်တို့ကို ပြသခဲ့သည်။ ကျွန်ုပ်တို့၏ စံနမူနာသည် သခင်ခရစ်တော်သာ ဖြစ်ရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘေးဘက် ပတ်ဝန်းကျင်၊ လူတို့၏ အလိုစံနှုန်းများကို ကြည့်မည်ဆိုပါက ခရစ်တော်နှင့် လွဲချော်သွားမည် ဧကန်အမှန်ပင် ဖြစ်သည်။ ကျွန်ုပ်တို့ အိမ်ဆောက်လုပ်သည့်အခါတွင် အသုံးပြုသည့် "ချိန်သီး"သည် ဝေ့ရန်းနေ၍ မရပေ . . .။ သူ၏ဦးတည်ချက်တွင် တည်ငြိမ်နေရမည် ဖြစ်သည်။ အကယ်၍ ဝေ့ရန်းနေသော "ချိန်သီး"တွင် အိမ်သော်လည်းကောင်း (သို့) ဝိညာဉ်အသက်တာကို တည်ဆောက်မည်ဆိုပါက ပြိုပျက်မည်။ သို့မဟုတ် စောင်းနေသောအိမ်တွင် လူနေရန်ကြောက်သကဲ့သို့ ဖြစ်မည် . . .။ ထို့ကြောင့် ကျွန်ုပ်တို့ အသက်တာလည်း ခိုင်မြဲရန် မနေ့ယနေ့ နောင်ကာလ အစဉ်မည်သည့်အခါမှ ပြောင်းလဲခြင်း မရှိသော "ဗဟို" ခရစ်တော်တည်းဟူသော "ချိန်မှတ်" တွင် တည်ဆောက်ရမည် ဖြစ်သည်။ သခင်ခရစ်တော်ကဲ့သို့ အသက်တာကို ကြိုးစားတည်ဆောက်ကာ၊ လူရှေ့ ဘုရားရှေ့တွင် မျက်နှာသာရသော၊ ခိုင်ခံ့သော ခရစ်ယာန်အမှုဆောင် သူရဲကောင်းများ ဖြစ်နိုင်စေရန် ဆုတောင်းဆန္ဒပြု လိုက်ပါတယ် . . . . . . . . .။ အားလုံးအပေါ် ဘုရားသခင်ကောင်းကြီးပေးပါစေ . . . .။ အာမင်။

Simon ဇော်ခွန်းဒူ
တာဝန်ခံအယ်ဒီတာ



# ကျေးဇူးတင်စကား

ထာဝရဘုရားသခင်သည်
ရှာလုပ်စာဖတ်ပရိတ်သတ် တစ်ယောက်စီတိုင်းနှင့်အတူ
တည်ရှိပါစေသော။ အာမင်။
သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏
တစ်ခုတည်းသောရှာလုပ်မဂ္ဂဇင်းကို၂၀၁၂ - ၂၀၁၃ ပညာသင် နှစ်တွင်လည်း
ဆက်လက်ထုတ်ဝေနိုင်သည့်အတွက်
ဘုရားသခင်၏ ကျေးဇူးတော်ကို
ချီးမွမ်းပါတယ် . . . ။
ရှာလုမ်မဂ္ဂဇင်းအတွက်
ငွေကြေးအားဖြင့်သော်လည်းကောင်း
သတိရဆုတောင်းပေးခြင်းအားဖြင့်သော်လည်းကောင်း
ကူညီပံ့ပိုးပေးသော ဆရာသမားများ
ညီအစ်ကိုမောင်နှမများ
ကျောင်းအုပ်ကြီး ဘုန်းတော်ကြီးဒေါက်တာရှမွေလစံမြတ်ရွှေ
အကြံပေးပုဂ္ဂိုလ်များ
ဆရာ၊ဆရာမများ
စေတနာမေတ္တာဖြင့် စာမူများကို ရေးသားပေးကြသော စာပေပညာရှင်များ
ရှာလုမ် စာဖတ်ပရိတ်သတ်များ
မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းစာမျက်နှာများ အပြင်အဆင်ကို
ဖန်တီးပေးသော သောမတ်စ်နေလင်း
အဘက်ဘက်မှ ပါဝင်ကူညီကြသူများ နှင့်
ခရစ်တော်၏ လုပ်ဖော်ဆောင်ဖက်များအားလုံးကို
အထူးပင် ကျေးဇူးတင်ရှိပါသည် . . . ။
ရှာလုပ်မဂ္ဂဇင်းကို
ဖတ်ရှုသောသူများအားလုံး
ထာဝရငြိမ်သက်ခြင်း ရရှိ ခံစား ကြပါစေကြောင်း . . . . ။

ဇလီယ စထက်အောင်သူ
ရှာလုမ်သဘာပတိ





# ရှာလုမ်မဂ္ဂဇင်းကော်မတီ
## ၂၀၁၂-၂၀၁၃

| | |
|---|---|
| နာယက | ■ ဘုန်းတော်ကြီးပါမောက္ခဒေါက်တာရှမွေလစံမြတ်ရွှေ |
| အကြံပေးနှင့် စာမူစိစစ်ရေး | ■ ဘုန်းတော်ကြီးပါမောက္ခကင်န္တန်ဒေါက်တာမာကုစောမောင်ဒို |
| | ■ ဆရာကြီးဒေါက်တာဦးအောင်လှထွန်း |
| | ■ သင်းထောက်စောမိုးဇက်ကစိုထော |
| | ■ ဆရာရှမွေလစောခလေးစော |
| တာဝန်ခံစာတည်း | ■ မောင်ဆိုင်မွန်ဇော်ခွန်းဒူ |
| တွဲဖက်တာဝန်ခံစာတည်း | ■ မောင်စောခရစ္စတီဝင်း |
| သဘာပတိ | ■ မောင်ဇလီယစထက်အောင်သူ |
| တွဲဖက်သဘာပတိ | ■ မောင်ရှမွေလဇော်ဆိုင်း |
| စာတည်းအဖွဲ့ဝင်များ | ■ မောင်အောင်ထွန်းစိုး (ကဗျာ) |
| | ■ မောင်ဘောက်လီ (ဟာသ၊ ကာတွန်း) |
| | ■ မောင်အောင်လှိုင် (သက်သေခံချက်) |
| | ■ မောင်ရန်အောင်၊ မမေယုခင် (အင်တာဗျူး) |
| | ■ မောင်ဘရန်မိုင်၊ မောင်အန္ဒြေမော် (ဆောင်းပါး) |
| | ■ မောင်စောဂျန်ကနေဒီ (ဝတ္ထု) |
| ဖြန့်ချိရေးအဖွဲ့ | ■ မောင်ဒေးဗစ်တူးခေါင် (မြစ်ကြီးနား) |
| | ■ မောင်အယ်(လ်)လီမန် (စစ်တွေ) |
| | ■ မောင်လင်းလင်းထက် (ရန်ကုန်) |
| | ■ မောင်ကဘော်စိုး (ဘားအံ) |
| | ■ မောင်နိုဝယ်မျိုးသူရ (မန္တလေး) |
| | ■ မောင်စောဒီယုဒ (တောင်ဂူ) |
| ရှာလုမ်ဘဏ္ဍာထိန်း | ■ မပိုပိုမြင့်မောင် |
| တွဲဖက်ဘဏ္ဍာထိန်း | ■ မဇဒင်လှိုင်း |

| | | |
|---|---|---|
| ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ (ကျောင်းအုပ်ကြီး) | 001 | ဥယျောဇဉ် |
| | 002 | ဓါတ်ပုံစာမျက်နှာများ |
| Simon ဇော်ခွန်းဒူ | 013 | အယ်ဒီတာ့စကား |
| ဧလိယစထက်အောင်သူ | 014 | ကျေးဇူးတင်စကား |
| | 015 | ရှာလုမ်မဂ္ဂဇင်းကော်မတီ ၂၀၁၂-၂၀၁၃ |
| ဒေါ်ရှိုင်းနင်းထွန်း(သန့်ရှင်းသောကားတိုင်အသင်းတော်) | 018 | အဆိုအမိန့်များ စုစည်းမှု |
| နေး | 019 | ကျွန်တော်တို့ရပ်ဝန်း (ကဗျာ) |
| အ၊လူ | 020 | အသင့်ရှိဖို့ (ကဗျာ) |
| စမူဆာ | 021 | ဟန်လုပ်ခြင်း (ကဗျာ) |
| ဖိုင်း(တတိတနစ်) | 022 | မြင့်မိုရ်ထက်မြင့်သော (ကဗျာ) |
| ဝသုန်(လခြမ်းမြို့) | 023 | ကမ်းလှမ်းတဲ့လက် (ကဗျာ) |
| ဧလိယ | 024 | ရှာဖွေပါ (ကဗျာ) |
| နေဝါထွန်း | 025 | အမေ . . မသေရသေး (ကဗျာ) |
| ရစ်ချက်(တတိယနစ်) | 026 | ငါပြောချင်သမျှ . . ငါ့အကြောင်း (ကဗျာ) |
| အိမ်သားလေး | 027 | မျက်နှာဖုံးနဲ့ အစေခံ (ကဗျာ) |
| ဒေါ်စည်စည်လျာဘိုးကဲ | 028 | လူသားအချင်းချင်း ကျေးဇူးပြုကြစို့ (စာညွှန့်) |
| | 029 | ကာတွန်းစာမျက်နှာ |
| | 033 | ရင်တွင်းစကားစာမျက်နှာများ |
| | 048 | ဆရာ / မ၊ ကျောင်းသူ / သားများနှင့် ဝန်ထမ်းအင်အား |
| ပါဒရီအက်စ်ထန်အုပ် | 050 | ခရစ်တော်၌ အသက်ရှင်သောအသက်တာ (ဆောင်းပါး) |
| ဘုန်းတော်ကြီးဒေါက်တာအင်ဒရူးမန်းဇော်လွင် | 054 | Poverty - မြီးမြုံခြင်း (ဆောင်းပါး) |
| စောကပေါ်စိုး (ပထမနစ်) | 054 | ယုံကြည်ခြင်း၏ စွမ်းအား (သက်သေခံချက်) |
| စောကလိုထူးဝါး | 059 | ငါသာဖြောင့်မတ်သောသူ ဖြစ်ပါလျှင် (တရားဟောချက်) |
| စကာလက် | 063 | ကွင်းဆင်းလေ့လာသင်ယူခြင်းမှတ်တမ်း (ပထမနစ်) |
| ဘုန်းတော်ကြီးဝင်စတန်အောင်မျိုးထွန်း | 065 | ပြီးပြုံခြင်းသဘောတရားတွင်ရှိနေသော နှိမ့်ချခြင်းအဝတ်တန်ဆာ (ဆောင်းပါး) |
| Adam Kyaw Thu Ya | 068 | My Spiritual Journey (သက်သေခံချက်) |
| ရှမ္မေလဇော်ဆိုင်း | 070 | ကွင်းဆင်းလေ့လာသင်ယူခြင်း (ဒုတိယနစ်) |
| ဒေါက်တာဦးအောင်လှထွန်း | 074 | အချိုးကျပေးလှူခြင်း၏ ကျေးဇူးတရား (ဆောင်းပါး) |
| စောမှတ်ဆိတ်(ကေတု) | 082 | My Master Was So Very Poor (ကဗျာခံစားမှု) |
| ရှာလုမ်မဂ္ဂဇင်း | 084 | သရုပ်ဆောင်အောန်ဆိုင်းနှင့်စကားစမြည် (အင်တာဗျူး) |
| နင်းဆီအိမ် | 087 | အထင်နဲ့အမြင် (ဝတ္ထုတို) |
| မောင်ဘရန်အောင် | 095 | ကွင်းဆင်းလေ့လာသင်ယူခြင်းမှတ်တမ်း (တတိယနစ်) |
| Rev. Salia David | 097 | Thinking about Paradise (ဆောင်းပါး) |
| နော်လွင်သီတာမြင့် | 101 | မရှိခြင်းတွေထဲမှာ ရှိနေတဲ့လူတစ်ယောက်ရဲ့ ယုံကြည်မှု (ဆောင်းပါး) |
| ကြယ်စင် | 104 | ဝှက်ထားသောရတနာ(သို့) Poverty (ဆောင်းပါး) |
| စောခလေးစော | 107 | ကွင်းဆင်းလေ့လာသင်ယူခြင်းမှတ်တမ်း (နောက်ဆုံးနစ်) |
| ဒေါက်တာဦးအောင်လှထွန်း | 109 | ချစ်မေတ္တာဖြင့် တည်ဆောက်သောအိမ်ထောင် (တစ်ခန်းရပ်ပြဇာတ်) |
| Seven Moon | 116 | Further Study |
| Sheba Movin | 119 | Obedience (ဆောင်းပါး) |


မျက်နှာဖုံးဒီဇိုင်း နှင့် အတွင်းစာမျက်နှာများအပြင်အဆင်
သောမတ်စ်နေလင်း
၀၉ ၄၃၁၅၁၉၁၄ ၊ ၀၁ ၅၃၇၂၀၉

# အဆိုအမိန့်များ

စုစည်းတင်ပြသူ
ဒေါ်ရှိုင်းနင်းထွန်း (သန့်ရှင်းသောကားတိုင်အသင်းတော်)

၁။ သမ္မာကျမ်းစာကို ကျွန်ုပ်တို့ အသိပညာတိုးတက်ကြွယ်ဝလာဖို့ ပေးထားတာမဟုတ်ဘူး။ ကျွန်တို့အသက်တာပြောင်းလဲဖို့အတွက် ပေးထားခြင်းသာ ဖြစ်တယ်။ — ဒီအယ်လ်မူးဒီ

၂။ ကျေးဇူးတော်သည် ရှာဖွေ၍မရ။ ဝယ်ယူ၍မရ။ လုပ်ဆောင်၍လည်းမရ။ လိုသောသူတို့အား ဘုရားသခင်ပေးသောအရာ ဖြစ်သည်။ — ဘီလီဂရေဟမ်

၃။ သင်လုပ်ဆောင်တာထက် သင် မည်မျှ ချစ်ခြင်းမေတ္တာထားသလဲဆိုတာ ပိုပြီး အရေးကြီးပါတယ်။ — မာသာထရီဇာ

၄။ ဘုရားသခင်အသုံးပြုခဲ့တဲ့ ဧရာမပုဂ္ဂိုလ်ကြီးတွေဟာ အားနည်းတဲ့လူတွေ ဖြစ်တယ်။ — ဟဒ်ဆင်တေလာ

၅။ ဒုက္ခဆင်းရဲခြင်းဟူသော မီးက ဘုရားဝတ်၌မွေ့လျော်ခြင်းတည်းဟူသော ရွှေစင်ကို မွေးဖွားပေးသည်။ — မဒမ်ဂုယွန်

၆။ နွားနို့ခြံအလုပ်သမားတစ်ယောက်တောင် နို့ညှစ်ရင်း ဘုရားတန်ခိုးတော် ထင်ရှားစေနိုင်တယ်။ — မာတင်လူသာ

၇။ သေချာတာကတော့ လူသတ္တဝါကို ဘုရားသခင်ဖန်ဆင်းတော်မူခဲ့တာ
တစ်ရက်စာလောက်ပဲ အသက်ရှင်ဖို့မဟုတ်ဘူး။
ထာဝရရှင်သန်ခြင်းအတွက် လူသားကို ဖန်ဆင်းခြင်းဖြစ်တယ်။ — အင်ဗရာဟင်လင်ကွန်း

၈။ ဘဝကို အကောင်းဆုံးအသုံးပြုခြင်းဆိုသည်မှာ ရေရှည်တည်တံ့သောအရာအတွက် ဘဝကို အသုံးပြုခြင်း ဖြစ်သည်။ — ဝီလျံဂျိမ်းစ်

၉။ အောင်မြင်မှုဆိုတာ ပါရမီက (၁)ရာခိုင်နှုန်းဖြစ်ပြီး၊ ကြိုးစားအားထုတ်မှုက (၉၉)ရာခိုင်နှုန်း ဖြစ်တယ်။ — မဟတ္တမဂန္ဒီ

၁၀။ ပညာဖြင့် ဆုံးဖြတ်၍ သည်းခံခြင်းဖြင့် လုပ်ဆောင်ပါ။ မြှောက်ပင့်ပြောဆိုသူများသည် အဆိုးဝါးဆုံး သစ္စာဖောက်များဖြစ်သည်။ — ရစ်ချယ်လူး

၁၁။ စံပြပုဂ္ဂိုလ်ဆိုသည်မှာ အခြားသူတို့အောင်မြင်ကြီးပွားစေရန် အကူအညီပေးသူ ဖြစ်သည်။ — ဟင်နရီဖို့ဒ်

၁၂။ ကြီးမားများပြားလှသော အမှားများမကျူးလွန်ဘဲနှင့် ဘယ်လိုလူမျိုးမှကြီးမြတ်သောအဖြစ်၊ ကောင်းမွန်းသည့်ဘဝသို့ ရောက်မလာနိုင်ပါ။ — ဝီလီအီဂလက်စတုန်း

၁၃။ လိမ်ညာပြောဆိုတတ်သူသည် အမှန်ပြောဆိုသည့်တိုင်အောင် ယုံကြည်ခြင်း မခံရပေ။ — စီဆာရို

■■■■■





# ကျွန်တော်တို့ရပ်ဝန်း

ထင်းရှိတယ်
မီးရှိတယ်
ယဇ်ကောင်ဘယ်မှာလည်း
ခေတ် . . .
ပညာတတ်တွေများနေတယ်
မာတုရတွေ ရှားသွားပြီ . . .။

နေး

## အသင့်ရှိဖို့

အသံတွေကြားနေရတယ်
အဖြစ်အပျက်တွေ မြင်နေရတယ်
နလံမထနိုင်တဲ့ ဘဝပေါင်းများစွာ
မျှော်လင့်ချက်အိပ်မက်များ ကမ်းပြိုလိုက်စားခံရ . . . ။

အို . . . လူသားရယ် . . .
မြင်ပြီလား ကြားပြီလား
ကြည့်လိုက်ပါ နားစွင့်လိုက်ကွယ်
ရင်ဘက်တွေဖွင့်ထား လက်တွေကမ်းပေးလိုက် . . . ။

အို . . . လူသားရယ် . . .
ငိုက်မြည်းနေမှာလား တုံ့ဆိုင်းနေမှာလား
စည်းလုံးခြင်းနဲ့ လက်တွေမြဲစွာတွဲကာ
အချစ်တွေဝေမျှကြစို့ကွယ်...။

အာလူ





## ဟန်လုပ်ခြင်း

ဟန်ဆောင်မှု အပြည့်နဲ့
မျက်နှာဖုံး တပ်ဆင်လို့
လူကြားထဲတိုး
ပြောလိုက်တဲ့ စကားတွေ
မှသားပြည့်လျှံ
အယုံကြည်ပွား လူသားများ
ကောင်းကြသေးရဲ့လား . . . ။

လှည့်ကွက်သုံးတဲ့
မာယာလူမှုဝန်းကျင်
ဒီပုံအတိုင်းပဲ
မနက်ဖြန်များကို
ဖြတ်သန်းအုံးမှာလား
တစ်ခုခုတော့မှားနေပြီထင်တယ် . . . ။

စမူဆာ

# မြင့်မိုရ်ထက်မြင့်သော

တုန့်နှိုင်းမရပါ
အမေ့မေတ္တာ
ကျေးဇူးကြီးလှ
ရေတွက်မရ
အမေ့ချစ်ခြင်းတွေ
ဆပ်မကုန်နိုင်ပေ
ကမ္ဘာတွေပျက်လည်း
ချစ်နေမြဲ . . . ။

မြင့်မိုရ်တောင်ပင်
အမေ့မေတ္တာနှင့်
နှိုင်းယှဉ်လျှင်
ဇီးစေ့မျှသာ
ကေန်အမှန်ရှိမည် . . .း ။

ဖိုင်း(တတိယနှစ်)





# ကမ်းလှမ်းတဲ့ လက်

ဆိုးရွားတဲ့ လမ်းပေါ်
လျှောက်ရင်း . . .
ဆုံးရှုံးမှုတွေ
ဘဝမှာရှိလည်း
နောင်တ တရား
ရင်မှာမရှိဘဲ
မှားပြီးရင်းမှား
အမှားတွေကို
ထပ်ထပ်ကျူးလွန်
အရာရာဆုံးရှုံးပြီး
မျှော်လင့်ချက် ကုန်ဆုံးချိန်
မင်းအတွက် . . .
လက်တစ်ဖက် ကမ်းပေးသူ ရှိတယ် . . .
ဆွဲကိုင်လိုက်ပါ မိတ်ဆွေ
အဲဒါ သခင်လက်ကွဲ့ . . . ။

ဝသုန်(လခြမ်းမြို)

## ရှာဖွေပါ

မိမိကိုယ်တိုင်က
သေခြင်းသဘော
ပျက်ခြင်းသဘော ရှိပေမယ့် . . . ။

မသေမယ်သဘော
မပျက်မယ်သဘောကို
ရှာဖွေနိုင်ခဲ့မယ်ဆိုရင် . . . ။

အဲ့ဒီရှာဖွေခြင်းဟာ
မြင့်မြတ်သော ရှာဖွေခြင်းပါပဲ . . . ။

မပျက်မသေ
အမြဲတည်နေပြီး
ထာဝရအသက်ဆီသို့
ပို့ဆောင်နေသော
ကျေးဇူးရှင်ခေါ်
အရှင်ခရစ်တော်ကို
သေချာတွေ့ပြီလား . . . ။

ထန်းကုန်းမြေမှ -
ဇလီယ





## အမေ . . မသေရသေး

နေမင်းကြီးနဲ့ လမင်းကလည်း ပြောတယ်
တို့ပေးတဲ့ အလင်းရောင်က
သူ့ရဲ့ အလင်းရောင်လောက်
မတောက်ပဘူးတဲ့ . . . ။
စမ်းချောင်းကလေးနဲ့ နှင်းပွင့်တွေကလည်း ပြောတယ်
တို့ပေးတဲ့ အေးချမ်းမှုက
သူ့ရဲ့အေးချမ်းမှုကို . . မမှီဘူးတဲ့ . . . ။
ဩော် . . . .
သဘာဝတရားတွေကလည်း
သိကုန်ကြပြီ . . အမေ . . ။
ကျွန်တော့်မှာသာ
အနန္တ ချစ်ခြင်းမေတ္တာတော်ကို
ဆိုးတေပေမိုက်ပြီးမှ
သိခဲ့ရလို့
နောက်ကျနေခဲ့ပြီလား . . အမေ . . . ။
နေ့နေ့ညည ပူဆွေးမှု
ဒုက္ခနဲ့မျက်ရည်
ကျွမ်းနေတဲ့ အမေ့သား
ဆေး . . အလျှင်မှီပါ့ဦးမလား . . အမေ . . . ။
မေးခွန်းများစွာနဲ့ ကျွန်တော်
ငြိမ်းချမ်းမှုနယ်မြေထဲ . .
(မဝံ့မရဲ . . .)
ခြေတစ်လှမ်း . . တိုးလို့
အပြုံးတွေနဲ့ . . အတူ
ဆီးကြို . . နှစ်သိမ့်မယ့် အမေရဲ့လက်တွေနဲ့
ထွေးပွေ့ . . ခေါ်ယူလှည့်ပါတော့ . . အမေ . . . ။
ကျွန်တော့်ကို . .
အမေရဲ့ . . မေတ္တာနဲ့ . . .
ခွင့်လွှတ် . . သန့်စင်ဆေးကြောဖို့
အမေ . . မသေပါနဲ့ဦး . . .
အမေရယ် . . . . ။

နေဝါထွန်း

## ငါပြောချင်သမျှ . . ငို့အကြောင်း

ငါ့မှာ . . ကိုယ်ပိုင်ယုံကြည်ချက်ရှိတယ်
အထာမပိုတဲ့ ဇရာအိုတစ်ယောက်ရဲ့
အပြောမကောင်းဘဲ အကောင်းပြောတဲ့
နလုံးလှပြီး အသုံးကျတဲ့ လူတစ်ယောက်
ငါမဖြစ်ချင်ခဲ့ဘူး . . . ။

ဖျက်လို့မရတဲ့ သမိုင်းကြောင်းနဲ့
အိပ်မက်တွေကို ဆေးရောင်ခြယ်ရင်း
ငါ့သမိုင်းကြောင်းမှာ ဆေးမည်းတွေကို
ရေးခြယ်နေခဲ့မိတယ် . . . ။

နလုံးသားက တောင်းဆိုလာတဲ့
ဆန္ဒတွေကို ပြီးပြည့်စုံစေရင်း
အသိခေါက်ခက် အဝင်နက်တဲ့ . . အသိစိတ်ကို
ထုဆစ်နေခဲ့မိတယ် . . . ။

ဒီလိုနဲ့ နစ်မျောရင်း မျောရင်း အိပ်မက်တွေဆေးရောင်လွင့်
ဆန္ဒတွေကို မုန်တိုင်းတိုက်
ဓါးစက်အောက်မှာ ရောက်နေတဲ့ တရားခံတစ်ယောက်လို
မျှော်လင့်ချက်မရှိတဲ့အချိန်မှာ
ငါခလုတ်တိုက်လဲခဲ့တယ် . . . အမိလည်းတခဲ့တယ်
ဒဏ္ဍာရီမဟုတ်တဲ့ ငါ့သမိုင်းအကြောင်း ဖျက်မရပေမယ့်လည်း
အဖြူရောင်ခြယ်တဲ့ ငါ့သမိုင်းသစ်ရေးဖို့ စာအုပ်တစ်အုပ် ငါလှန်ဖတ်မိတယ်
ဒီလိုနဲ့ တစ်ရက် နှစ်ရက် သုံးရက် . . .
ငါ့သူ့ကို မြင်လိုက်မိတယ် . . . ။

ရစ်ချက်(တတိယနှစ်)





## မျက်နှာပုံးနဲ့ အာဓေဝခံ

စာသားတွေသာ ကျန်တဲ့
ကျမ်းစာအုပ် တစ်အုပ်
နှုတ်ဖျားက လာတဲ့
ဆုတောင်းချက် တစ်ချို့နဲ့
မှုသားတွေ ကာရံတဲ့
တရားဟောချက်တစ်ပုဒ်ကို အရင်းပြုလို့
ဝင်းမှည့်နေတဲ့ သခင့်လယ်ကွင်းတစ်ခုမှာ
ရိတ်သိမ်းမိုးသို
ကြီးပွားလာတာ စပါးတွေတောင်
ပြောင်နေပြီ . . . ။

ဒီလိုနဲ့ဘဲ
ကိုယ်ကျင့်သိက္ခာ
သစ္စာတရားနဲ့
ရိုးသားမှုတွေကို
လောကီမြေမှာမြုပ်နှံ
ဟန်ဆောင်အရေခြုံရင်း
ငါသိုးထိန်းစစ်လို့
ကြွေးကြော်နေကြတယ် . . . ။

ဩော်
လယ်ပြင်ကြီးတောင် မြေဆီပြောင်နေပြီ
သိုးတွေကလည်း ပိန်လှီလို့နေပြီ
ကောင်းကင်လမ်းလည်း
မှောင်နက်လို့နေပြီ
ဒါပေမဲ့လည်း
သိုးထိန်းတစ်ချို့ကတော့
ဆုဖြိုးဝဖီး
ကြီးပွားနေလိုက်ကြတာ . . . ။

အိမ်သားလေး

# လူ သား အ ချင်း ချင်း ကျေးဇူးပြုကြစို့ . . .

## ချစ်မိတ်ဆွေအပေါင်းတို့ . . .

၁။ ခရစ်ယာန်အကျင့်သိက္ခာနှင့် ပြည့်စုံခြင်း။
၂။ မိမိအလုပ်အတွက်
ဘုရားသခင်ခေါ်ခြင်းကို ခံရခြင်း။
၃။ သန့်ရှင်းစင်ကြယ်သော ကိုယ်ကျင့်တရား ရှိခြင်း။
၄။ ယုံကြည်မှု ခိုင်မြဲခြင်း။
၅။ သမ္မာကျမ်းစာအတိုင်း လိုက်လျှောက်ခြင်း။
၆။ ဘုရားသခင်အတွက် အစေခံရန်
အချိန်ကို သုံးခြင်း။
၇။ ရက်ရောစွာ ပေးကမ်းခြင်း။
(အချိန်၊ အစွမ်း၊ ပညာ၊ ဥစ္စာပစ္စည်း)
၈။ ဆုတောင်းခြင်း။
၉။ စိတ်မသာ ငြီးငွေ့သူများအတွက်
ကြင်နာနွေးထွေးမှု ပေးခြင်း။

အထက်ပါ ဝိညာဉ်ရေးရာ အရည်အချင်းများကို

- သင့်မိသားစုအတွက်
- သင့်အတွက်
- သင့်အသင်းတော်အတွက်
- သင့်ပတ်ဝန်းကျင်အတွက်
- သင့်ကမ္ဘာကြီးအတွက်

ကျေးဇူးပြုပြီးပြီလား . . . . . . ။

လောကသားတို့ကို ကယ်တင်ရန်
ယေရှုသခင် အသေခံခဲ့ပါတယ် . . . . ။

တဖန်
ကျွန်ုပ်တို့ကို စောင့်ရှောက်နိုင်ရန်
ယေရှုသခင် ရှင်ပြန်ရပြန်တယ် . . . ။

အလိုတော်ကြောင့် အိမ်တော်သို့ပြန်
ရရင်လည်းသေခြင်းနှင့် စပ်ဆိုင်သည့်
သေချာမှု (၃)ခုက ရှိနေပြန်တယ် . . . ။

ဝိညာဉ်မသေနိုင်ခြင်း။
ယေရှုသခင်သည် ယုံကြည်
သူတိုင်းကို သိမ်းဆည်းမည်။
ဝမ်းမြောက်ဖွယ် ပြန်လည်ဆုံဆည်း နိုင်မည် . . ။
(၁/သတ် - ၄း၁၄-၁၇)


ချစ်မိတ်ဆွေအပေါင်းတို့ . . .
လောက၏ (ယာယီအိမ်)
အတွက်လည်း မပူရ . . ။
ကောင်းကင်နိုင်ငံ၏ (ထာဝရအိမ်)
အတွက်လည်း စိတ်ချရ . . ။
အနေတတ်ဖို့လည်း
ကောင်းကြီးမင်္ဂလာ ပေးပြီးပြီ။


**ဒေါ်စည်စည်လျာဘိုးကဲ**





# ကာတွန်း









ကျောင်းပေါင်းစုံဘောလုံးပွဲ
ရှိုင်းခင်






B.TH(I) → B.TH(II) → B.TH(III) → B.TH(IV)










# ရှင်တွင်းစကား

၂၀၁၂-၂၀၁၃

ပထမနှစ်



အမည် ■ အယ်လ်လီမန်
မွေးသက္ကရာဇ် ■ ၁.၄.၁၉၉၀
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ ကိုယ်တော်ဟာ ဆရာဝန်လိုကျွန်တော့်ကို ကုသ၍
အင်ဂျင်နီယာလို ကျွန်ုပ်ကို တည်ဆောက်သောသူ ဖြစ်၏။



အမည် ■ ယောဟန်အင်ဘာဆိုင်းလော့ဒ်
မွေးသက္ကရာဇ် ■ ၁၀.၁၁.၈၇
လူမျိုး ■ ကချင်(ခရူး)
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုဘုန်းကြီးပိုင်နယ်၊ ရှင်ပေါလုအသင်းတော်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ လာလတ္တံ့သောအချိန်တိုင်းမှာ ဘုရားရှင်ရဲ့ အလိုတော်အတိုင်း ဖြစ်စေတော်မူပါ။



အမည် ■ စောနေဒိုကပေါ်စိုး
မွေးသက္ကရာဇ် ■ ၁၆.၁.၁၉၉၃
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ထီးကပေါ် ၊ မောနွေလ
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
■ ပူလောင်လွန်းတဲ့ လောကကြီးရဲ့ နာကျင်ခြင်းကို အေးမြစေတဲ့
ကျွန်ုပ်တို့ရဲ့ ကြင်နာခြင်းအားဖြင့် ကုသပေးလိုက်ရအောင်။



အမည် ■ မောင်နိုဝယ်မျိုးသူရ
မွေးသက္ကရာဇ် ■ ၃၀.၉.၁၉၉၄
လူမျိုး ■ ဗမာ
ဘုန်းကြီးပိုင်နယ် ■ ဩစိန့် (ရွှေဘို)
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
■ သခင့်အမှုတော် ဆောင်ခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။
သခင်စေလိုရာအတွက် အမြဲအဆင်သင့်ပါ။

# ရင်တွင်းစကား

## ပထမနှစ်

### ၂၀၁၂-၂၀၁၃



အမည် ■ စောနေမျိုးဆေး
မွေးသက္ကရာဇ် ■ ၁၉.၁၂.၁၉၉၀
လူမျိုး ■ ကရင်(ဘွဲ)
ဘုန်းကြီးပိုင်နယ် ■ ရှင်ရျော့ဂျက်ဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
■ ကိုယ်လုပ်ဆောင်သမျှသော အမှုတော်ဆောင်ဆက်ကပ်ခြင်းအလုံးစုံက အဓိက ဘုရားသိစေဖို့ လိုပါတယ်။



အမည် ■ စောဒီယုဒ
မွေးသက္ကရာဇ် ■ ၈.၂.၁၉၉၀
လူမျိုး ■ ကရင်(ဘွဲ)
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုကသီဒြယ်
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
■ ရိတ်သိမ်းရန် စပါးများစွာရှိသေး၏။ ထိုစပါးများကို ရိတ်သိမ်းရန် ကျွန်ုပ်အား သခင်အလိုရှိသကဲ့သို့ သင့်အားလည်း သခင် အလိုရှိနေပါသည်။



အမည် ■ စောပီတာမျိုးအောင်
မွေးသက္ကရာဇ် ■ ၃၀.၁.၁၉၉၂
လူမျိုး ■ ကရင်(ပိုး+စကော)
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောတြိနတိအသင်းတော်၊ ပဲခူး
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ ခရစ်တော်၌ အရာရာကို ပြုပြင်မယ်။



အမည် ■ စောကပေါ်စိုး
မွေးသက္ကရာဇ် ■ ၁၅.၁၀.၁၉၉၄
လူမျိုး ■ ကရင်(စကော)
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္ဒြေအသင်းတော် ၊ ကွမ်ဘီရွာ
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
■ ကံ ကို သိပ်မယုံနဲ့ . .။ ကြိုတင်ပြင်ဆင်ထားခြင်းက အဓိကပါ။





ရင်တွင်းစကား

ပထမနှစ်

၂၀၁၂-၂၀၁၃



အမည် ■ စောဖိုးကျော်မြ
မွေးသက္ကရာဇ် ■ ၁၉.၁.၁၉၉၀
လူမျိုး ■ ကရင်(စကော)
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုကသီဒြယ်
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
■ သခင် . . . သခင့်အတွက် နလုံးလှပြီး အသုံးကျတဲ့လူတစ်ယောက်ဖြစ်ဖို့ ကြိုးစားလျက်ပါ။



အမည် ■ ဒေးဗစ်တူးခေါင်
မွေးသက္ကရာဇ် ■ ၉.၁.၁၉၉၄
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီဒြယ်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ မိတ်ဆွေ . . သင်လုပ်ဆောင်နေသောအရာ၊ သင့်အခြေအနေသည် ဘုရားသခင်၏ ကြိုတင်ပြင်ဆင်ခြင်းဆိုသည့် အလိုတော်ပင်ဖြစ်သည်ကို သင်အောက်မေ့ပါ။



အမည် ■ မောင်ညက်စိုးထက်
မွေးသက္ကရာဇ် ■ ၁၄.၁.၁၉၉၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်မိက္ခေလ၊ မော်ဘီ
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ ကိုးကွယ်ခြင်း၌ ယုံကြည်ခြင်းအားဖြင့်သာမဟုတ် အကျင့်အားဖြင့်လည်း လျှောက်လှမ်းနိုင်ရန် ခွန်အားယူဆဲ . . . ။



အမည် ■ ဂရယ်ဂရီလင်းလင်းထက်
မွေးသက္ကရာဇ် ■ ၃၀.၆.၁၉၉၃
လူမျိုး ■ ကရင်+တရုတ်
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောကားတိုင်အသင်းတော်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ You Will Never Walk Alone, God Be With You.

# ရင်တွင်းစကား

၂၀၁၂-၂၀၁၃

## ပထမနှစ်



အမည် ■ မမေယုခင်
မွေးသက္ကရာဇ် ■ ၅.၆.၁၉၉၄
လူမျိုး ■ ချင်း(ခူမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေတရု(ပိန္နဲတစ်ပင်ရွာ)
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ ဘုရားသခင်ရွေးကောက်လို့ H.C.T.C ကိုရောက်လာတဲ့အတွက်ကြောင့်
အမှုတော်ဆောင်ဘဝ ဘယ်လောက်ပဲကြမ်းတမ်းခက်ခဲနေပါစေ ပြုံးပြုံးလေးနဲ့ . . .။



အမည် ■ မဖင်မာဆွေ
မွေးသက္ကရာဇ် ■ ၂၃.၉.၁၉၈၇
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်မာကု၊ နန့်စီးအောင်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ ကျွန်မရဲ့ရှေ့ဆက်ရမယ့် အနာဂတ်ခရီးအတွက် ဘုရားရှင်ပေးတဲ့ခွန်အားသစ်များနှင့်
ရင်ဆိုင်ကျော်ဖြတ်ဖို့ အဆင်သင့် အနေအထားမှာ ရှိနေပါပြီ။



အမည် ■ ဧနော်မေရီဒေင်လှိုင်း
မွေးသက္ကရာဇ် ■ ၆.၁၁.၁၉၉၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု ၊ ရေလဲကြီး
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ ကိုယ်ကာယကိုဆုံးမခြင်းသည်များစွာသော အကျိုးကိုမပေးတတ်။ ဘုရားဝတ်၌
မွေ့လျော်ခြင်းမူကား ယခုဘဝနှင့် စပ်ဆိုင်သော ဂတိတော်ကိုရသည်ဖြစ်၍
အရာရာ၌အကျိုးပေးတတ်သည် ဟူသောစကားသည် သစ္စာစကားဖြစ်၏။
(၁တိ ၄း၈-၉)





# ရင်တွင်းစကား

၂၀၁၂-၂၀၁၃

## ဒုတိယနှစ်



အမည် ■ ဆမားရှံဆုန်ဆိုင်းအောင်
မွေးသက္ကရာဇ် ■ ၂၈.၁၂.၁၉၈၆
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္တြေအသင်းတော် ၊ တနိုင်း
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ ဘုရားသခင်ရဲ့အမှုတော်မြတ်အတွက် ကြိုးစားသင်ယူနေပါတယ်။
ကောင်းချီးပေးပါ ကိုယ်တော် . . .။



အမည် ■ စောခရစ္စတီဝင်း
မွေးသက္ကရာဇ် ■ ၂.၆.၁၉၉၃
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော် ၊ လှိုင်းဘွဲ
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
■ အမှုတော်ဆောင်ရန် ပြင်ဆင်နေသည့် အချိန်ကာလတစ်လျှောက်လုံး
စောင့်မတော်မူပါ . .။ ကွယ်ကာတော်မူပါ . . .။



အမည် ■ မောင်ရှောလမုန်ဆန်းဦး
မွေးသက္ကရာဇ် ■ ၁၅.၄.၁၉၉၁
လူမျိုး ■ ချင်း(ခူမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်သတေဖန်အသင်းတော်၊ မြင့်သောင်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ ဘုရားသခင်အားဖြင့်သာ ဝမ်းမြောက်သည်။



အမည် ■ မဖွေးဖွေးဝင်း
မွေးသက္ကရာဇ် ■ ၁၆.၄.၁၉၈၈
လူမျိုး ■ ချင်း(ခူမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော်၊ ပလက်ဝ
သာသနာပိုင်နယ် ■ စစ်တွေသာနာပိုင်နယ်
■ ဘုရားသခင်ရဲ့ ကွယ်ကာမှုအောက်မှာ ခိုလှုံရင်းနဲ့ ကျွန်ုပ်၏ ဘဝအသက်တာကို
ရသစုံလင်စွာဖြင့် ကြုံတွေ့ခွင့်ပေးတဲ့ ဘုရားသခင်ကို အရမ်းပဲ ကျေးဇူးတင်တယ်။

ဒုတိယနှစ် ၂၀၁၂-၂၀၁၃



- အမည် ■ ခရစ္စတိုဖာကြည်လင်းစိုး
- မွေးသက္ကရာဇ် ■ ၅.၁၀.၁၉၉၂
- လူမျိုး ■ ကရင်(ပိုး)
- ဘုန်းကြီးပိုင်နယ် ■ ရှင်ယာဟန်အသင်းတော် ၊ ကျောင်းတော်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ပန်းတိုင်တစ်ခုကို အတူတူလျှောက်လှမ်းနေကြ၍ ယုံကြည်သူများအားလုံး လက်တွဲလျက် ပါဝင်ဆက်ကပ်ကြပါစို့။



- အမည် ■ စ ကာလက်
- မွေးသက္ကရာဇ် ■ ၅.၃.၁၉၈၄
- လူမျိုး ■ ကရင်(ပိုး)
- ဘုန်းကြီးပိုင်နယ် ■ ရှင်မိက္ခေလအသင်းတော်၊ ညောင်ဂူ
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ အခက်အခဲ ဒုက္ခကျောက်ဆောင်တွေကြားမှာ ဒီလမ်းဆုံးထိလျှောက်နိုင်ဖို့ရာ သခင်နဲ့အတူ လက်တွဲလျှောက်ခွင့် ပေးပါဘုရား . . .။



- အမည် ■ မောင်လှိုင်ဝင်း
- မွေးသက္ကရာဇ် ■ ၆.၅.၁၉၉၀
- လူမျိုး ■ ရခိုင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်လုကာအသင်းတော် ၊ မြေပုံမြို့
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ အခက်အခဲတွေကြားက သမ္မာတရားကို ရှာဖွေရင်း အမှုတော်ဆောင်ရန် ပြင်ဆင်နေပါသည်။



- အမည် ■ စောရစ်ချက်ရန်အောင်
- မွေးသက္ကရာဇ် ■ ၂၃.၁၂.၁၉၉၂
- လူမျိုး ■ ကရင်+ဗမာ
- ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောတြိနတိကသီဒြယ်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ရင်မှာဝမ်းနည်းကြေကွဲလည်းအပြုံးမပျက် အားမာန်တိုးလျက် ခရစ်တော်ကပေး၊ ဝိညာဉ်ဆေးကို ခေါင်းမော့ဒူးထောက်၊ ဆုတောင်းခြင်းဖြင့် တောင်းခံနေလျက် . . .။





ဒုတိယနှစ် ၂၀၁၂-၂၀၁၃



- အမည် ■ အာဒံစကျော်သူရ
- မွေးသက္ကရာဇ် ■ ၂၈.၁၀.၁၉၇၆
- လူမျိုး ■ ကရင်+ဗမာ
- ဘုန်းကြီးပိုင်နယ် ■ ရှင်မိက္ခေလအသင်းတော်၊ ကြည့်မြင်တိုင်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ နာခံမှုအပြည့်အဝရှိမှသာလျှင် ဘုရားသခင်အသုံးပြုသည့် သာသနာပြုသိုးထိန်းတစ်ပါး ဖြစ်မည်။



- အမည် ■ အိုက်အောင်လှိုင်
- မွေးသက္ကရာဇ် ■ ၁၉.၇.၁၉၈၁
- လူမျိုး ■ ချင်း(ရူမီး)
- ဘုန်းကြီးပိုင်နယ် ■ မောနွေလဘုန်းကြီးပိုင်နယ် ၊ တွံကွင်းဝရွာ
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ် ခက်ခဲမှုရှိသော်လည်း ကိုယ်တော်နှင့်အတူ ဝမ်းမြောက်မှုရှိသော်လည်း ကိုယ်တော်
- ■ ခက်ခဲမှုရှိသော်လည်း ကိုယ်တော်နှင့်အတူ ဝမ်းမြောက်မှုရှိသော်လည်း ကိုယ်တော် နှင့်အတူ လျှောက်လှမ်းအသက်ရှင်ရန် အသက်တာအသစ်ကို ပေးတော်မူပါ။



- အမည် ■ စဘိုဘို
- မွေးသက္ကရာဇ် ■ ၁၁.၄.၁၉၈၈
- လူမျိုး ■ ကရင်(ပိုး)
- ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသူအပေါင်းဘုန်းကြီးပိုင်နယ် ၊ ဂရမ်း
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ် ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာပဲ . .။
- ■ ဘဝမှာ တန်ဖိုးအရှိဆုံးအရာက



- အမည် ■ မပိုပိုမြင့်မောင်
- မွေးသက္ကရာဇ် ■ ၂၁.၆.၁၉၈၄
- လူမျိုး ■ ချင်း
- ဘုန်းကြီးပိုင်နယ် ■ ရှင်လုကာအသင်းတော် ၊ မြေပုံမြို့
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ ဘုရားသခင်၏ စစ်မှန်သောရွေးချယ်ခေါ်ယူတော်မူခြင်း ဖြစ်ဖို့ရန် ကြိုးစားပြင်ဆင်လျက်ပါ။

## ဒုတိယနှစ်

### ရှင်တွင်းစကား ၂၀၁၂-၂၀၁၃



- အမည် ■ စရှိုင်းလုကာ
- မွေးသက္ကရာဇ် ■ ၆.၁၁.၁၉၉၁
- လူမျိုး ■ ကရင်+ရှမ်း
- ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောကားတိုင်အသင်းတော် ၊ ကမာရွတ်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ သခင့်ရဲ့သိုးတော်စုတွေကို ကျွေးမွေးဖို့ ကြီးမားသန်မာတဲ့ မြေစာပင်ဖြစ်ပါရစေ။
သခင့်ရဲ့အစေကို ခံသွားမယ် ..။



- အမည် ■ ဒေးဗစ်ဘောက်လီ
- မွေးသက္ကရာဇ် ■ ၁၂.၁၀.၁၉၈၈
- လူမျိုး ■ ကချင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန် ၊ ဟိုပင်
- သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
- ■ ကျောင်းတော်ကြီးမှာ ရသပေါင်းစုံခံစားရရှိတယ်။ ဟင်းပေါင်းစုံစားရသလိုပဲ၊
အဆင်မပြေမှုတွေကြား ရရှိခဲ့တဲ့ ပျော်ရွှင်မှုတွေနဲ့ သခင့်အမှုတော်ကိုထမ်းရွက်ဖို့
ပြင်ဆင်လျက် ...။



- အမည် ■ ဂျိမ်းစ်အောင်ထွန်းစိုး
- မွေးသက္ကရာဇ် ■ ၂၅.၃.၁၉၈၉
- လူမျိုး ■ ချင်း+ကရင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော် ၊ ပလက်ဝ
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ သုည = ကျွန်တော်
သုညနဲ့ကျွန်တော်က အသွင်အတူတူပဲကွဲ ...။





## တတိယနှစ်

### ရှင်တွင်းစကား ၂၀၁၂-၂၀၁၃



- အမည် ■ ရှမွေလဇော်ဆိုင်း
- မွေးသက္ကရာဇ် ■ ၂၂.၂.၁၉၉၁
- လူမျိုး ■ ကချင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော်၊ ကသာ၊ မိုးတားကြီး
- သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
- ■ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်၏။ ချစ်ခြင်းမေတ္တာသည်
များစွာသော အပြစ်တို့ကို ဖုံးအုပ်တတ်၏။



- အမည် ■ ဂျူးလော့စ်ကျော်ထိုက်
- မွေးသက္ကရာဇ် ■ ၂၄.၆.၁၉၉၀
- လူမျိုး ■ ချင်း(ခူမီး)
- ဘုန်းကြီးပိုင်နယ် ■ ရှင်ပေတရုဘုန်းကြီးပိုင်နယ်၊ လိပ်ကုန်း(၁)ရွာ
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ အမှုတော်ဆောင်ဘဝမှာ စုံစမ်းခြင်း၊ ဒုက္ခ၊ ဆင်းရဲခြင်းဆိုတာ တွေ့ကြုံရမှာဘဲ။
အမှုတော်ဆောင်ဘဝမှာ ... သို့သော် ပါးပြင်ထက်စီးတဲ့မျက်ရည်ကိုတော့ ကျွန်တော်၏ ကိုယ်တော်
သုတ်ပေးတော်မူလိမ့်မည်။



- အမည် ■ ဂျိမ်းစ်ဘရန်မိုင်
- မွေးသက္ကရာဇ် ■ ၁၉.၁၁.၁၉၈၇
- လူမျိုး ■ ကချင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု(နမ်းခမ်း)၊ ရှင်လုကာ (အင်းတော်)
- သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
- ■ ဘယ်သူတွေက ဘယ်လိုပဲ ဝေဖန်ပါစေ။ အပြစ်တင်ကဲ့ရဲ့ပါစေ။ မာကု ၁၀း၂၉-၃၀
ဟာ ကျွန်တော်အတွက်ခွန်အားပါ။ ဒါကြောင့် ကျွန်တော်ရဲ့ အမှုတော်ဆောင်ခြင်းက
ခရစ်တော်နဲ့ အသင်းတော်အတွက်သာ ဖြစ်တယ်။



- အမည် ■ ဆလိုင်းစတီဗင်နှင်းအောင်
- မွေးသက္ကရာဇ် ■ ၂.၄.၁၉၈၉
- လူမျိုး ■ ချင်း(အရှို)
- ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုအသင်းတော် ၊ ကြာအင်း
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ God's invitation to humans to receive his grace in a special way.
(Mark 2:17)

# ရင်တွင်းစကား

## ဘာဝါယနှစ်

### ၂၀၁၂-၂၀၁၃



- အမည် ■ စအန္တြေမော်
- မွေးသက္ကရာဇ် ■ ၁၅.၉.၁၉၈၉
- လူမျိုး ■ ကရင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်အန္တြေဘုန်းကြီးပိုင်နယ်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ထာဝရဘုရားသည် "စ" ဖြစ်၏။ "ယ"လည်း ဖြစ်၏။ အဦးဆုံးသောသူ၊ နောက်ဆုံးသောသူလည်း ဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်သည့်အတွက် ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်း၍ အသက်ရှင်နေလျက်ပါ။



- အမည် ■ မသန်းသန်းန
- မွေးသက္ကရာဇ် ■ ၂၀.၂.၁၉၈၇
- လူမျိုး ■ ဗမာ
- ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘွဲ့ခံကသီဒြယ်
- သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
- ■ မထိုက်တန်သော်လည်း အမှုတော်ဆောင်ရန် ပြင်ဆင်ခွင့်ရတဲ့အတွက် ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။ ဆက်လက်၍လည်း အမှုတော်မြတ်မှာအသုံးပြုတော်မူပါ။



- အမည် ■ မရေဗက္ကာဂျီးတောင်
- မွေးသက္ကရာဇ် ■ ၁၈.၇.၁၉၈၉
- လူမျိုး ■ ကချင်
- ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီဒြယ်
- သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
- ■ မြိုးမြဲသော အသက်တာ . . ပိုင်ဆိုင်နိုင်ပါစေ . . .။



- အမည် ■ မိုင်မေမီနန်း
- မွေးသက္ကရာဇ် ■ ၁၄.၂.၁၉၉၀
- လူမျိုး ■ ချင်း(အရှို)
- ဘုန်းကြီးပိုင်နယ် ■ ရှင်မသီအသင်းတော်၊ ဥသျှစ်ပင်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ အရာရာတိုင်းမှာ "ဖြူစင်သော စိတ်ထား၊ ကျေးဇူးပြုတတ်သောသူ၊ ကြင်နာတတ်သောအပြုံး၊ နှိမ့်ချသောအသက်တာနှင့် အဖဘုရား၏အမှုတော်တွင် ပါဝင်ဆက်ကြလိုပါ၏။





# ရင်တွင်းစကား

## ဘာဝါယနှစ်

### ၂၀၁၂-၂၀၁၃



- အမည် ■ အိုင်းရင်းကျင်ယာနိမ်
- မွေးသက္ကရာဇ် ■ ၁၅.၁၀.၁၉၈၈
- လူမျိုး ■ ချင်း(ကူကီး)
- ဘုန်းကြီးပိုင်နယ် ■ မောနွေလအသင်းတော်၊ မိုဒွန်ဖိုင်
- သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
- ■ ဘုရားသခင်ပေးတဲ့ခွန်အားနဲ့ အမှုတော်ဆောင်ရန်အတွက် ပြင်ဆင်လျက်ပါ။



- အမည် ■ ရေချယ်စုစုဝင်း
- မွေးသက္ကရာဇ် ■ ၁၈.၆.၁၉၉၂
- လူမျိုး ■ ချင်း(ရှုမီး)
- ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော်၊ ပလက်ဝ
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ စိတ်ရှည်သည်းခံနိုင်သော စိတ်ဓာတ်ဖြင့် လူမျိုးတကာကို
- ■ စိတ်ရှည်သည်းခံနိုင်သော စိတ်ဓာတ်ဖြင့် ဘုရားသခင်ထံတော်၌ တောင်းခံလျက် . . .။ ကျေးဇူးပြုတတ်ရန်အတွက် ဘုရားသခင်ထံတော်၌ တောင်းခံလျက် . . .။



- အမည် ■ ဆလိုင်းပီတာသိန်းအောင်
- မွေးသက္ကရာဇ် ■ ၂၇.၇.၁၉၈၇
- လူမျိုး ■ ချင်း(ရှုမီး)
- ဘုန်းကြီးပိုင်နယ် ■ ရှင်မိကွေလအသင်းတော်
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ To give my best to the world, I'll never be afraid.



- အမည် ■ ဖရန်စစ်ဆလိုင်းမင်းကိုဝင်း
- မွေးသက္ကရာဇ် ■ ၂၄.၉.၁၉၈၇
- လူမျိုး ■ ချင်း(အရှို)
- ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုအသင်းတော်၊ ကြာအင်း
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ခရစ်တော်အလိုတော်ပြည့်စုံဖို့ရန် မထိုက်တန်သော်လည်း အသုံးပြုတဲ့အတွက်
- ■ ခရစ်တော်အလိုတော်ပြည့်စုံဖို့ရန် ကျေးဇူးတင်ပါ၏။ မထိုက်တန်သောကြားထဲမှ ဘုရား၊ရှင်အား ချီးမွမ်းလျက်ပါ . . .။

# ရင်တွင်းစကား ၂၀၁၂-၂၀၁၃

## တတိယနှစ်



- အမည် ■ ပေတရုလဆန်
- မွေးသက္ကရာဇ် ■ ၁၄.၂၀.၁၉၉၀
- လူမျိုး ■ ကချင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်မာကုအသင်းတော် ၊ ကားမိုင်း
- သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
- ■ အိုအဗ ကိုယ်တော်၏ အမှုတော်မြတ်ကို ထမ်းဆောင်နိုင်ရန် ပြင်ဆင်လျက်ရှိသော ကျွန်ုပ်၏အသက်တာကို အရာရာတိုင်း၌ သည်းခံခွင့်လွှတ်နိုင်သော ဝိညာဉ်ခွန်အားကို ပေးသနားတော်မူပါ။ မိမိကိုယ်ကိုငြင်းပယ်နိုင်ရန် အားယူ၍ ဆုတောင်းလျက်ပါ။



- အမည် ■ လုကာဝင်းကို
- မွေးသက္ကရာဇ် ■ ၁၆.၂.၁၉၉၂
- လူမျိုး ■ ချင်း(ရှူမီး)
- ဘုန်းကြီးပိုင်နယ် ■ မောနွေလအသင်းတော် ၊ အင်းစိုဝ
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ Let's our Joy be in the lord!

■ ■ ■ ■ ■ ■ ■

## စတုတ္ထနှစ်



- အမည် ■ ဝီလျံခေါင်သန်း
- မွေးသက္ကရာဇ် ■ ၄.၆.၁၉၈၈
- လူမျိုး ■ ချင်း(ရှူမီး)
- ဘုန်းကြီးပိုင်နယ် ■ ဗက်လင်ဘုန်းကြီးပိုင်နယ် ၊ လက်ပံကိုင်း
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ ဧေလိုရာစေ . . ။ အမှုတော်အတွက် ထမ်းဆောင်လျက် . . . ။





# ရင်တွင်းစကား ၂၀၁၂-၂၀၁၃

## စတုတ္ထနှစ်



- အမည် ■ စဂျိုးဇက်
- မွေးသက္ကရာဇ် ■ ၁၀.၃.၁၉၉၀
- လူမျိုး ■ ကရင်+ဗမာ
- ဘုန်းကြီးပိုင်နယ် ■ ရှင်အန္ဒြေအသင်းတော် ၊ ကျွန်းချောင်း
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ဘဝမှာ ကြီးမားတဲ့ရည်မှန်းချက်တစ်ခုက ရိုးရိုးလေးပဲ။ ယုံကြည်ရင်း ဇဝံဂေလိမှာ ဘုရားသခင်ရဲ့ ဘုန်းတော်ထင်ရှားဖို့ မေတ္တာတရားနဲ့ လုပ်ဆောင်ဖို့ပါ။



- အမည် ■ စောကျော်ထက်
- မွေးသက္ကရာဇ် ■ ၁၆.၅.၁၉၈၈
- လူမျိုး ■ ကရင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုအသင်းတော် ၊ ဘပိုင်း
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ သခင့်အမှုတော်အတွက် လုံလောက်သောခွန်အား ပေးတော်မူပါ။



- အမည် ■ ဆိုင်မွန်ဇော်ခွန်းနူ
- မွေးသက္ကရာဇ် ■ ၂၄.၉.၁၉၉၁
- လူမျိုး ■ ကချင်
- ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံကာသီဒြယ်
- သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
- ■ ယေရှု က “ သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏ (ရှင်ယောဟန် ၈း၃၁)



- အမည် ■ ခရစ္စတိုဖာဖွေးဘော
- မွေးသက္ကရာဇ် ■ ၁၂.၁.၁၉၈၈
- လူမျိုး ■ ချင်း(ရှူမီး)
- ဘုန်းကြီးပိုင်နယ် ■ ကာလ်ဝါရီဘုန်းကြီးပိုင်နယ် ၊ ကြပ်ချောင်းရွာ
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ မစိုးရိမ်နှင့်။ သင့်ကို ငါရွေးနှုတ်ပြီ။ ငါ့နာမဖြင့် မှည့်ပြီ။ သင့်ကို ငါဆိုင်၏။ (ဟေရှာယ ၄၃း၁)ဟူသော ကျမ်းစာတော်အားဖြင့် ခွန်အားယူလျက် . . . ။

# ရင်တွင်းစကား

## စတုတ္ထနှစ် ၂၀၁၂-၂၀၁၃



အမည် ■ ဆလိုင်းမာကုမျိုးကျော်လင်း
မွေးသက္ကရာဇ် ■ ၁၅.၁၁.၁၉၈၇
လူမျိုး ■ ချင်း(လေးမြို့)
ဘုန်းကြီးပိုင်နယ် ■ ရှင်လုကာဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ သခင်ဘုရား၏ အမှုတော်မြတ်၌၊ သခင်ဘုရား၏ ခွန်အားပေးမှုဖြင့် . . .။



အမည် ■ အိုက်ထွန်းနိမ်
မွေးသက္ကရာဇ် ■ ၂၁.၁၂.၁၉၈၈
လူမျိုး ■ ချင်း(ခူမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုအသင်းတော်၊ ဖရုံချောင်းဖျားရွာ)
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ စေရာသို့ ဘုရားသခင်၏ အမှုတော်ကို ဆောင်လျက် . . .။



အမည် ■ စောဗျွန်ကနေဒီ
မွေးသက္ကရာဇ် ■ ၂၇.၃.၁၉၈၇
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောတြိနတိဘုရားကျောင်း ၊ ပဲခူး
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ ကျေးဇူးတော်ဖြင့် ကြွယ်ဝသောအသက်တာ၌ အမှုတော်ဆောင်လျက် ရှိနေမည်။



အမည် ■ ဗျွန်ဘရန်အောင်
မွေးသက္ကရာဇ် ■ ၂၁.၃.၁၉၇၉
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုအသင်းတော် ၊ ကသာ
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
■ မကြာခင်ရောက်ရတော့မည့် သာသနာလယ်ကွင်းအတွက် မစောင့်နိုင်အောင်ဘဲ ကြိုတင် စိတ်လှုပ်ရှားနေမိတယ် . . .။





ရင်တွင်းစကား

စတုတ္ထနှစ် ၂၀၁၂-၂၀၁၃



အမည် ■ ဆလိုင်းမျိုးမင်းဦး
မွေးသက္ကရာဇ် ■ ၂၅.၁.၁၉၈၆
လူမျိုး ■ ချင်း(အရှို)
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုဘုန်းကြီးပိုင်နယ် ၊ ကြာအင်း
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ သခင့်အမှုတော်အတွက် ချိုးဖဲ့အသုံးတော်ခံရန် အဆင်သင့်ပါ . . .။



အမည် ■ စထက်အောင်သူ
မွေးသက္ကရာဇ် ■ ၉.၆.၁၉၉၁
လူမျိုး ■ ကရင်+ဗမာ
ဘုန်းကြီးပိုင်နယ် ■ ရှင်ဖိလိပ္ပုဘုန်းကြီးပိုင်နယ် ၊ တောကျောင်း
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ ဘုရားတန်ခိုးခွန်အားနဲ့ အများအကျိုးသယ်ပိုးအမှုတော်ဆောင်ရန် ပြင်ဆင်ဆက်ကပ်ချင်ပါသည် . . .။



အမည် ■ မအက်စတာ
မွေးသက္ကရာဇ် ■ ၂၈.၁၁.၁၉၈၈
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ တြိနတိအသင်းတော် ၊ ဆိတ်မှု
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ ကိုယ်တော်ထံ အသက်တာကို ဆက်ကပ်ပါ၏။ အဆုံးတိုင် အသုံးပြုပါ။

■■■■■■■

## သန့်ရှင်းသောကားတိုင်၊ ဓမ္မတက္ကသိုလ်၊ ဆရာ/မ ၊ ကျောင်းသူ/သားနှင့် ဝန်ထမ်းအင်အား

### အချိန်ပြည့် ဆရာ၊ ဆရာမများ

၁။ ဘုန်းတော်ကြီးပါမောက္ခဒေါက်တာစံမြတ်ရွှေ
၂။ ဘုန်းတော်ကြီးပါမောက္ခကင်နွန်ဒေါက်တာမာကုစောမောင်ဒို - ကျောင်းအုပ်ကြီး
၃။ ဘုန်းတော်ကြီးဒေါက်တာအန္တြူးမန်းဇော်လွင် - သင်ကြားရေးတာဝန်ခံ
၄။ ဘုန်းတော်ကြီးဒေါက်တာပေါလ်မြင့်ထက်ထင်ရ - ကထိက
၅။ ဆရာမဒေါ်ဆဂခေါန်တောင် - ကထိက
၆။ ဘုန်းတော်ကြီးစောဟီလရီမင်းမင်း - ကထိက
၇။ ဘုန်းတော်ကြီးဆလိုင်းဒါဝိဒ် - ကျောင်းသားရေးရာတာဝန်ခံ၊ လ/ထ ကထိ
၈။ ဆရာမနော်လွင်သီတာမြင့် - လက်ထောက်ကထိက
၉။ သင်းထောက်မိုးဇက်ကစိုထော - လက်ထောက်ကထိက
၁၀။ ဆရာရှမွေလစောခလေးစော - လက်ထောက်ကထိက
၁၁။ ဆရာစောကလိုထူးဝါး - နည်းပြဆရာ(စာကြည့်တိုက်)
- နည်းပြဆရာ(ကွန်ပျူတာ)

### အချိန်ပိုင်းဆရာ၊ ဆရာမများ

၁။ အနားယူသာသနာပိုင်ချုပ်ကြီး ဒေါက်တာရှမွေလမန်းစံစီဒွေး
၂။ ဘုန်းတော်ကြီးဒေါက်တာရှိမုန်ဘီဘင်ထူး
၃။ ဆရာမကြီးနော်ရှိုဘာမူးဗင်း
၄။ သိက္ခာတော်ရဆရာဦးကျော်ညွန့်
၅။ သိက္ခာတော်ရဆရာစမစ်ငူလ်ဇာထောင်း
၆။ သိက္ခာတော်ရဆရာစောဒိုးဒိုဝါး
၇။ ဘုန်းတော်ကြီးဝင်စတန်အောင်မျိုးထွန်း
၈။ ဆရာမချောစု
၉။ ဆရာကြီးဒေါက်တာဦးအောင်လှထွန်း(အထွေထွေအကျိုးဆောင်အချိန်ပြည့်)

### စာကြည့်တိုက်

၁။ ဘုန်းတော်ကြီးစောဂျွန်သက်လွင်
၂။ ဆရာမဒေါ်ဝေဝေမြင့် - စာကြည့်တိုက်မှူး
၃။ နော်မားစီစည်းစိမ်စိုး - ဒု-စာကြည့်တိုက်မှူး
- စာကြည့်တိုက်ဝန်ထမ်း

### အခြားဝန်ထမ်းများ

၁။ ဆရာမဒေါ်မာသ
၂။ နန့်ရီရီဝင်း - ရုံးစာရေး
၃။ ဦးစောမြတ်သင်း - စားဖိုဆောင်
၄။ ကိုနော်နော် - ပြုပြင်ထိန်းသိမ်းရေးတာဝန်ခံ၊ အချိန်ပြည့်ယာဉ်မောင်း
- အချိန်ပိုင်းယာဉ်မောင်း





၅။ နန့်သန္တာဝင်း - ရုံးအကူ (ယာယီဝန်ထမ်း)
၆။ နန့်ဆန်းဖောင်ဘွား - စာရင်းကိုင်အကူ (ယာယီဝန်ထမ်း)
၇။ ကိုဒေးဗစ် - ဥယျာဉ်မှူး (ယာယီဝန်ထမ်း)

### ကျောင်းသူ၊ ကျောင်းသားများစာရင်း (၂၀၁၂-၂၀၁၃)

| သာသနာပိုင်နယ် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ရန်ကုန် | ၁၇ | ၂ | ၁၉ |
| မန္တလေး | ၄ | ၂ | ၆ |
| တောင်ငူ | ၃ | - | ၃ |
| စစ်တွေ | ၁၂ | ၄ | ၁၆ |
| ဘားအံ | ၃ | - | ၃ |
| မြစ်ကြီးနား | ၆ | ၃ | ၉ |
| စုစုပေါင်း | ၄၅ | ၁၁ | ၅၆ |

### အတန်းအလိုက်ကျောင်းသူ၊ ကျောင်းသားများစာရင်း


| အတန်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ပထမနှစ် | ၁၂ | ၃ | ၁၅ |
| ဒုတိယနှစ် | ၁၃ | ၂ | ၁၅ |
| တတိယနှစ် | ၉ | ၅ | ၁၄ |
| စတုတ္ထနှစ် | ၁၁ | ၁ | ၁၂ |
| စုစုပေါင်း | ၄၅ | ၁၁ | ၅၆ |

### စဉ်ဆက်မပြတ်ဓမ္မပညာသင်ကြားရေးအစီအစဉ်မှ သင်တန်းသားများ

| စာသင်နှစ် | အမည် | သာသနာပိုင်နယ် |
|---|---|---|
| ၂၀၁၂-၂၀၁၃ | ဘုန်းတော်ကြီးသာဖံ | စစ်တွေ |
| ၂၀၁၂-၂၀၁၃ | ဘုန်းတော်ကြီးမင်းဇော် | စစ်တွေ |
| ၂၀၁၂-၂၀၁၃ | ဘုန်းတော်ကြီးထန်ခွဲ | စစ်တွေ |
| ၂၀၁၂-၂၀၁၃ | ဘုန်းတော်ကြီးအောင်ထန်း | စစ်တွေ |

### ဆရာ/မများ အဆင့်အချင်းမြှင့်တင်ရေး အစီအစဉ်

ဘုန်းတော်ကြီးစောဂရယ်ဂရီဝေမူး (M.Th, Moore College, Sydney)
ဆရာအိုက်ဇနောကာ (M.Div, Lutheran Theological Seminary College, Hong Kong)
ဆရာမနင်းနှင်းအေး (M.Th, Trinity Theological College, Singaproe)
ဆရာမနော်မြတ်ဆုမွန်(M.Th, Lutheran Theological Seminary College, Hong Kong)




# ခရစ်တော်၏ အသက်ရှင်သော အသက်တာ

ပါဒရီအက်စ်ထန်အုပ်

ယနေ့ခေတ်သည် ယခင်နှင့် မတူတော့သကဲ့သို့ လူ့စိတ်နေသဘောထားများလည်း ပြောင်းလဲကုန်
ပြီဟု ဆိုနိုင်ပါသည်။ ယနေ့ ကမ္ဘာအရပ်ရပ်ရှိ လူသားအများစုအတွက် ခရစ်ယာန်ဖြစ်ခြင်း အတွက်မဆိုထား
နှင့် သဘာဝတရားခံယူခြင်းသည်ပင် မလိုအပ်တော့ဟု အများစုက ခံယူလာကြသည်။ အရေးကြီးသည်မှာ
ကိုယ်တိုင်ကြုံစည်တီထွင်၊ တိုးတက်အောင်မြင်ရန်သည်သာ အဓိက ဖြစ်သည် . . .။ ဘာသာတရားသည်
အပေါ်ယံအတွက်လောက်သာ ခံစားကြတော့သည်။ လူ့ဘဝဖွံ့ဖြိုးတိုးတက်အောင်မြင်မှုမှာ အရေးကြီးသည်။
ထို့ကြောင့် ယနေ့အသင်းတော်များသည် ဘာသာရေးသက်သက် မဟုတ်တော့ဘဲ၊ လူ့အခွင့်အရေးနှင့်ဆိုင်
သောအစီစဉ်များ၊ လူသားများ၏ လုပ်ပိုင်ခွင့် ရပိုင်ခွင့်များကို ရှေ့တန်းတင် လုပ်ဆောင်လာကြသည်။ ထိုသို့
လုပ်ဆောင်နိုင်မှ ကူညီပံ့ပိုးနိုင်သူ၊ အားပေးဖေးမသူ ပေါ်လာမည် ဖြစ်သည်။ ထောက်ပံ့ကူညီသူ များများ
ရယူနိုင်မည်။ ဘာသာရေးသက်သက် လုပ်ဆောင်ခြင်းသည် လူသားများအကျိုးကို ဖြစ်စေသင့်သည့်
အတိုင်းအတာကို မပေးနိုင်ဟု ယူဆလာကြသကဲ့သို့၊ သူတစ်ပါး၏ လူ့အခွင့်အရေးကိုပါ အနည်းနှင့်အများ
ထိခိုက်စေသည်ဟု ယူဆလာကြသည် . . .။ ဘာသာပြောင်းစေခြင်း၊ မူရင်းယုံကြည်လက်ခံထားမှုများကို
စွန့်လွှတ်စေခြင်းများသည် သူတစ်ပါးအခွင့်အရေးကို ချိုးဖေါက်သကဲ့သို့ သတ်မှတ်လာကြသည်။
ယနေ့ ဘာသာရေးကို လိုက်စားလုပ်ဆောင်သူများ၊ ခရစ်တော်၏ ကောင်းမြတ်ခြင်းသတင်းကို
လူတိုင်းသိအောင်၊ စိတ်ဝင်စားကာ သက်ဝင်ယုံကြည်လာအောင် လုပ်ဆောင်သူများ ရှိသော်လည်း လူနည်းစု
အဖြစ်သာ တွေ့လာရတော့သည်။ ယခင်က ခရစ်ယာန်နိုင်ငံအဖြစ် ထင်ရှားကျော်ကြားခဲ့သော နိုင်ငံများသည်
ပင်လျှင် ဘာသာခြားများ၏ လွှမ်းမိုးမှုအောက်သို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ အမြတ်တနိုး ထားခဲ့ကြသော





ဘုရားကျောင်းတော်များသည်လည်း ဘာသာခြားများအတွက် အသုံးပြုမှု ခံလာရသကဲ့သို့၊ လောကပျော်ပါးမှုဆိုင်ရာနေရာဌာနများအဖြစ်သို့ အသုံးပြုလာကြတော့သည်။ ခရစ်ယာန်ဝတ်ပြုသူများ အားနည်း၍ ထိန်းသိမ်းစောင့်ရှောက်ရန် ငွေကြေးမတတ်နိုင်တော့သောအခါ စွန့်လွှတ်လိုက်ရတော့သည်။ အနောက်တိုင်းနိုင်ငံ အတော်များများသည် ယခင်က နိုင်ငံတကာသို့ ခရစ်ယာန် သာသနာတော်ပြန့်ပွါးအောင် ကိုယ်ကျိုးစွန့် အနစ်နာခံကာ သာသနာပြု-ခဲ့ကြသော တိုင်းပြည်များ ဖြစ်ကြသည်။

### သခင်ခရစ်တော်၏နေ့စဉ်အသက်တာ

ရှေးက ကဝိပညာရှိ နာမည်ကြီးသူတစ်ဦးဖြစ်ခဲ့သည့် ဧပိကျူးရပ်စ်၏ခံယူချက်မှာ "နာကျင်စေမည့်အရာများကိုသာ လုပ်ဆောင်ပါ" ဟု မိန့်ဆိုဖူးပါသည်။ ခရစ်တော်၏ လမ်းစဉ်နှင့် ဆန့်ကျင်သည့်သဘော တွေ့ရပါသည်။ ခရစ်တော်၏ လမ်းစဉ်သည်ကား အနစ်နာ ခံရမည်။ သူတစ်ပါးတစ်ဦးအတွက် ဦးစားပေး လုပ်ဆောင်ရမည်။ သူတစ်ပါးတိုးတက်ဖွံ့ဖြိုးအောင်မြင်ရန်ကို ရှေ့ရှုကာ အသက်ရှင်ရန် အစဉ်သဖြင့် သခင်ခရစ်တော် သွန်သင်ခဲ့လေသည်။ လောကီပညာရှင်များအတွေးနှင့် ကွာခြားမှုရှိပါသည်။ ခရစ်တော်နောက်လိုက်သောသူသည် မိမိကိုယ်ကို ငြင်းပယ်သောသူ ဖြစ်ရမည်။

ခရစ်ယာန်တစ်ဦး၏ စံထားသက်ရှင်ရမည့်အချက်မှာ အရှင်ခရစ်တော်ပင် ဖြစ်သည်။ သို့သော် ခရစ်ယာန်တိုင်း မလုပ်နိုင်ပါ။ သာသနာ့ခေါင်းဆောင်များသည်ပင်လျှင် မိမိလူမျိုး၊ မိမိမိသားစုကို ဦးစားပေး သက်ရှင်တတ်ကြသေးသည်။ လူ့ ဇာတိသဘောများလာသောအခါ ထိုကဲ့သို့သော သဘောတရားများ အင်အားကြီးလာကာ အသက်တာကို စိုးမိုးလွှမ်းမိုးတတ်စမြဲပင် ဖြစ်ပါသည် . .။ ခရစ်တော် နောက်တော်လိုက်ကာ ခရစ်တော်၏ သွန်သင်မှုများကို နေ့စဉ်ကြားနာနေကြသော တပည့်တော်များသည်ပင်လျှင် ခရစ်တော်၏ သွန်သင်ချက်ကို နားမလည်နိုင်ကြသကဲ့သို့ သွန်သင်တော်မူချက်နှင့် တက်တက်စင်လွဲအောင် သက်ရှင်ကြသေးသည်။

အရှင်ခရစ်တော်၏အသက်တာတွင် ခမည်းတော်၏ အလိုတော်ကို ပြီးပြည့်စုံအောင် လိုက်လျှောက်နိုင်ရန် အစဉ်ဦးထိပ်ထားလျက် အမှုတော်ကို မိမိ၏အသက်တာတွင် အစာရှောင်၊ ဆုတောင်းခြင်းမျိုး ပြုခဲ့ပါသည်။ တစ်ကြိမ်တစ်ခါတည်းဖြင့် ပြင်းထန်စွာကြိုးစားအားထုတ်ပြီး တစ်သက်စာအတွက် ဖူလုံအောင် လုပ်ဆောင်ခဲ့ခြင်း မဟုတ်ပါ။ နေ့စဉ်အသက်တာတွင် လုပ်ဆောင်နေရသော ဒေသနာတော်ဟောကြားခြင်း၊ ဆာလောင်သူများကို ကျွေးမွေးခြင်း၊ လူမမာများကိုကုသခြင်း၊ ဝမ်းနည်းသူများကို နှစ်သိမ့်အားပေးခြင်း၊ လူ့အသိုင်းအဝိုင်းမှ ပယ်ထားခံရသူများကို တန်းတူပေါင်းသင်းခြင်းများကို ပြုလုပ်သောအခါ မအားမလပ် ဖြစ်နေတတ်ပါသည်။ လူထုပရိတ်သတ်များမှလည်း ကိုယ်တော်ကို မျက်စိအောက်မှ အပျောက်မခံဖြစ်ကြပါ။ ထိုကဲ့သို့ အလုပ်များ အချိန်မပေးနိုင်သောအခါများတွင်ပင် အခွင့်အခါကောင်းများကိုစောင့်လျက် ခမည်းတော်နှင့် ဆက်သွယ်ရန် လူပရိတ်သတ်ကြားမှ ငြိမ်သက်သောအရပ်သို့ တစ်ပါးတည်း ထွက်ခွါတတ်လေ့ရှိသည်။ နံနက်စောစောလည်း ငြိမ်းချမ်းသောအရပ်များသို့ ထွက်ခွါသွားလေ့ရှိပါသည်။ ထိုသို့ ထွက်ခွါသွားသည့် အခါ-တိုင်း ခမည်းတော်ဘုရားနှင့် ဆက်သွယ် စကားပြောခြင်းကို ဆုတောင်းခြင်းဖြင့် ပြုလုပ်ပါသည်။ ထိုသို့သောအားဖြင့် မိမိကိုယ်ကို ပြန်လည်အားဖြည့်ပါသည်။ လုပ်ဆောင်ရမည့် အရာများအတွက် အကြံအဉာဏ် ရယူပါသည်။ နောက်ဆုံး လက်ဝါးကပ်တိုင်ပေါ် အသေသတ်ခံချိန်တိုင်အောင် ခမည်းတော်ထံ အဆက်မပြတ် ဆုတောင်းပဌာနာ ပြုခဲ့ပါသည်။

သခင်ယေရှုသည် မိမိဘဝ သက်သာ အောင်မြင်ခြင်းအတွက် မဟုတ်ဘဲ၊ လူသားများပြည့်စုံအောင် မြင်မှုရှိအောင် အစဉ်လုပ်ဆောင်ပေးခဲ့သည်။ အချိန်၏ သုံးပုံနှစ်ပုံမကသောအချိန်ကို လူသားများအတွက် အသုံးပြု သက်ရှင်ခဲ့သည်။ အလိုရှိသူများ လာရောက်ပင့်ခေါ်တိုင်း အချိန်မပေးနိုင်၊ မအားသေးဟု ဆင်ခြင်ပေးသည်ကို မတွေ့ရပါ . .။ လူတိုင်းကို အယုတ်အလတ်၊ အမြတ်ဟူ၍လည်း ခွဲခြားဆက်ဆံခြင်း မတွေ့ရပါ။

လူ့လောကကို ကြွလာခြင်းသည် “အသက်ကိုရစေ ကြွယ်ဝစေခြင်းငှာ” (ယောဟန် ၁၀:၁၁) ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့လုပ် ဆောင်ရခြင်းသည်လည်း ခမည်းတော်၏ အလိုတော် ပြည့်စုံစေရန်ပင် ဖြစ်သည်။ ခမည်းတော်၏ အလိုတော်ပြည့်စုံစေရန် အသက်တာတစ်ခုလုံးကို ပေးဆပ်အသုံးခံခဲ့သည်။ ပျော်စရာကောင်း၍၊ စည်းစိမ် ချမ်းသာနှင့်ပြည့်သဖြင့် မဟုတ်ပါ။ ခမည်းတော် အလိုကိုဆောင်ရွက်သောအခါ ခမည်းတော်အလိုနှင့် ဆန့်ကျင်ဘက်အရာများက အစဉ်တိုက်ခိုက်သဖြင့် ပင်ပန်းနေမည်။ သို့သော် အလိုတော်နှင့် တရားတော်ကို နေ့ညဉ့်မပြတ်ဆင်ခြင်သောကြောင့် မြစ်နားတွင်စိုက်ထားသောအပင်နှင့်တူသဖြင့် အရွက်မညှိုးနွမ်းဘဲ ကြံ့တိုင်းအောင်၊ ဆောင်တိုင်း မြောက်ခဲ့သည်။

သခင်ယေရှုအတွက် အသက်တာတွင် ဦးစားပေးလုပ်ဆောင်ရသည့် လုပ်ငန်းများတွင် ပထမ- ခမည်းတော်၏အလိုတော်ပြည့်စုံရန်။ ဒုတိယ- ခမည်းတော်၏အလိုတော် ပြည့်စုံရန်။ တတိယ- ခမည်းတော်၏ အလိုတော်ပြည့်စုံရန် ဟူ၍ ဖြစ်သည်။ ထို့ကြောင့် မြေခွေးများမှာ တွင်း၊ လေသတ္တဝါများမှာ အသိုက်ရှိသော်လည်း လူသားတွင် ခေါင်းချစရာနေရာမရှိ ဖြစ်ခဲ့သည်။

**ကနဦးခရစ်ယာန်များအသက်တာ**

ခရစ်တော်ကို စံထားအသက်ရှင်သူများကြောင့် ယနေ့ ခရစ်ယာန်များ ကမ္ဘာအနှံ့ ပြန့်ပွားခြင်းဖြစ်သည်။ ထိုသို့ စံထားသက်ရှင်ကြသောအခါ၊ နေ့စဉ် အသက်တာတွင် ပြောဆိုနေရသော စကားများ၌ ယခင်ယေရှုအကြောင်း မပြောလျှင် မပြီးနိုင်လောက်အောင်ခံစားနေကြရသည်။ သတင်းကောင်းဟောပြောခြင်းကင်းသော အသက်တာကို ဟင်းထဲတွင် ဆားမပါဘဲ စားနေရသကဲ့သို့ ခံစားနေကြရသည်။ ထို့ကြောင့် သခင်ယေရှုအကြောင်း သက်သေခံနေ၍ အသတ်ခံနေကြရလျှင် မြတ်သောအသက်တာအဖြစ် ခံယူ သဘောထားကြသည်။ သခင်ယေရှုအကြောင်းသက်သေခံခြင်းသည် အသက်ထက်ပင် အရေးကြီးသည်ဟု နားလည် သဘောထားကြသည်။

သူတို့၏သိရှိနားလည်မှုများသည် ဦးနှောက်ထဲမှ စဉ်းစားတွေးတောနေရုံမဟုတ်ဘဲ၊ နှလုံးသားမှလည်း နက်ရှိုင်းစွာ ခံစားနားလည်သည်သာမက၊ အသွေးသားထဲတွင် စီးဆင်းနေရကာ၊ မိမိတို့၏ နေ့စဉ်အသက်တာ၊ ပြုမူဆောင်ရွက်ခြင်းတို့သည် သခင်ယေရှုအားသိရှိခြင်းနှင့် သီးခြားထားစဉ်းစား၍ မရနိုင်တော့လောက်အောင် ခံစားကြသည်။ ရှင်ပေါလုက မိမိကိုယ်တိုင် အတွေ့အကြုံအရ ခရစ်ယာန်များကို သခင်ယေရှု၏ ကိုယ်ခန္ဓာတော်နှင့်မခြား ဖြစ်နေကြောင်းကို တွေ့မြင်ခံစားခဲ့သည်။ သူ့အနေဖြင့် ခရစ်ယာန်များဖမ်းဆီးထောင်ချလိုက်လျှင် ပပျောက်သွားမည်ဟု သူထင်ခဲ့သည်။ သို့သော် ဒမသက်မြို့အသွားတွင် ပြောင်းလဲမှုရသောအခါ ခရစ်ယာန်များသည် သခင်ယေရှု၏ ကိုယ်ခန္ဓာပင်ဖြစ်ကြောင်း နားလည်လာခဲ့သည်။ ထို့ကြောင့် ခရစ်ယာန်များ အဖွဲ့အစည်းကို ခရစ်တော်၏ ကိုယ်အင်္ဂါအစိတ် အပိုင်းများဟု တင်စားခေါ်ဆိုခဲ့သည်။(၁ ကော ၆း ၁၉၊ ၁၂:၂၇၊ ဧဖက် ၁:၂၃)။

သခင်ယေရှုနှင့် သူ့ကို ယုံကြည်သူများကို သီးသန့်ခွဲခြား၍ မရပါ။ ထို့ကြောင့်တမန်တော်များ သခင်ယေရှုအကြောင်း သက်သေခံကြသည်ကို ဟန့်တား၊ ဖမ်းဆီး၊ ချုပ်နှောင်၊ ရိုက်နှက်ကြသောအခါ တမန်တော်များအနေဖြင့် နာမတော်ကြောင့် အသရေပျက်ခြင်း ခံခွင့်ရသည့်အတွက် ရွှင်လန်းလျက် လွှတ်တော်မှ ထွက်သွားကြကြောင်း တွေ့ရသည်။ တမန်တော်များနှင့် ကနဦးခရစ်ယာန်များအတွက် သခင်ယေရှုကို ယုံကြည်ခံယူခြင်းသည် အသက်၊ ဘဝဟု ခံယူနားလည်ကြသည် . . .။ လက် မလွှတ်မိအောင်၊ ဝေးကွာ မသွားရအောင် အစဉ်တန်ဖိုးထားစောင့်ထိန်းခဲ့ကြသည်။ တန်ဖိုးထားခြင်းသည် တစ်နေရာတွင် လုံအောင်ပိတ်သိမ်းထားခြင်း မဟုတ်ဘဲ၊ မိမိတန်ဖိုးထားသောအရာကို သူတပါးလည်း တန်ဖိုးထားနားလည်အောင် အစဉ်ဝေမျှခဲ့ကြခြင်းဖြင့် လူတိုင်း ကြားသိအောင် လုပ်ဆောင်ခဲ့ကြသည်။ ပိတ်ပင်တားဆီးသည့်ကြားတွင်ပင် ရသည့်အခွင့် အရေးကို လက်လွှတ်မခံဘဲ ဟောပြော ဝေမျှခဲ့ကြသည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာသည် အခက်ခဲဆုံး အချိန်





တွင် ပို၍ တောမီးကဲ့သို့ ပျံ့နှံ့ခဲ့သည်။ သူတို့၏ ဖွဲ့နပဲနှင့် ကြိုးစားသက်ရှင်မှု၊ အပြန်အလှန်ဂရုစိုက် ကူညီမစမှုတို့သည် ပတ်ဝန်းကျင်အတွက် အလင်း ဖြစ်စေသည် . . ။ ပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲစေနိုင်သည့် ဆားကဲ့သို့သောသူများ ဖြစ်ကြသည်။

ကနဦးခရစ်ယာန်များသည် အေးအတူပူအမျှ သက်ရှင်ခဲ့ကြသည်။ စားဝတ်နေရေးအခက်ခဲရှိသူများကို တတ်နိုင်သည့်အဖွဲ့အစည်းမှ စုဆောင်းကူညီလေ့ရှိကြသည်။ တစ်ဘက်တွင်ခရစ်ယာန် ဖြစ်သောကြောင့် အသက်တာအတွက် အခက်အခဲရှိကြသည်။ သို့သော် အဆင်မပြေအခက်အခဲကြုံ နေကြသူများ၏ သတင်းကိုကြားသိသောအခါ မိမိတို့အရေးကိုမမှု မေ့ထားလျက် ဆင်းရဲဒုက္ခရောက် နေသူများကို သခင်ယေရှုပုံဥပမာနှင့် အမြဲခိုင်းနှိုင်းဟောပြောလေ့ရှိသည်။ ခရစ်တော်ကို ယုံကြည်သူများမှာ ခရစ်တော်သွန်သင်သည့်အတိုင်း မိမိအတွက်ထက် အများအတွက်အစဉ် ဦးစားပေးအသက်ရှင်ခဲ့ကြသည်။

ရှင်မဿဲ ၂၅:၁၅ တွင် ကျွန်ပိုင်ရှင်သည် ကျွန်များ၏ အရည်အချင်းသိလိုသဖြင့် ရွှေချိန် ငါးပိဿာတစ်ဦး၊ နှစ်ပိဿာတစ်ဦး၊ တစ်ပိဿာတစ်ဦး ပေး ခဲ့သည့် ပုံဥပမာကိုလည်း ဟောပြောမိန့် တော်မူခဲ့ပါသည် ။ ငါးပိဿာရသူနှင့် နှစ်ပိဿာရသူတို့သည် မိမိတို့ရရှိထားသောရွှေကို တန်ဖိုးထားကြသကဲ့သို့ အရင်းအတိုင်းရှိမနေစေဘဲ တိုးပွါးများပြားအောင် လုပ်ဆောင်ကြသဖြင့် အတိုးနှစ်ဆစီ ရရှိထားကြသည်။ တစ်ပိဿာရရှိထားသူ၏ တန်ဖိုးထားသည့် အခြေအနေမှာ ထိုသို့မဟုတ်ဘဲ မပျောက်မပျက်အောင် လုံခြုံစွာ ထိန်းသိမ်းထားခဲ့သည်။ ယနေ့ ခရစ်တော်ကို ယုံကြည်ကိုးစားသူများအနေဖြင့် ရွှေချိန်ငါးပိဿာ ရထားသူနှင့် နှစ်ပိဿာရထားသူများကဲ့သို့ ခံယူသက်ရှင်ကြစေရန် အလိုတော်ရှိသည်။

မိမိတန်ဖိုးထားသောအရာ အထူးသဖြင့် ယုံကြည်အားကိုးမှုသည် လျော့ကျ ပျောက်ကွယ်သွားခြင်းထက် တိုးပွါးတောက်ပြောက်အောင် လုပ်ဆောင်ကြရန် အရေးကြီးပါသည် . .။ ဤကဲ့သို့ဖြစ်လာရန်မှာ သခင်ယေရှုကို စံထားကာ မိမိအရေးထက် သခင်ယေရှု၏ ကောင်းမြတ်ခြင်းသတင်းကောင်း ကျယ်ပြန့်အောင် အလေးထား လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ဗတ္တိဇံမင်္ဂလာတည်းဟူသော ရေနှင့်ဆေးကြောခြင်း မင်္ဂလာခံယူပြီး သခင်ယေရှုကို မိမိ၏အရှင်သခင်အဖြစ် ယုံကြည်လက်ခံပြီးသောအခါ ဘုရားသခင်၏ သားသမီး၊ ကောင်းကင်နိုင်ငံတော်အမွေစားအမွေခံ၊ ခရစ်တော်၏ ကိုယ်အင်္ဂါအဖြစ်သို့ ရောက်ရှိကြမည် ဖြစ်ပါသည်။ ထို့ကြောင့် ရှင်ပေါလုက မိမိကိုယ်ကို မပိုင်တော့ကြောင်း ယုံကြည်နားလည်သဖြင့်၊ “ငါအသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။ သေသည့်အရာမှာ အမြတ်အစွန်းဖြစ်၏” (ဖိလိပ္ပိ ၁း ၂၁) ဟူ၍လည်းကောင်း၊ “ခရစ်တော်နှင့်အတူ ကားတင်ခံ ပြီးလျက် ကိုယ်တိုင်အသက်မရှင်တော့မည်မဟုတ် ငါ၌ခရစ်တော်ရှင်နေတော်မူ၏” (ဂလာတိ ၂:၂၀) ဟူ၍လည်းကောင်း၊ လုပ်ဆောင်အောင်မြင်သမျှ သောအရာအတွက်လည်း မိမိအစွမ်းအစ မဟုတ်တော့ဘဲ “ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော အရှင်၌ ငါသည် အရာခပ်သိမ်းကို စွမ်းဆောင်နိုင်၏” ဖိလိပ္ပိ ၄း၁၃)ဟု ကြွေးကြော်ခဲ့သည်။ ဤခံယူချက်သည် ခရစ်တော်ကို ယုံကြည်ဝန်ခံသူများအတွက် နမူနာပင် ဖြစ်သည်။

ခရစ်တော်၌ အသက်ရှင်ခြင်းသည် မိမိလုပ်ချင်မှလုပ်ရမည်မျိုး မဟုတ်တော့ဘဲ ခရစ်တော်ကို ယုံကြည်သူအဖြစ်ခံယူလျှင် မဖြစ်မနေခရစ်တော်၏ လုပ်ငန်းကို လုပ်ဆောင်ရမည် ဖြစ်သည်။ သခင်ယေရှုကို စံထားသည်သာမက၊ ရှင်ပေါလုခံယူချက်အတိုင်းခံယူနားလည်ပါက၊ သခင်ယေရှုကဲ့သို့ အချိန်နာရီတိုင်း အလိုတော်အတွက် တွေးတောလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက် နေကြရသောကြောင့် မှန်ကန်သော အောင်မြင်ခြင်းကို ရရှိနိုင်ရန် နှုတ်ကပတ်တော်ကို ရွတ်ဖတ်လျက် လမ်းညွှန်မှုရယူသကဲ့သို့၊ ဆုတောင်းပဌနာပြုခြင်းဖြင့် ဘုရားသခင်နှင့် ဆက်သွယ်ကာ ခွန်အားဖြည့် ရယူသက်ရှင်ရန် လိုအပ်ပါသည်။


ပါဒရီအက်စ်ထန်အုပ်

ကျမ်းစာကျောင်းမှာတော့ မြိုးခြံခြင်းလို့ ဘာသာပြန်ထားပါတယ်။ ဆင်းရဲခံခြင်း၊ ဒုက္ခကိုခံယူခြင်းလို့ အနက်ဖွင့်ရင် ရနိုင်မလား စဉ်းစားမိပါတယ်။ ပစ္စည်းအနည်းငယ်သာပိုင်ဆိုင်ခြင်းဟု အဘိဓါန်မှာ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ ဤပါရမီမျိုးသည် စိတ်အတွင်းအားနှင့် များစွာသက်ဆိုင်ပါတယ် . . . ။

လောကီရေးရာမှာတော့ တောင်းဆိုချက်တွေ၊ လိုချင်တာတွေ၊ လုပ်ချင်တာတွေ မဆုံးနိုင်မရေတွက်နိုင်အောင် များပြားပါတယ် . . . . ။ ဆင်းရဲခြင်းဆိုတာ ငွေကြေးတစ်ခုထဲမကပါ။ မိမိ၏စိတ်အလိုဆန္ဒကိုလည်း များများ မလိုက်မိအောင်၊ အလိုဆန္ဒနည်းပါးအောင် လေ့ကျင့်ယူခြင်းလည်း ဖြစ်နိုင်ပါတယ် . . ။ မိမိမှာ ကောင်းကောင်းနေနိုင်စားနိုင်၊ ဝတ်နိုင်

ဘုန်းတော်ကြီးဒေါက်တာအင်ဒရူးမန်းဇော်လွင်

# POVERTY
# ဆင်းရဲခြင်း







သောအနေအထား ရှိလျက်နှင့်ပင် တခြားသော အခြေအနေမရှိသောသူများနည်းတူ၊ တနည်းအားဖြင့် တမင်သက်သက် မိမိကိုမိမိ ချိုးနှိမ်၍ လေ့ကျင့်ယူခြင်းမျိုး ဖြစ်ပါတယ်။ အခွင့်အရေးရှိနေပေမဲ့ တခြားသူများ နည်းတူပဲ၊ ရောင့်ရဲတင်းတိမ်စွာ နေထိုင်တတ်အောင် ကြိုးစားပြီး လေ့ကျင့်ခြင်းမျိုး ဖြစ်ပါတယ်။ စိတ်အလိုကတော့ အကောင်းစားချင်၊ ဝတ်ချင်၊ နေချင်ပေမယ့် ကိုယ့်လိုမျိုး အခွင့်အရေးအနေအထားမရှိသူတွေကိုကြည့်ပြီး၊ မြိုးခြံတဲ့စိတ်၊ ချုပ်တည်းတဲ့စိတ်ကို ကြိုးစားမွေးမြူခြင်းမျိုး ဖြစ်ပါတယ်။

ရောင့်ရဲတင်းတိမ်ခြင်း ရှိရန် လေ့ကျင့်ခြင်းလည်း ဖြစ်ပါတယ်။ စိတ်တွင် ဖြစ်ပေါ်ခံစားနေသောအနေအထားကိုလိုက်၍ ကိုယ်ခန္ဓာကလိုက်၍ လုပ်ဆောင်နေပါတယ်။ မိမိစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်နိုင်ရင် များစွာ ငြိမ်းချမ်းမယ်။ စိတ်မထိန်းနိုင်ရင် မလုပ်သင့်တာတွေကို လုပ်မိလို့ မဖြစ်သင့် တာတွေဖြစ်နိုင်တယ်။ ဒါကြောင့် ခရစ်တော်က သင်တို့ဘဏ္ဍာရှိရာအရပ်မှာ သင်တို့စိတ်ရောက် လိမ့်မယ်လို့ ပြောပါတယ်။(မဿဲ ၆း၁၉-၂၀)။ ကျွန်ုပ်တို့ရဲ့ စိတ်တွေဟာ အစွဲအလန်း၊ လိုအင်ဆန္ဒတွေ သိပ်များနေရင်၊ တနည်းအားဖြင့် စွဲလန်းမှုတွေ လိုချင်တာတွေ များနေရင် ထိုအရာတွေဆီမှာပဲ စိတ်က ရောက်နေမယ် . . ။ လောကီအရာများမှာပဲ အချိန်ကုန်နေရင်၊ လောကုတ္တရာအရေးများမှာ အချိန်မပေးနိုင်တော့ပဲ အားနည်းသွားနိုင်ပါတယ်။

လောကီရေးရာ နှင့် လောကုတ္တရာရေးရာတို့ကြားတွင် ချိန်ခွင်လျှာညှိနိုင်ရမှာ ဖြစ်တယ် . . . ။ လောကုတ္တရာမှာ အလေးသာနေသူများ လွန်စွာနည်းပါးနေပါတယ်။ သို့အတွက်ကြောင့် မြိုးခြံခြင်း၊ တနည်းအားဖြင့် ဆင်းရဲခံခြင်း၊ ချုပ်တည်းခြင်း အမှုများကို လေးနက်စွာ ကျင့်ကြံအားထုတ်ရန် လိုအပ်ပါတယ်။

ချမ်းသာသော တိုင်းပြည်များတွင် များများရှိလေကောင်းလေဆိုသော အယူအဆရှိတယ်။ သို့သော် ပစ္စည်းဥစ္စာရှိခြင်းဟာ မိမိစိတ်နှလုံးနဲ့ နေ့စဉ်အသက်ရှင်မှု၊ မိသားစု အသက်တာကို ဘယ်လောက် ငြိမ်းချမ်းမှုပေးနိုင်ပါသလဲဆိုတာ ဆန်းစစ်ကြည့်ရန် လိုပါတယ်။ အမှန်ပဲ စိတ်နှလုံးငြိမ်းချမ်းခြင်းကို ပစ္စည်းဥစ္စာများပြားစွာရှိနေခြင်း၊ တန်ခိုးအာဏာရှိခြင်း၊ ပညာတတ်မြောက်ခြင်း စသောအရာများက ကျေနပ်လောက်အောင် ဖြည့်ဆည်းပေးနိုင်လားဆိုတာ ဆန်းစစ်ကြည့်ပါ။

ဤသဘောတရားများ၊ ခံယူလေ့ကျင့်မှုများဟာ ကျမ်းစာကျောင်းတက်နေသူများ၊ အမှုတော်ဆောင်များကသာ လေ့ကျင့်ခံယူရမည်မဟုတ်ပေ။ ခရစ်တော်ကို ယုံကြည်သူတိုင်း၊ အသင်းသူ အသင်းသားတိုင်းအတွက်လည်း ဖြစ်တယ်။ လောကလူတွေသတ်မှတ်ခံယူထားသော စံချိန်စံညွှန်းများနဲ့ ဆန့်ကျင်ဘက်ဖြစ်နေ၍လည်း များစွာခက်ခဲသော ပါရမီဖြစ်ပါတယ်။ များများရှိလေ ကောင်းလေလို့ခံယူနေသောလောကထဲတွင် နည်းနည်းရှိခြင်းက ပို၍ကောင်းသော အနေအထားကို ခံယူရမှာဖြစ်လို့ ဒါဟာ စိန်ခေါ်မှုကြီးတစ်ခု ဖြစ်တယ်။ ဒီလိုမိမိကို မိမိလေကျင့်ခြင်းဟာ နာတယ်လို့ အစမှာခံစားရပေမယ်။ ဒါပေမယ့် အဆုံးမှာ ဒီလိုအားထုတ်ခြင်းရဲ့ ချိုမြိန်သောအသီးကို စားရမှာဖြစ်ပါတယ်။ (ဟေဗြဲ ၁၂း၁၀-၁၂)

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ပြိုင်ဆိုင်မှုများ၊ တပ်မက်စွဲလမ်းမှုများနှင့် လူအချို့တို့၊ မျက်နှာများ၊ အပြောအဆိုများတွင်၊ စိတ်မငြိမ်းချမ်းစွာ များစွာ တွေ့မြင်ရပါတယ်။ တချိန်လုံး အလုပ်တွေရှုပ်နေတယ်။ မိသားစုများကို အချိန်မပေးနိုင်ဘူး၊ မိတ်ဆွေသူငယ်ချင်းများနှင့် အသင်းတော်မှ လူများနှင့်ပါ အဆက်ပြတ်နေသောသူများလည်း ရှိပါသည်။ တစ်နေ့စာ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရ၍ မအားလပ်သူများ၊ အဆက်ပြတ် သူများရှိသလို၊ လောဘကို အတောမသတ်နိုင်၍၊ လောကနောက်ကို လိုက်နေသူများလည်း များစွာရှိနေပါတယ်။

မိမိကို ဘုရားသခင်ပေးထားသော ကောင်းချီးမင်္ဂလာများကိုသာ ရေတွက်ရင်းနဲ့ ရိုးစင်းသောအသက်တာအတိုင်းသာ အသက်ရှင်မယ်ဆိုရင် စိတ်နှလုံး ငြိမ်သက်ခြင်းများစွာ ရမယ်။ မိသားစုဘဝတွေသာယာမယ်။ လူမှုပါတ်ဝန်းကျင်မှာ ငြိမ်းချမ်းရေးကို

ပေးနိုင်မယ်။ အသင်းတော်မှာ၊ ကမ္ဘာလောကကြီးထဲမှာ ဘုရားသခင်ရဲ့ နိုင်ငံတော်လို့ခေါ်တဲ့ ကောင်းကင်နိုင်ငံ၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းသော၊ မေတ္တာတရားလွှမ်းမိုးသောနိုင်ငံကို တည်ထောင်နိုင်မည်ဖြစ်တယ်။

အသက်တာမှာ ပို၍အရေးကြီးတဲ့ အရာများကို အာရုံပြုလုပ်ဆောင်နိုင်ရန်၊ မိမိအသက်တာမှာ ရှုပ်ထွေးနေတဲ့ စွဲလမ်းမှုများ၊ လိုချင်တပ်မက်မှုများကို လျှော့ချနိုင်သမျှလျှော့ချရန် လိုပါတယ်။ ရိုးရှင်းစွာ အသက်ရှင်နေထိုင်ခြင်းဟာ မိမိဖက်တွယ်ထားသောအရာများကို တဖြည်းဖြည်းချင်း လျှော့ချနိုင်ရန် တွန်းအားပေးပါတယ်။ မိမိအားလိုချင်တပ်မက်မှုကို လျှော့ချစေနိုင်တယ်။ စွဲလန်းမှုများကို ပြေလျှော့စေနိုင်တယ်။ တပါးသူအားလည်း ရက်ရောစွာပေးကမ်းခြင်းကို အားပေးတယ်။ စိတ်လက်ပေါ့ပါးလန်းဆန်းစေ၍ အနှောင်အဖွဲ့၊ အချုပ်အနှောင်ကင်းပြီး လွတ်လပ်ခြင်းသို့ ပို့ဆောင်ပေးနိုင်ပါတယ်။

ယခုခေတ်ကာလသည် ရှုပ်ထွေးပါတယ်။ အသစ်အဆန်းများ တစ်ခုပြီးတစ်ခု ပေါ်လာပါတယ်။ ပြဿနာများလည်း တစ်ခုပြီးတစ်ခုတိုးလာ နေပါတယ်။ ရှုပ်ထွေးမှုများ၊ အသစ်သောအရာများကို သတိနှင့် စစ်ဆေးကြည့်ရမယ်၊ သို့မဟုတ်ပါက ကျွန်ုပ်တို့အသက်တာထဲမှာ ကောင်းကျိုးထက်၊ အဆိပ်အတောက်များ ထည့်သွင်းသလို ဖြစ်သွားနိုင်ပါတယ်။ ရိုးရှင်းသော အသက်တာနှင့် နေထိုင်သွားရန်မှာ ကျွန်ုပ်တို့ရွေးချယ်ရမည့်အရာ ဖြစ်တယ်။ မိမိရွေးချယ်မှု၏ အကျိုးရလာဒ်ကို မိမိသာခံစားရမယ်။ ရိုးရှင်းစွာ အသက်ရှင်ခြင်းဖြင့် ကျွန်ုပ်တို့အသက်တာတွင် အချိန်ပိုရလာမယ်။ နေရာပိုရှိလာမယ်။ ကမ္ဘာမြေ၏ အရင်းအမြစ်များကိုလည်း စနစ်တကျ သုံးစွဲတတ်လာမယ်။ တန်ဖိုးထားတတ်လာမယ်။ လေးစားသမှု ရှိလာမယ်။ ထိန်းသိမ်းစောင့်ရှောက်လာနိုင်မယ်။

အသက်တာ နောက်ဆုံးအချိန်နှင့် ရင့်ကျက်ခြင်းအတွက်လည်း ရိုးရှင်းစွာနေထိုင်ခြင်းကို လေ့ကျင့်ပေးပါတယ် . . . ။ ကျွန်ုပ်တို့ဟာ အနေးနှင့်အမြန်ဆိုသလို တစ်ချိန်ချိန်မှာ လက်လွှတ်ရမည့် အရာများ၊ ဆုံးရှုံးရမည့် အခြေအနေများ ပေါ်ပေါက်လာစမြဲဖြစ်တယ်။ လူဆိုသည်မှာ အတိုင်းအတာတစ်ခုအထိသာ စွမ်းဆောင်၊ ထိန်းချုပ်နိုင်သူ ဖြစ်တယ်။ မည်သည့်အရာမျှ တည်မြဲခြင်း မရှိပါ။ အကန့်အသတ်ဘောင်အတွင်းမှာ အသက်ရှင် လျှောက်လှမ်းနေရတဲ့ ကျွန်တို့လူသားများအတွက် ချိုးခြံချွေတာခြင်း၊ အဆင်းရဲခံခြင်း၊ ဒုက္ခကိုခံယူခြင်းဆိုတဲ့ ပါရမီဆုကျေးဇူးများကို ကြိုးစား၍ လိုက်လျှောက်ပါ။ ထိုအသက်တာမျိုးဟာ အနာဂတ်အတွက် ပြင်ဆင်ပေးသလို ပစ္စုပ္ပန်အတွက်လည်း ငြိမ်သက်ချမ်းသာခြင်းနှင့် လွတ်မြောက်ခြင်းကို ပေးစွမ်းနိုင်ပါတယ်။

ဘုန်းတော်ကြီးဒေါက်တာအင်ဒရူးမန်းဇော်လွင်
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

■■■■■■■

## ခြင်နိုင်ဆေး
(ဟာသ)

ရွာတစ်ရွာတွင် တာဝန်ကျသော ဓမ္မဆရာဖိုးသောကြာသည် အသင်းသားအိမ်တစ်အိမ်မှ ဆုတောင်းအပြန်တွင် လမ်းတစ်နေရာ၌ ခြင်ဆေးခွေကို အညွှန်းအတိုင်းအသုံးပြုပါ.. အလွန်ကောင်းကြောင်း၊ ဘေးကင်းကြောင်းပြော၍ ရောင်းနေသူထံမှ ခြင်ဆေးခွေတစ်ထုပ် ဝယ်လာ၍ ညရောက်သောအခါ ခြင်ဆေးခွေထွန်းပြီး ကျမ်းစာဖတ်မည်ဟု ခြင်ဆေးခွေထုတ်ကို ဖွင့်လိုက်သောအခါ စာရွက်တစ်ရွက်ထွက်ကျလာသည်။ "မှတ်ချက် - ခြင်ထောင် ထောင်၍ အိပ်ရန်"

ဖိုင်း(ရိပ်သာ)








# ယုံကြည်ခြင်း၏ စွမ်းအား

စောကပေါ်စိုး(ပထမနှစ်)

ရှေးစွာ ရှာလုပ်စာစောင်မှတဆင့် သက်သေခံခွင့်ပေးတော်မူသော မွေးဖွားချိန်မှစ၍ အခုအချိန်အထိ အသက်ရှင်ခွင့်ပေးတော်မူသော ဘုရားသခင်ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါတယ်။

ဘုရားသခင်ဟာ ကျွန်တော့်ဆုတောင်းသံကို နားညောင်းတော်မူခဲ့ပါတယ်။ ကျွန်တော်သက်သေခံဝေမျှလိုတဲ့ အဖြစ်အပျက်တစ်ခုကတော့ . . . .

ကျွန်တော်ဘဝမှာ အရေးကြီးဆုံးသော မျှော်လင့်ချက်အိမ်မက် ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပထမနှစ်ဝက်စာမေးပွဲဖြေတဲ့အချိန်မှာ ကျွန်တော်ဟာ ခေါင်းကိုက်ပြီး မျက်လုံး အရမ်းနာကျင်တာကို ခံစားခဲ့ရပါတယ်။ စာကို ကောင်းကောင်းမကျက်ရဘဲနဲ့ စာမေးပွဲဖြေခဲ့ရပါတယ်။ စာမေးပွဲကို (၃)ဘာသာဖြေပြီးနောက် ကျွန်တော်ရဲ့မျက်လုံးဟာပိုပြီး နာလာတယ်လို့ ခံစားခဲ့ရပါတယ်။ မျက်စိဖွင့်ရင်လည်းနာ၊ ခေါင်းကိုဟိုဘက်လှည့်ရင်လည်းနာနဲ့ မျက်လုံးနာတာက ဘယ်လိုမှ အဆင်မပြေဘူး ဖြစ်နေတယ် . . . ။ စာတွေ ဘယ်လောက်ရသည်ဖြစ်စေ မျက်လုံးမဖွင့်နိုင်တော့ စာမေးပွဲခန်းထဲ ဘာသွားလုပ်တော့မှာလည်းဗျာ။ မျက်မမြင်စာလည်းမတတ်၊ တတ်ရင်တောင်ဆရာက ဖတ်တတ်အုံးကိုး . . . စသဖြင့် အတွေးပေါင်းမြောက်များစွာနဲ့ ဆောက်တည်ရာမဲ့ နေခဲ့ပါတယ် . . . ။ အဲ့ဒီညမှာ ကျွန်တော်ဟာ အရမ်းကို စိတ်ဓာတ်ကျ၊ စိုးရိမ်စိတ်နဲ့ ငိုနေခဲ့ပါတယ်။ အကယ်၍ ကျွန်တော်ရဲ့ မျက်လုံးတစ်ခုခု ဖြစ်ခဲ့မှာလား . . .။ စာမေးပွဲ ကျတော့မှာလား။ အဆိုးဆုံးက ဘုရားသခင်ရဲ့သာသနာအတွက် ဤတစ်ထောင့်တစ်နေရာက အသုံးမလိုလို့လား။ တော်တော်လေး စိတ်ပူပန်နေခဲ့တယ်။ ကိုယ်အတွေးနဲ့ကိုယ် ဝမ်းနည်းနေခဲ့တယ်။ အဲ့ဒီညမှာ ကျွန်တော်အိပ်ယာမဝင်ခင် ဘုရားသခင်ထံမှာ ယုံကြည်ခြင်းအပြည့်နဲ့ အခုလို ဆုတောင်းခဲ့ပါတယ် . . .။

"အိုအဖဘုရား ကျွန်တော်သည် အပြစ်သားဖြစ်ပါတယ်။ နေ့တိုင်းအပြစ်လုပ်သောသူလည်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အပြစ်များကို ဖြေလွှတ်တော်မူပါ။ ကိုယ်တော်ထံ ကျွန်တော့်အသက်တာကို ဆက်ကပ်ပါ၏။ အလိုတော်ရှိရာ အသုံးပြုတော်မူပါ . .။ ကိုယ်တော်ထံ ကျွန်တော်အသုံးတော်ခံလိုပါ၏။ အလိုတော်ရှိမယ်ဆိုရင် ကျွန်တော်ခံစားရသော မျက်လုံးနာသောရောဂါဝေဒနာကို ပျောက်ကင်းစေတော်မူပါ" လို့ ဆုတောင်းခဲ့ပါတယ် . . .။

မနက်မိုးလင်းတဲ့အချိန်မှာ ကျွန်တော်ခံစားနေရတဲ့ ခေါင်းကိုက်ခြင်းနဲ့ မျက်စိနာတဲ့ဝေဒနာက လုံးဝပျောက်သွားတာကို ခံစားခဲ့ရတယ်။ အဲဒီအချိန်မှာပဲ ဘုရားသခင်ကို အရမ်းကျေးဇူးတင်ပြီး ဝမ်းသာမိပါတယ် . .။ စာမေးပွဲကိုလည်း ကောင်းမွန်စွာနဲ့ ဖြေဆိုနိုင်ခဲ့ပါတယ်။ ဘုရားသခင်က ကျွန်တော့်ကို ပစ်မထားပဲ အမြဲတမ်း ကူညီခဲ့ပါတယ်။ ဒုက္ခရောက်ချိန်မှာရော အမြဲဖေးမတာကို သိခဲ့ရတယ်။ ကျွန်တော် ဝမ်းအသာဆုံးကတော့ ဘုရားသခင်က သူ့ရဲ့အမှုဆောင်ခြင်းလုပ်ငန်းမှာ ကျွန်တော့်ကို "ခစားခွင့်" ပေးလိုက်တာကို ချီးမွမ်းမဆုံး ဖြစ်ပါတယ်။

ဒါကြောင့်ကျွန်တော်တို့ ယုံကြည်သူခရစ်ယာန်ညီအစ်ကိုမောင်နှမများဟာ ယုံကြည်ခြင်း နိုင်မာဖို့ အဓိကပါ။ ယုံကြည်ခြင်းမခိုင်မာဘူးဆိုရင် အပြစ်ရဲ့သွေးဆောင်ခြင်းတွေ ဝင်ရောက်လာပြီးတော့ ယုံကြည်ခြင်းတွေကို ပျက်ပြားစေပါတယ်။ ကျွန်တော်တို့ ဆု စ မတောင်းခင် ကျွန်တော်တို့ဘာလိုအပ်တာလဲ ဆိုတာ ဘုရားသခင် သိပြီးသားပါ။ ကျွန်တော်တို့ဆုတောင်းတဲ့အခါမှာ တစ်စုံတစ်ခုကို လိုချင်လို့ ဆုတောင်းတာလား (သို့) တကယ်လိုအပ်လို့ ဆုတောင်းတာလားဆိုတာ သိဖို့လိုပါတယ်။ တကယ်လိုအပ်လို့ ဘုရားသခင်ထံ ယုံကြည်ခြင်းအပြည့်အဝနဲ့ ဆုတောင်းမယ်ဆိုရင်၊ ဘုရားသခင်က ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးမှာ ဧကန်မုချ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ယုံကြည်သူခရစ်ယာန်များဟာ ယုံကြည်ခြင်း အပြည့်အဝနဲ့ ခရစ်ယာန်အသက်တာကို တည်ဆောက်ဖို့ ကြိုးစားအားထုတ်ကြပါစို့လို့ သက်သေခံဝေမျှလိုက်ပါတယ် . .။ အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ . . .။ အာမင်။


စောကပေါ်စိုး(ပထမနှစ်)









# ငါသာ ကြောင့်မတ်သောသူ ဖြစ်ပါလျှင် ...

**စောကလိုထူးဝါး**

သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည်
ကောင်းချီးမင်္ဂလာကို ခံကြရလိမ့်မည်ဟု မိန့်တော်မူ၏။ ကမ္ဘာ ၁၂း၃

ယနေ့ ကမ္ဘာလောကတွင် လူသားများအဖြစ် အသက်ရှင်နေထိုင်ရစဉ် ကျွန်ုပ်တို့ ယုံကြည်သူခရစ်ယာန်များသည် ဘုရားသခင်အား သိကျွမ်း၍ ယုံကြည်ကိုးကွယ်ရခွင့်၊ သခင်ယေရှုအား ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံကာ နေထိုင်အသက်ရှင်ရသည့်အခွင့်ထူးကို ပိုင်ဆိုင်ထားကြသည်။ ဤသို့သော ခရစ်ယာန်များသည် ဘုရားသခင်အား သိကျွမ်း၍ ယုံကြည်ကိုးကွယ်ရခွင့်... အခွင့်ထူးရရှိခြင်းသည် "အမှတ်တမဲ့လော၊ သို့တည်းမဟုတ် ကျွန်ုပ်တို့ခရစ်ယာန်တစ်ဦးအနေဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား ရည်ရွယ်ချက်ကင်းစွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားခြင်းလော။ ထိုနည်းတူ ဘုရားသခင်အား မည်သို့သောတုံ့ပြန်မှုကိုမျှ ပေးရန်မလိုအပ်သလော" ဟူ၍ စဉ်းစားဖွယ်ဖြစ်လာသည်။ ယုံကြည်သူခရစ်ယာန်များအနေဖြင့် မိမိတို့၏တည်ရှိခြင်းအဖြစ်အနေကို သိရှိရန် လွန်စွာလိုအပ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဘုရားသခင်ကို သိကျွမ်းကိုးကွယ်ရခြင်းသည် ဘုရားသခင်၏အလိုတော်၊ အကြံအစည်တော် ပြည့်စုံရန် မည်မျှအရေးပါကြောင်း (ကမ္ဘာ ၁၈း၂၃-၃၃)ရှိ သောဒုံနှင့် ဂေါမောရ ပြစ်ဒဏ်ခံရခြင်းအပေါ် ဆင်ခြင်စဉ်းစားမည် ဖြစ်သည်။

ကမ္ဘာ ၁၈း၂၃-၃၃ တွင် သောဒုံမြို့နှင့် ဂေါမောရမြို့အား ပြစ်ဒဏ်စီရင်ခြင်းမပြုမီ ဘုရားသခင်နှင့် အာဗြဟံတို့၏ အပြန်အလှန် ပြောဆိုမှုများကို ဖော်ပြထားသည်။ ဤကျမ်းပိုဒ်ကို အခြေခံခြင်းဖြင့် ဘုရားသခင်၏ သဘောသဘာဝနှင့် လူမျိုးတော်အပေါ်ထားသော အကြံအစည်တော်ကို သိနိုင်သည် . .။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သောဒုံနှင့်ဂေါမောရမြို့အား ဖျက်ဆီးခြင်းပြုရာတွင် " မိမိ၏ အလိုဆန္ဒအတိုင်း ပြု၍မရသောကြောင့် အာဗြဟံအား အသိပေးတိုင်ပင်ရခြင်းလော။ ဘုရားသခင်သည် မေတ္တာကင်းမဲ့၍ ဖျက်ဆီးလိုခြင်းလော" စသည်ဖြင့် ဆင်ခြင်စဉ်းစားမှုများ ပြုလုပ်ရပေမည်။

ဘုရားသခင်သည် ဖန်ဆင်းခံလူသားများအား အကြွင်းမဲ့မေတ္တာဖြင့် ချစ်တော်မူသည်။ တစ်ဖက်တွင်လည်း ဘုရားသခင် တစ်ပါးတည်းသာ ဖြောင့်မတ်သော အရှင်သခင် ဖြစ်တော်မူသည်။ ထို့ကြောင့် ဖန်ဆင်းခံလူသားများအား ချစ်လွန်း၍ ၎င်းတို့ပြုလုပ်သော အပြစ်များကို လွှတ်ထားပါက ဘုရားသခင်သည် မည်သို့သော ဖြောင့်မတ်ခြင်းနှင့် ပြည့်စုံမည်နည်း။ ထို့ကြောင့် အပြစ်ရှိသောသူကို အပြစ်စီရင်ရန်မှာ ဘုရားသခင်လုပ်ဆောင်ရမည့် အရာတစ်ခုအဖြစ် တွေ့နိုင်သည်။ သို့သော် ဘုရားသခင်သည် မိမိ ဖန်ဆင်းခံလူသားများအား ရွေးနှုတ်ကယ်တင်လိုကြောင်းကို အာဗြဟံအား အခွင့် အရေးပေးခြင်းဖြင့် သိနိုင်သည်။

သောဒုံနှင့် ဂေါမောရမြို့တို့သည် ဘုရားသခင်၏ မျက်မှောက်တော်တွင် ဆိုးညစ်သောအမှုကို ကျူးလွန်၍ ဘုရားသခင်၏ အလိုတော်လမ်းနှင့် ဆန့်ကျင်ကာ ဆိုးညစ်စွာ အသက်ရှင်ကြသည် . . . ။ ဘုရားသခင်သည် ကောင်းကင်တမန် နှစ်ပါးကို စေလွှတ်တော်မူသောအခါ ဧည့်ဝတ် ပြုရမည့်အစား ကာမဆက်ဆံ လိုကြသည် . .။ ထိုသို့သော ဆိုးညစ်သောအပြစ်ကို ကျူးလွန်သူမှာ တစ်ဦးမကများစွာ ရှိကြောင်း "အရပ်ရပ်ကလာသောသူတို့သည်" ဟူသော ဖော်ပြမှုဖြင့် သိနိုင်သည်(ကမ္ဘာ ၁၉း၄)။ ဘုရားသခင်သည် သောဒုံနှင့် ဂေါမောရမြို့ကို ဖျက်ဆီးခြင်း မပြုမီ အဘယ်ကြောင့် အာဗြဟံအား အသိပေးရခြင်းကို ဘုရားသခင်သည် အာဗြဟံအား ရွေးကောက်ခြင်းအမှုတွင် တွေ့နိုင်သည် . .။ အာဗြဟံကို ဘုရားသခင်ရွေးကောက်သောအချိန်၌ အာဗြဟံဘက်မှ မိမိ၏ နာခံမှုကို ပေးဆပ်မှုများနဲ့ သက်သေ ပြခဲ့ရပါတယ်။ ဥပမာ - အာဗြဟံသည် ဘုရာသခင်ကိုနာခံရန် မိမိအခြေကျပြီးသား ဥရမြို့ကိုစွန့်ပြီး မည်သည့်အရာမျှ သေချာမှုမရှိသေးသော ခါရန်သို့ သွားခဲ့သည့် အဖြစ်အပျက်ကိုကြည့်ပြီး သိနိုင်ပါသည် . . .။ ထို့အတွက်ကြောင့်လည်း ဘုရားသခင်သည် အာဗြဟံအား ဖြောင့်မတ်သူအဖြစ် သတ်မှတ်ပြီး လူမျိုးကြီးဖြစ်စေမည်အကြောင်း ကတိပေးခဲ့ပါတယ်။ ဘုရားတစ်ပါးတည်းသာလျှင် ဖြောင့်မတ်သူဖြစ်သော်လည်း လူသားများအနေနှင့် ဘုရားသခင်အား နာခံခြင်းအားဖြင့် ဖြောင့်မတ်ခြင်းအဖြစ်ကို ရောက်နိုင်ပါတယ်။ လူသားတို့ နာခံမှုအပေါ် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာသက်ခြင်းဖြင့် ဖြောင့်မတ်ခြင်းအဖြစ် ရောက်ရှိနိုင်ပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် သောဒုံနှင့် ဂေါမောရကိုမဖျက်စီးမီ အဘယ်ကြောင့် အသိပေးရကြောင်း သိနိုင်ပါသည် . . . ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဖြောင့်မတ်သောသူကို အလေးထားသည့်အတွက်ကြောင့်ပင် ဖြစ်ပါသည်။

အာဗြဟံသည် ဘုရားသခင်ပြောသည်နှင့် တပြိုင်နက်တည်း "အရှင်ဘုရားရဲ့ အလိုတော်အတိုင်းပါ" ဟု မပြောခဲ့ပေ။ အာဗြဟံသည် သောဒုံနဲ့ ဂေါမောရမြို့သားများကို ကယ်တင်လိုသည်။ ထို့အတွက်ကြောင့်လည်း ဘုရားသခင်ထံသို့ တောင်းဆိုမှုအမျိုးမျိုး ပြုခဲ့ပါသည်။ အရပ်သုံးစကားအားဖြင့် ဆိုရလျှင် ဘုရားသခင်ကို ဈေးဆစ်နေခြင်း ဖြစ်သည်။ အာဗြဟံသည် သောဒုံနှင့်ဂေါမောရမြို့အတွက် ဘုရားသခင်ထံ တောင်းဆိုမှုပြုရာမှာ ပေါ့ပေါ့တန်တန်မတောင်းဘဲ ဘုရားသခင်၏ဂုဏ်တော်ကိုအကြောင်းပြု၍ တောင်းဆိုမှုပြုခဲ့သည်။(ကမ္ဘာ ၁၈း၂၅)။ အာဗြဟံအနေနှင့် ဘုရားသခင်သည် ဖြောင့်မတ်သော အရှင်ဖြစ်သောကြောင့် တရားသောအမှုကိုသာ ပြုသင့်ကြောင်း သတိပေးခြင်းဖြစ်သည်ဟု ဆိုလျှင်လည်း မမှားနိုင်ပေ။ ဘုရားသခင်သည် ဖြောင့်မတ်သော အရှင်ဖြစ်သောကြောင့် အာဗြဟံပြောသည့်အရာသည် ဘုရားရှင်အတွက် မည်သည့်တွေဝေမှု၊ တုန်လှုပ်မှုမျိုးမှ မဖြစ်ပေါ်စေခဲ့ပေ။ ထို့ကြောင့်လည်း အာဗြဟံကို အခွင့်အရေးပေးခဲ့ပါသည်။ အာဗြဟံသည် သောဒုံနှင့်ဂေါမောရတွင် နေထိုင်သူအားလုံး ကယ်တင်ရန်အတွက် ဖြောင့်မတ်သောသူကို အကြောင်းပြုရင်း တောင်းဆိုမှုအကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသည်။ ဖြောင့်မတ်သောသူ ငါးဆယ်မှစ၍ တောင်းဆိုခဲ့သော်လည်း တစ်ဆယ်ယောက်မြောက်အထိ ဖြောက်မတ်သောသူ မရှိကြောင်း တွေ့နိုင်ပါတယ် . . .။ ထို့အတွက်ကြောင့်လည်း နောက်ဆုံးတွင် သောဒုံနှင့်ဂေါမောရမြို့တို့သည် ဖျက်ဆီးခြင်းခံရကြောင်း တွေ့ရပါတယ်။ ထိုဖျက်စီးခံရသည့် အမှုကိုကြည့်ပါက ၎င်းတို့သည် ဘုရားသခင်၏စကားကို နာခံခြင်းမရှိကြ၍ ဖြစ်သည်။ သို့သော်လည်း အာဗြဟံ တောင်းဆိုသည့်အတိုင်း ဖြောင့်မတ်သောသူ တစ်ဆယ်ဦးသာ ရှိခဲ့မည်ဆိုလျှင် သောဒုံနှင့် ဂေါမောရမြို့တို့သည် နောင်တတရားနှင့်အတူ အသစ်တဖန်ပြင်ဆင်အသက်ရှင်ခွင့် ရကြမည်ဖြစ်သည်။ ပြစ်ဒဏ်စီရင်ခြင်းမှ ကင်းလွတ်ကြရမည်ဖြစ်ပါသည်။

သောဒုံနှင့် ဂေါမောရမြို့ ဖျက်စီးခြင်းခံရခြင်းအမှုအရာအပေါ် အခြေခံပြီး ကျွန်ုပ်တို့ တစ်ဦးချင်းစီ၏ အသက်တာကို ပြန်လည်ဆင်ခြင်သုံးသပ်ရန်လိုအပ်ပါသည်။ လူအများစုမှ လျင်မြန်စွာ ပြောင်းလဲမှုများဖြစ်ပေါ်သောအချိန်၊ ခဲယဉ်းဆိုးယုတ်၍ ဖောက်ပြန်မှုများနှင့်ပြည့်နက်နေသောအချိန်ဟု မှတ်ချက်ပေးနေကြသော "ယနေ့ ကမ္ဘာကြီးတွင် ကျွန်ုပ်-တို့သည် ခရစ်တော်ကိုယုံကြည်သူ(ခရစ်ယာန်)များအနေဖြင့် အသက်ရှင်ခွင့်ရခြင်းသည် အဘယ်ကြောင့်နည်း။ ထိုသို့ ခရစ်ယာန်ဖြစ်ရခြင်းမှာ မိမိတစ်ဦးတည်း ကောင်းကြီးခံစားဖို့လော။ မိမိအပေါ် ထားသောဘုရားသခင် အကြံအစည်တော်မှာ မည်သည့်အရာဖြစ်သည်ကို သိရန် လွန်စွာလိုအပ်ပါသည်။" အာဗြဟံ၏အသက်တာကို ပြန်လည်ကြည့်ရှုပါက ဘုရားသခင်သည် အာဗြဟံအား ရွေးကောက်ရာတွင် မိမိ ရွေးကောက်တော်မူသော အာဗြဟံတစ်ဦးတည်း ကောင်းကြီးခံစားစေရန် မရည်ရွယ်ပဲ လူမျိုးတကာတို့ ခံစားရရန် ရည်ရွယ်သည်(ကမ္ဘာ ၁၈း၁၈)။ ထို့ကြောင့် ယုံကြည်သူခရစ်ယာန်များအနေနှင့် မိမိတို့ယုံကြည်သူဖြစ်ရခြင်း၏ အရေးပါပုံ၊ မိမိတို့၏တန်ဖိုးကို သိရန် လွန်စွာလိုအပ်သည်။ မိမိတို့နေထိုင်အသက်ရှင်မှုတို့သည် မိမိတစ်ဦးတည်းအတွက်သာမဟုတ် လူအားလုံးအတွက် အရေးပါသည်ကို သိရှိရန် လိုသည် . .။ သောဒုံမြို့ပြစ်ဒဏ်ခံရခြင်းအမှုတွင် ဖြောင့်မတ်သောသူ တစ်ဆယ်ယောက်သာ ရှိခဲ့လျှင် ၎င်းတို့၏ဖြောင့်မတ်ခြင်းကြောင့် တစ်မြို့လုံး ကောင်းကြီးခံစားရမည် ဖြစ်သည် . .။ စစ်မှန်သောနောင်တတရားဖြင့် အသက်ရှင်ရန် ကြိုးစားပြင်ဆင်ခွင့်ကို ထပ်မံရရှိဦးမည်ဖြစ်သည်။ သို့သော် ထိုသို့ဖြစ်မလာချေ။ ထို့နည်းတူ ယနေ့ကမ္ဘာလောကကြီးတွင် ထာဝရဘုရားရှင်သည် ကြွလာ၍ ပြစ်ဒဏ်စီရင်မည်ဆိုပါက ကျွန်ုပ်တို့ ခရစ်ယာန်ဖြစ်ရခြင်းသည် တစ်ပါးသူအတွက် မည်သို့အကျိုးရှိစေမည်ဟု သင်ထင်သနည်း။ နောက်ဆုံးကာလကို မဆိုထားနှင့်။ ယခုလက်ရှိ မိမိနေထိုင်ရာ ဝန်းကျင်၌ပင် မိမိခရစ်ယာန်ဖြစ် ရခြင်းသည် သူတစ်ပါးအတွက် မည်သို့ကောင်းချီးခံစားစေရကြောင်း ဆင်ခြင်သုံးသပ်ရန် လိုသည်။ မိမိသည် ခရစ်တော်ကို သိကျွမ်းသောယုံကြည်သူ ဖြစ်ပါလျက်နှင့် မိမိတည်ရှိနေခြင်းက တစ်ပါးသူအတွက် အကျိုးမဖြစ်ထွန်းလျှင် တန်ဖိုးမဲ့သောအခြေအနေသို့ရောက်ရှိသွားပေမည်။

> ယုံကြည်သူ ခရစ်ယာန်များအနေနှင့်
> မိမိတို့ ယုံကြည်သူဖြစ်ရခြင်း၏
> အရေးပါပုံ ၊ မိမိတို့၏တန်ဖိုးကို သိရန်
> လွန်စွာ လိုအပ်သည်။
> မိမိတို့နေထိုင် အသက်ရှင်မှုတို့သည်
> မိမိတစ်ဦးတည်းအတွက်သာမဟုတ် ,
> လူအားလုံးအတွက် အရေးပါသည်ကို သိရှိရန်
> လိုသည်။

အချုပ်အားဖြင့်ဆိုသော် အခြေအနေအချိန်အခါ မည်သို့ပြောင်းလဲစေကာမူ ခရစ်ယာန်များ အနေဖြင့် မပြောင်းလဲသော ယုံကြည်ခြင်းဖြင့် အသက်ရှင်ရန် လိုအပ်သည် . . .။ ခရစ်ယာန်များအနေဖြင့် ဖြောင့်မတ်ခြင်းကို မိမိတို့၏ကိုယ်ပိုင်အစွမ်းဖြင့် မည်သို့ ကြိုးစားလုပ်ဆောင်၍ ရယူနိုင်မည် မဟုတ်ပေ။ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာလျှင် ရရှိနိုင်မည်ဖြစ်သကဲ့သို့ (ရောမ ၄း၂၄-၅း၁) ထိုယုံကြည်ခြင်းကို နာခံခြင်းအားဖြင့် (ယာကုပ် ၂း၂၀) သက်သေပြရမည် ဖြစ်သည် . . .။ မိမိတို့ယုံကြည်ခြင်းကို အာဗြဟံကဲ့သို့ နာခံခြင်းဖြင့် သက်သေပြ၍ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ခြင်း အခြေအနေသို့ရောက်ရန် အစဉ်တစိုက် ကြိုးစားလုပ်ဆောင်နေရမည် ဖြစ်သည်။ မိမိတို့၏အသက်တာသည် ထုံးဖြူသုတ်ထားသော အုတ်ဂူကဲ့သို့မဟုတ်ဘဲ တန်ဖိုးရှိသော အသက်တာဖြစ်ရန် အစဉ်အားထုတ်လုပ်ဆောင်နေရမည် ဖြစ်သည်။ မိမိ ခရစ်ယာန်ဖြစ်ရခြင်းသည် တိုက်ဆိုင်မှုတစ်ခု၊ ကံကြမ္မာတစ်ခုဟု ပေါ့ပေါ့တန်တန် သဘောမထားဘဲ လွန်စွာတန်ဖိုးရှိကြောင်း ခံယူတတ်ရန်လိုသည်။ မိမိ၏အသက်ရှင်မှုသည် နေ့စဉ်နှင့်အမျှ မိမိအတွက်သာမက သူတစ်ပါးအတွက်ပါ အရေးပါတန်ဖိုးရှိကြောင်း ခံယူသိမှတ်၍ ခရစ်ယာန်ပီသသော အသက်တာအားဖြင့် အသက်ရှင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် သောဒုံနှင့် ဂေါမောရမြို့ ဖျက်စီးခြင်းအမှုတွင် ဖြောင့်မတ်သောသူ တစ်ဆယ်ဦးမျှသာရှိပါက ပျက်စီးခြင်း မလွတ်ကင်းနိုင်သကဲ့သို့ (တနည်းဆိုသော်) ထိုသူများ၏ ဖြောင့်မတ်ခြင်းကြောင့် အခြားသူများပါ ကောင်းကြီးခံစားနိုင်သကဲ့သို့ ယနေ့ကျွန်ုပ်တို့ ယုံကြည်သူ သားသမီးများသည်လည်း မိမိတို့၏ အသက်ရှင်မှုသည် မိမိတို့ တစ်ဦးချင်းစီ၏ အသက်တာအတွက်သာမကဘဲ မိမိတို့နှင့် ဆက်စပ်သောသူများ အတွက်ပါ သက်ရောက်မှုရှိကြောင်း ခံယူတတ်ရန်လိုသည်။ ထို့ကြောင့် ယုံ-ကြည်သူ ခရစ်ယာန်များအနေနှင့် ဘုရားသခင် ပေးသနားတော်မူသော ယခုပစ္စုပ္ပန်ဘဝအသက်တာတွင် မိမိတို့၏ အသက်တာသည် အမှတ်တမဲ့နေထိုင် အသက်ရှင်ခြင်းမျိုး မဟုတ်ဘဲ ဘုရားသခင်၏ အလိုတော်ကို ရှာဖွေကာ ထိုအလိုတော်အတိုင်း ကြိုးစားအသက်ရှင်ရန် လိုသည်။ ထို့ကြောင့် ယုံကြည်သူ ခရစ်ယာန်များအနေနှင့် မိမိတို့ နေ့စဉ်အသက်ရှင်မှုတွင် “ငါသာ ဖြောင့်မတ်သောသူဖြစ်လျှင်”ဟူသော မေးခွန်းမျိုး မိမိကိုယ်ကို မိမိမေး၍ သခင်၏အလိုတော်ကို ဖော်ဆောင်ရန် ခရစ်ယာန်ပီသသောအသက်တာဖြင့် လိုက်လျှောက် အသက်ရှင်ရမည် ဖြစ်သည်။



စောကလိုထူးဝါး







၂၀၁၁-၂၀၁၂ ပညာသင်နှစ်

# ပထမနှစ်ကျောင်းသူ / သားများ၏ သာသနာပြုစုပျိုးထောင်ခြင်းဆိုင်ရာ လက်တွေ့လေ့လာသင်ယူရေး အစီအစဉ်

• ကာလက်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျွန်တော်တို့ ပထမနှစ်ကျောင်းသူ / သား (၁၅) ယောက်သည် ဘုန်းတော်ကြီးစောဟီလရီမင်းမင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်သာသနာပိုင်နယ်၊ ပြည်ဒေသန္တရနယ်၊ ရှင်မာရီဘုန်းကြီးပိုင်နယ်၊ မဲဇလီကျေးရွာသို့ တစ်လတာ သာသနာပြုစုပျိုးထောင်ခြင်းဆိုင်ရာ လက်တွေ့လေ့လာ သင်ယူရေး အစီအစဉ်အဖြစ် သွားရောက်ခဲ့ပါသည်။

ကြိုတင်ပြင်ဆင်မှုအနေဖြင့် တစ်ပတ်တစ်ကြိမ် တွေ့ဆုံ ဆုတောင်းခြင်း၊ ဆရာကြီး ဦးအောင်လှထွန်းနှင့် တစ်လတစ်ကြိမ် တွေ့ဆုံပြီး သင်ကြားမှုခံယူခြင်း၊ ဘဏ္ဍာငွေ ရှာကြံခြင်း စသည်တို့ ပြုလုပ်ခဲ့ပါသည် . . .။

ကျောင်းတော်ကြီးမှ ၆.၃.၂၀၁၂ တွင် စတင်ထွက်ခွာခဲ့ပြီး ၃.၄.၂၀၁၂ တွင် ကျောင်းတော်ကြီးသို့ ပြန်လည် ရောက်ရှိခဲ့ပါသည် . .။ ကားဖြင့်သော်လည်းကောင်း၊ ကုန်းကြောင်းဖြင့်

သော်လည်းကောင်း၊ ရေလမ်းဖြင့်သော်လည်းကောင်း ခရီး နှင်ခဲ့ကြပါသည်။

သာယာလှပသော ရခိုင်ရိုးမတောင်တန်းကြီးတည်ရှိရာ ဒေသသို့ ဘုရားသခင်၏ လမ်းပြပို့ဆောင်မှုကြောင့် ကောင်းမွန်စွာ ရောက်ရှိခဲ့ပြီး ဤခရီးစဉ်ကို စီစဉ်ပေးခဲ့သည့် ကျောင်းတော်ကြီးနှင့်တကွ၊ ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ အလှူငွေထည့်ဝေလှူဒါန်းခြင်းဖြင့်သော်လည်းကောင်း မစကူညီအားဖြည့်ပေးခဲ့ကြသည့် ခရစ်တော်၌ မိဘပြည်သူညီအစ်ကိုမောင်နှမများကို အထူးပင်ကျေးဇူးတင်ရှိပါသည်ဟု ဖော်ပြလိုပါသည်။

ခရီးစဉ်တစ်လျှောက်လုံးတွင် ဘုရားကျောင်းဝန်းကို ကျောက်ခဲဖို့ခြင်း၊ ဘုရားကျောင်းနံရံအားရေနံချေးသုတ်ခြင်း၊ ကလေးများအား ဓမ္မပညာ သင်ကြားပေးခြင်း၊ လူကြီးများနှင့် သမ္မာကျမ်းစာ လေ့လာခြင်း၊ တတ်အားသရွေ့ ဆေးကုသပေးခြင်း၊ ရွာလမ်းအချို့ကို ပြုပြင်ပေးခြင်း၊ အသင်းသားများတို့၏ လုပ်ငန်းခွင်များသို့ သွားရောက်လုပ်အားပေးခြင်းများအပြင် အင်္ဂလိကန်အသင်းတော်အကြောင်း သိကောင်းစရာများ သင်ကြားခြင်း စသည့်အရာများကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။

ရာသီဥတုကြမ်းတမ်းသည့်နေရာ၊ ငှက်ဖျားရောဂါ အဖြစ်များသည့်နေရာဖြစ်သော်လည်း ဘုရားသခင်၏ လမ်းပြပို့ဆောင်ကောင်းချီးပေးမှုကြောင့် မည်သူမျှ ဖျားနာခြင်းမရှိဘဲ ညီအစ်ကိုမောင်နှမ စိတ်ဓါတ်ဖြင့် စည်းလုံးညီညွတ်စွာ ဘုရားအမှုတော်ကို ပျော်ရွှင်စွာ အတူတကွ လုပ်ဆောင်ခွင့်ရခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်သည့်အပြင် အမှုတော်ဆောင်တစ်ဦး၌ ရှိသင့်ရှိအပ်သော သွင်ပြင်လက္ခဏာများကိုလည်း လက်တွေ့သိရှိလာခဲ့ရပါသည် . . .။

စ ကာလက်

■■■■■■■■■■■

## နည်းလမ်းသစ်

(ဟာသ)

တစ်နေ့မှာ ကျောင်းစားဖိုဆောင်မှာ ထမင်းဟင်းခွဲကာ နေ့စဉ်တာဝန်ကို လုပ်ဆောင်နေသည့် အလုပ်ချိန်တွင် စားပွဲဝိုင်း၌ စကားပြောနေခိုက် မောင်လှက အလစ်တွင် ဟင်းကို နှိုက်စားလိုက်သည်။

မောင်နီ - ဟေ့ . . ဟင်းမခိုးစားနဲ့။ အကျင့်ပျက်တယ်။

မောင်လှ - အကျင့်ပျက်တာမဟုတ်ဘူး။ ကောင်းကင်နိုင်ငံရောက်အောင် ကျင့်နေတာ။

မောင်နီ - ဘယ်လိုများ ကျင့်တာလဲ . . ဆိုစမ်းပါအုံး။

မောင်လှ - ဟာ . . ယေရှုက သူငယ်ကဲ့သို့ကျင့်မှ ကောင်းကင်နိုင်ငံကို ဝင်ရမယ်တဲ့။ အဲ့ဒါကြောင့် ကလေးလို ဟင်းခိုးစားတာ . . ။ သိပြီလား ငတုံးရဲ့။

ခွန်းဒူ






ဆောင်းပါး

ဒီနှစ် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ရဲ့ ဆောင်ပုဒ်က ဖြိုးမြံခြင်း(Poverty)ပဲ ဖြစ်ပါတယ်။ ဖြိုးမြံခြင်းရဲ့သဘောသဘာဝထဲမှာ ကိုယ့်ကိုယ်ကိုငြင်းပယ်ခြင်း(self-denial) သဘောလည်း ပါဝင်မှာ ဖြစ်တယ်။ အတ္တ၊ တပ်မက်မှု၊ ရမ္မက်၊ အမျက်ဒေါသ အစရှိတဲ့အရာတွေကို မျိုသိပ်လိုက်ခြင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် လူလူချင်းကြားမှာ ကာထားတဲ့ ပညာ၊ ဥစ္စာ၊ ရာထူး၊ အာဏာ အစရှိတဲ့အဆင့်အတန်း အကာအရံတွေကိုလည်း ချိုးဖျက်ပစ်လိုက်ရမှာ ဖြစ်ပါတယ် . .။ ဒါကို နှိမ့်ချလိုက်ခြင်း (Humility) လို့လည်း ပြောလို့ရပါတယ် . . .။

# ဖြိုးမြံခြင်း သဘောသဘာဝတွင်ရှိနေသော နှိမ့်ချခြင်း၏ အဝတ်တန်ဆာ

ဘုန်းတော်ကြီးဝင်ဝတန်အောင်မျိုးထွန်း



နှိမ့်ချခြင်းဆိုတာ တကယ်တော့ ဖြိုးခြံခြင်းဆိုတဲ့ သဘောသဘာဝထဲမှာ ပါဝင်ပါတယ်။ ဘုရားသခင်ကလည်း ဒါကို နှစ်သက်တဲ့သဘော တွေ့ရပါတယ်။ သုတ္တံ ၃း၃၄ မှာ အကယ်စင်စစ် (ဘုရားသခင်သည်) ကဲ့ရဲ့တတ်သောသူတို့ကို ကဲ့ရဲ့တော်မူ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏လို့ ပြောထားပါတယ်။ မယ်တော်မာရိ သီချင်းမှာလည်း မာနထောင်လွှားသူတို့ကို ကွဲလွဲစေတော်မူတယ်။ နှိမ့်ချသူတို့ကို ချီးမြှောက်တော်မူတယ်လို့ ဆိုထားပါတယ်။

ရှင်ပေတရုက နှိမ့်ချခြင်းအကြောင်း ပြောတဲ့အခါ ခရစ်တော်ရဲ့နှိမ့်ချခြင်းကို သတိရ စံထားနေခြင်းလည်း ဖြစ်နိုင်ပါတယ် . . . ။ အချင်းချင်း တစ်ယောက်အောက်တစ်ယောက် နှိမ့်ချနေ၍ နှိမ့်ချခြင်းတန်ဆာကို ဝတ်ဆင်ကြလော့ . .။ အကြောင်းမူကား ထောင်လွှားစော်ကားသူတို့ကို ဘုရားသခင် ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ထို့ကြောင့် ကာလအချိန်တန်လျှင် ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည့် အကြောင်း တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ်တိုင်ကို နှိမ့်ချကြလော့။(၁ ပေ ၅း၅-၆)။

နှိမ့်ချခြင်း အဝတ်တန်ဆာကို ဂရိလို egkombousthai လို့ခေါ်ဆိုပြီး အဝတ်အစား (၂)မျိုး၊ အဓိပ္ပာယ် (၂)မျိုး ရှိပါတယ် . . .။

(၁) ပထမအဝတ်အစားက ကျွန်တွေဝတ်တဲ့ အဝတ်အစားမျိုး (Slave's apron)ဘဲ ဖြစ်ပါတယ်။ ခါးမှာ လက်သုတ်ပဝါလိုမျိုးကို ချည်ထားရတယ်။ ခရစ်တော် နောက်ဆုံးညစာမစားမီ ဝတ်ခဲ့ပုံရတယ်။ (ယော ၁၃း၄၊၅)မှာ စားပွဲမှထ၍ ဝတ်လုံတော်ကိုချွတ်ပြီးလျှင် ပဝါကိုယူ၍ ခါးကိုစည်းတော်မူ၏။ ထို့နောက်မှ ရေကို အင်တုံ၌လောင်း၍ တပည့်တော်တို့၏ ခြေကိုဆေးပြီးမှ ခါး၌စည်းသောပဝါနှင့် သုတ်တော်မူ၏။ ခရစ်တော်က ကျွန်ဝတ်တဲ့ အဝတ်ကိုဝတ်ပြီး ကျွန်တွေလုပ်တဲ့အလုပ် (ခြေဆေးခြင်း)ကို ပြုခဲ့တယ်။ ဒါက နှိမ့်ချခြင်းအဝတ်တစ်မျိုး ဖြစ်ပါတယ် . . .။

(၂) ဒုတိယ အဝတ်ကတော့ လည်ပေါ်ကပတ်ပြီး ချထားရတဲ့ (Stole)လို အဝတ်အစားမျိုး ဖြစ်တယ်။ ဒါကတော့ ဂုဏ်ပြုတဲ့အမှတ်လက္ခဏာ (Sing of honour) ဘဲ ဖြစ်ပါတယ်။

ဒီနှစ်မျိုးကိုတွဲပြီး အဓိပ္ပာယ်ဖွင့်ဆိုရရင် . . . ခရစ်တော်ရဲ့အမှုတော်မှာ ကျွန်တွေလို (ခရစ်တော်နှိမ့်ချသလို) နှိမ့်ချခြင်းနဲ့ ဆောင်ရွက်ပြီး၊ အချင်းချင်းရဲ့ခြေကို ဆေးနေမယ်ဆိုရင် . . . ချီးမြှောက်ခြင်း၊ ဂုဏ်ပြုခြင်းကို ခံရမယ်။ အဲဒီအခါ Garment of Humility Sae Garment of Honour အဖြစ် ရောက်ရှိလာမယ်။

ခရစ်တော်က ကိုယ်ကို ချီးမြှောက်သူတို့ နှိမ့်ချခံရလိမ့်မည်။ နှိမ့်ချသူမူကား ချီးမြှောက်ခံရလိမ့်မည်။ လူ့သဘောသဘာဝတစ်ခုကတော့ "ငါကဒီနေရာနဲ့ ထိုက်တန်တယ်။ ငါကဒီခုံမှာ ထိုင်သင့်တယ်" လို့ စဉ်းစားတွေးခေါ်တတ်ခြင်းပါဘဲ။ ဘွဲ့လေး၊ ငွေကြေးလေး၊ ရာထူးလေး ပိုင်ဆိုင်ထားတာနဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မော်ကြွားတတ်တာ လူ့သဘာဝပါပဲ။ အဲဒီလိုလူမျိုးကို ဘေးကကြည့်တဲ့သူတွေအနေနဲ့ သိပ်ကြည့်မရချင်တတ်ပါဘူး။ ဒါပေမယ့်ကိုယ်တိုင် အဲဒီဘွဲ့၊ ငွေကြေး၊ ရာထူးတွေ ကိုပိုင်ဆိုင်လာရင် ထိုနည်းလည်းကောင်း မော်ကြွားတတ်ပါတယ် . . .။

ပါရဂူဘွဲ့ရပြီး လမ်းဘေးမှာနှိမ့်ချစွာနဲ့ သွားနေတဲ့သူကိုတော့ လူတွေက ချီးကျူးတတ်ကြပါတယ်။ ရာထူးကြီး အရာရှိကြီးက လူတောထဲမှာ နှိမ့်ချစွာနဲ့ ရောရောနှောနှောနေရင် လူတွေက ဩဘာပေးတတ် ကြပါတယ်။

ခရစ်တော်က နှိမ့်ချသူသာလျှင် ချီးမြှောက်ခံရမယ်။ နှိမ့်ချခြင်း (Humility) ဆိုတာ(The Characteristic of Great Men) အကြီးမြတ်ဆုံး လူသားတွေရဲ့ လက္ခဏာတစ်ရပ်ပဲ ဖြစ်ပါတယ်။

နှိမ့်ချခြင်းဆိုတဲ့စကားကို လူတွေက အဆိုးဘက်က (Negative အနေနဲ့) မြင်တတ်ကြပါတယ်။ နှိမ့်ချခြင်းကို သိမ်ငယ်ခြင်း၊ လူ့အောက်ကျခြင်း၊ ဘာမှသုံးမရခြင်း စတာတွေနဲ့တွဲပြီးမြင် တတ်ကြပါတယ်။ နှိမ့်ချခြင်းနဲ့ နှိမ့်ကျခြင်းဟာ မတူပါဘူး။ Inferiority Complex ဆိုတဲ့စကား ရှိပါတယ်။ ဒါကတော့ မိမိကိုယ်ကို အလိုလို သိမ်ငယ်နေတာ နှိမ့်ကျတယ်လို့ထင်နေတာ။ လူတောမတိုးရဲဖြစ်နေတာ။ ဒီလိုသိမ်ငယ်စိတ်ဟာ လူကိုအကျိုးမပေးပါဘူး။ အဲဒီလိုလူမျိုးက ဘာမှလည်းအောင်မြင်အောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။ သူနဲ့ဆန့်ကျင်ဘက် Superioity Complex ပဲဖြစ်ပါတယ်။ ဒါကတော့ နေရင်းထိုင်ရင်း ကိုယ့်ကိုယ်ကို အထင်ကြီးနေတာ။ သူတစ်ပါးကို မတူသလိုဆက်ဆံတာ။ ကိုယ့်မှာရှိတဲ့အတိုင်း အတာထက်ပိုပြီးထင်မြင်နေတာ မကောင်းပါဘူး။ ကိုယ်ကိုယ်ကို အထင်ကြီးနေတာလည်း မကောင်းဘူး ဆိုတဲ့သဘောပါ။ ခရစ်တော်က နှိမ့်ချခြင်းအကြောင်း ပြောတဲ့အခါ အထက်ကပြောခဲ့သလို လူ့သဘာဝဖြစ်တဲ့ "ငါကဒီနေရာနဲ့ထိုက်တန်တယ်၊ ငါကဒီခုံမှာထိုင်သင့်တယ်"လို့ မစဉ်းစားမတွေးတောပါနဲ့လို့ ပြော နေခြင်းပဲဖြစ်ပါတယ်။ ဘုရားသခင် နိုင်ငံတော်/အသင်းတော်မှာ ပါဝင်တဲ့အခါ၊ အမှုတော်ဆောင်တဲ့အခါ၊ ရာထူး (နေရာ)ထက် အစေခံခြင်းက ပိုပြီးအရေးကြီးတယ်လို့ သွန်သင်နေခြင်းလည်း ဖြစ်ပါတယ်။

နှိမ့်ချခြင်းရဲ့သဘာဝဟာ ကိုယ့်မှာရှိလျက်နဲ့ မရှိသလိုနေပေးခြင်းဘဲ။ ပညာတတ်လျက်နဲ့ မတတ်သူလိုနေခြင်းမျိုး (ပညာကို အသုံးမပြုတာမဟုတ်)။ ရာထူးရှိလျက်နဲ့ မရှိသလိုနေခြင်းမျိုး ဖြစ်ပါတယ်။

လူတွေဟာ ရှိလျက်နဲ့ မရှိသလိုမနေတတ်ကြတာ သဘာဝပါပဲ။ ပညာတတ်တဲ့သူက ပညာအားကိုးပြီး မာနထားတတ်တယ်။ ငွေကြေးပြည့်စုံသူက ငွေအပေါ်မှာ မာနထားတတ်ကြတယ်။ ရာထူးအာဏာရှိသူက အဲဒီရာထူးအာဏာကို အားကိုးတတ်ကြတယ်။ လူတွေ ဘယ်အချိန်မှာ နှိမ့်ချတတ်ကြသလဲ။ ငွေကြေးတွေအကုန်ဆုံးရှုံး၊ ရာထူးအာဏာ တွေလည်းမရှိတော့၊ အသိုင်းအဝိုင်းကလည်း လှည့်မကြည့်တော့၊ တတ်ထားတဲ့အာဏာတွေကလည်း ဘာမှအားမကိုးရ၊ ရောဂါဝေဒနာတွေလည်း စွဲကပ်နေတဲ့အချိန်(တစ်နည်းအားဖြင့် မြောင်းထဲ ရောက်တဲ့အချိန်ကျမှသာ) နှိမ့်ချလာတတ်ကြပါတယ်။ အဲဒီအချိန်မှာ အားကိုးစရာဘုရားကလွဲပြီး ဘာမှမရှိတော့တဲ့အချိန်ကျမှ နှိမ့်ချစွာနဲ့ အလုံးစုံကို ဘုရားလက်ထဲအပ်နှံလိုက်ကြတယ်။ ဘုရားသခင်ကတော့ အဲဒီအချိန်ဖြစ်ပေါ်လာတဲ့နှိမ့်ချခြင်းနဲ့ သူ့ထံသို့တိုးဝင်လာတဲ့သူကို လက်ခံပါတယ်။ နှိမ့်ချသူတို့ကိုလည်း ဖြောင့်မတ်သူလို့ ခေါ်ပါတယ်။ ဓမ္မဟောင်းမှာ ဖြောင့်မတ်သူလို့ အခေါ်ခံရတဲ့သူတွေဟာ နှိမ့်ချတတ်သူတွေပါပဲ။ (ယောဘဝတ္ထုကို ဥပမာထားပြီး ကြည့်နိုင်ပါတယ်)။

နှိမ့်ချတဲ့အခါမှာ ဘုရားသခင်ရဲ့ တန်ခိုးကြီးသောလက်တော်အောက်၌ ကိုယ်ကို နှိမ့်ချဖို့ဖြစ်ပါတယ်။ ဘုရားသခင်ဟာ လူမျိုးတော်ကို အီဂျစ်ပြည်ကထုတ်ဆောင်တဲ့အခါ/ရွေးနုတ်ကယ်တင်ခြင်း ပြုတဲ့အခါ သူ့ရဲ့တန်ခိုးကြီးသောလက်တော်ကို အသုံးပြုပါတယ်။ (ထွက် ၁၃း၉)မှာ "အားကြီးသောလက်တော်ဖြင့် ထာဝရဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူပြီ" လို့ ပြောထားပါတယ်။ တရား ၃း ၂၄ မှာလည်း "အိုအရှင်ဘုရား ကိုယ်တော်သည် ကိုယ်တော့် ကျွန်အား တန်ခိုး အာနုဘော်တော်ကိုလည်းကောင်း၊ အားကြီးသော လက်တော်ကိုလည်းကောင်း ပြစပြုတော်မူပြီ"။ ဘုရားသခင်က တန်ခိုးကြီးသောလက်တော်နဲ့ လူမျိုးတော်ကို အီဂျစ်ပြည်ကထုတ်ဆောင်ခဲ့ပါတယ်၏။

ဒါကြောင့် ဘုရားသခင်ရဲ့ဦးဆောင်မှု၊ လမ်းပြမှုကို နှိမ့်ချခြင်းနဲ့ သစ္စာရှိစွာလက်ခံမယ်ဆိုရင် တန်ခိုးကြီးတဲ့လက်တော်ဟာ ရည်မှန်းချက်တွေဆီကို အရောက်ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။ ယနေ့ကြုံတွေ့နေရတဲ့ ဆင်းရဲဒုက္ခတွေ၊ ပြဿနာအခက်အခဲတွေ၊ မလုပ်ချင်တာကို လုပ်မနိုင်ဝန် ထမ်းနေရတာတွေ၊ စိတ်မပျက်ဘဲ ဒါဟာတန်ခိုး ကြီးသောလက်တော်ထဲမှာရှိပြီး ဘုရားအလိုတော်၊ အကြံစည်တော် ပြည့်စုံဖို့ဖြစ်တယ်ဆိုတာကို နှိမ့်ချစွာနဲ့ ဝန်ခံအသက်ရှင်မယ်ဆိုရင်၊ ဘုရားသခင်ရဲ့ချီးမြှောက်ခြင်း၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ခံစားရမှာ ဖြစ်ပါတယ်။

ဖြိုးခြံခြင်းဆိုတဲ့အရာကို ဆင်ခြင်နှလုံးသွင်းပြီး အသက်တာမှာကျင့်ကြံတဲ့အခါ နှိမ့်ချခြင်း အဝတ်တန်ဆာကို ဝတ်ဆင်လျက် ဘုရားသခင်ရဲ့တန်ခိုးကြီးသော လက်တော်အောက်မှာ နှိမ့်ချစွာ အသက်ရှင်မယ်ဆိုရင် ချီးမြှောက်ခြင်းကို ရရှိခံစားရပါလိမ့်မယ် ...။

ဘုန်းတော်ကြီးဝင်စတန်အောင်မျိုးထွန်း



# my Spiritual Journey

Adam Kyaw Thu Ya

In the name of the Father and of the Son, and of the Holy Spirit. Amen

My name is Adam Kyaw Thu Ya. There are eight members in my family. They are my parents, three brothers, two sisters and my self. My father is a Priest from 1981 to 1992, I lived with my parents at Mya Goe Gyi village, Wakema Township.

My house is situated next to the St Mark's Church. I helped my father every Sunday in preparing for the Church service for example, I keep the bread and wine ready to be used at communion service. I helped the Church like that for six years.

My parents were quite happy with the development of my spiritual life during those days. In 1993, I moved to Myaung Mya to attend the government high school there. I stayed in the St Peter's Church compound while attending this school. I attended the church regularly and also accompanied the priest when he was visiting some church members in the Hinthada Township. I contined stayed there after passing the matriculation exam. From that day on I dedicated myself for serving the Lord and I believe that He bless me throughout my life.

When I worked at the Biscuit Company in Yangon, I got the opportunity to attend the Dagon University. While studying at the University, I attended St Michael's Church which is situated in Kyeemyindine regular on Sundays. While attending the university, I





gave part of my salary to my family regularly. I felt my spiritual life gradually developed and became a more mature Christian. I also committed my free times to lead the Youth of the Church. Whenever possible, I spent my free time with God by reading the Bible, Praying, Singing Gospel Songs and praying with my friends from the Church. During these days I encountered many difficulties but I could overcome them with the help from God.

In 2004, I went to Malaysia, and worked there for four years. While I was working there I attended a Baptist Church regularly. I also became a leader for MCF (Myanmar Christian Fellowship) in Malaysia During that period I spent most my free time by helping the needy, encouraged the distress, comforted the depressed people. While I was in Malaysia I was also involved in Christian Fellowship, Home cell group and Bible study group which usually met every Wednesday. I met quite a member or nonbelievers from Myanmar and had many opportunities to witness Christ and His Good News.

Then, in 2008, I came back to Myanmar and went back to my village. I continued helping church works as before whenever I had the opportunity. Finally I decided to give my life-fully for the service of Jesus and so in 2011 I joined Holy Cross Theological College. I had a good opportunity to improve my spiritual life through daily worship services and personal devotion or prayers. The Motto of the College is Obedience, Poverty and Chastity Which helped me for developing my spiritual life. It became a practice for me to read the Bible regularly in my daily life and fasting during the Lenten season. I also practice meditation two days a week, which always strengthened me. The scripture verse which is from 1 Peter 5:7 "Cast all your anxiety to Him because He care for you" became my favorite verse for me. I also joined a family prayer group which take Jesus Christ as its model. The prayer group was led by one of the senior lecturers to the College.

I noticed that my spiritual life is improving steadily everyday and my commitment to Christ is also increasing. Last summer our class, first year, made a mission field trip to Mezalee village, Rakhine Yoma, Yangon Diocese. After proceeding to Nyaung Lan Doe and Pagan Kwe. I encountered a lot of new experiences which strengthened my spiritual life. I was able to help the villagers in many ways who are greatly in need in kinds and as well as spiritually.

Now, I realize more and more that I cannot do anything without God. The scripture verse in Matt.6:33 became the motto of my life. This verse stated that 'But seek first His Kingdom and His Righteousness, and all these things will be given to you as well". Therefore, I decided to have a full fellowship with Jesus and His followers in my daily life.

To me learning at this college is the most enjoyable part of my life. I thank God for giving me health, strength and opportunities to serve Him in this way.

The grace of our Lord Jesus Christ, and the love of God, and the Fellowship of the Holy Spirit, be with us all evermore. Amen.

**Adam Kyaw Thu Ya**

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်မှ ဒုတိယနှစ်ကျောင်းသား/သူများ၏ နွေရာသီတစ်လတာ ကွင်းဆင်းလေ့လာခြင်းခရီးစဉ်အဖြစ် တောင်ငူသာသနာပိုင်နယ် အတွင်းရှိ အနောက်တောင်ဘုန်းကြီးပိုင်နယ် ပြောင်ခေါင်းကျေးရွာနှင့် ဘုတလင်ကျေးရွာသို့ သွားရောက်ခဲ့ပါသည်။ အဆိုပါခရီးစဉ်သို့ ဒုတိယနှစ် ကျောင်းသား/သူများ (၁၄)ဦးနှင့်အတူ ဆရာမတစ်ဦး လိုက်ပါခဲ့ပါသည်။

၂၀၁၁ - ၂၀၁၂ ပညာသင်နှစ်

ဒုတိယနှစ် ကျောင်းသူ/သားများ၏

ရှမွှေလဇော်ဆိုင်း

# နွေရာသီ ကွင်းဆင်းလေ့လာခြင်း အစီအစဉ်







## ၁။ ပြင်ဆင်ခြင်းနှင့် စတင်ထွက်ခွာခြင်း

၂၀၁၁-ခု၊ ဇူလိုင်လ (၄)ရက်၊ တနင်္လာနေ့မှစတင်၍ အပတ်စဉ်တနင်္လာနေ့၊ ကုမ္ပလင်ဝတ်အပြီးတွင် ၂၀၁၁-ခု၊ ဇူလိုင်လ (၄)ရက်၊ တနင်္လာနေ့မှစတင်၍ အသက်တာကို ပြင်ဆင်ခြင်းနှင့် Chapel ခန်း၌ ဆုတောင်းခြင်းဖြင့် ကျွန်တော်တို့အဖွဲ့ တစ်ယောက်စီတိုင်းက အသက်တာကို ပြင်ဆင်ခဲ့ပါသည်။ အထူးသဖြင့် ခရီး စတင်မထွက်-အတူ လုပ်ဆောင်မည့်အရာများအတွက် ကဏ္ဍအလိုက် ပြင်ဆင်ခဲ့ပါသည်။ အထူးသဖြင့် ခရီး စတင်မထွက် - ခွာမီ တစ်ပတ်အလိုတွင် လိုအပ်သော ပြင်ဆင်မှုများအတွက် အသေးစိတ်ပြုလုပ်ကာ ၂၀၁၂-ခုနှစ်၊ မတ်လ ခွာမီ တစ်ပတ်အလိုတွင် လိုအပ်သော ပြင်ဆင်မှုများအတွက် အသေးစိတ်ပြုလုပ်ကာ စတင်ထွက်ခွာသွားခဲ့ကြပါသည်။ မတ်လ (၇)ရက် (၇)ရက်နေ့၊ နံနက် (၇:၀၀)နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာသွားခဲ့ကြပါသည်။ မတ်လ (၇)ရက်နေ့မှာ နေ့လည် (၁၁:၀၀)နာရီတွင် တောင်ငူသာသနာပိုင်နယ်ရုံးသို့ ရောက်ရှိခဲ့ကြပါသည်။ သံတောင်သို့ လည်ပတ်ခဲ့ပါ တောင်ငူတွင် လှူဒါန်းသောပစ္စည်းများနှင့် လိုအပ်သည့်ပစ္စည်းများဝယ်ယူပြီး သံတောင်သို့ လည်ပတ်ခဲ့ပါ သည်။ မတ်လ(၉)ရက်နေ့တွင် သာသနာရုံးကားဖြင့် ခရီးဆက်ခဲ့ကြရာ သပြေကုန်းကျေးရွာတွင် ခရီးတစ်ထောက်နား၍ နံနက်စာသုံးဆောင်ပြီး ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲ(၁:၁၅)နာရီတွင် ပြောင်ခေါင်းကျေးရွာသို့ ရောက်ရှိသွားခဲ့ပါသည်။

## ၂။ ရောက်ရှိခဲ့သည့် ကျေးရွာများနှင့် နေထိုင်ခဲ့ချိန်များ

ဒုတိယနှစ်ကျောင်းသား/သူများသည် တစ်လတာအတွင်း ပြောင်ခေါင်း၊ ဘုတလင်၊ သပြေကုန်း၊ ပန်းအိုင် အစရှိသောကျေးရွာပေါင်း (၄)ရွာသို့ ရောက်ရှိခဲ့ပါသည်။ အထူးသဖြင့် ဒေသခံတို့၏ လုပ်ငန်းများ၌ ကူညီပေးခြင်း၊ အဝတ်အထည်များလှူဒါန်းခြင်း၊ ဆေးဝါးကုသပေးခြင်း၊ မိတ်သဟာရဖွဲ့ခြင်း၊ ဆုတောင်းခြင်းများကို ပြုလုပ်ပေးခဲ့ပါသည်။ မတ်လ(၉)ရက်နေ့မှ (၂၂)ရက်နေ့အထိ ပြောင်ခေါင်းကျေးရွာတွင် လည်းကောင်း၊ (၂၃)ရက်နေ့မှ ဧပြီလ (၃)ရက်နေ့အထိ ဘုတလင်ကျေးရွာတွင်လည်းကောင်း၊ ဧပြီလ(၄)ရက်နေ့မှ (၈)ရက်နေ့အထိ ပန်းအိုင်ကျေးရွာတွင်လည်းကောင်း သွားရောက်နေထိုင်ခဲ့ပြီး လုပ်အားပေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ယေဘုယျအားဖြင့် အနောက်တောင်ဘုန်းကြီးပိုင်နယ်တွင် တစ်လတာ ကြာခဲ့ပါ သည်။

## ၃။ တစ်နေ့တာလုပ်ဆောင်ချက်များ

နေ့စဉ် နံနက်(၆:၃၀)နာရီတွင် အိပ်ယာထလျက် (၇:၀၀)နာရီတွင် နံနက်ဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်ပါသည်။ နံနက်(၇:၃၀)တွင် အဆာပြေ အနည်းငယ်သုံးဆောင်ပြီးနောက် ပြောင်ခေါင်းကျေးရွာရှိ စာသင်ကျောင်းအတွက် နစ်လုံးတွဲအိမ်သာကို သွားရောက်လုပ်ဆောင်ခဲ့ကြပါသည်။ ၎င်းလုပ်ငန်းတွင်မသွားသောကျောင်းသား/သူများမှာ စာသင်ကျောင်းတွင် ကလေးသူငယ်များအား ဓမ္မပညာသင်ကြားပေးခြင်း ပြုလုပ်ပါသည်။ ထို့ပြင် အလှည့်ကျနှစ်ဦးက တစ်နေ့လုံးအတွက် ချက်ပြုတ်ရေးတွင် တာဝန်ယူရပါသည်။ နေ့လည် (၁၁:၀၀)နာရီတွင် အလုပ်နားပြီး (၁၂:၀၀)နာရီတွင် နေ့လည်စာကို သုံးဆောင်ကြပါသည်။ မွန်းလွဲ(၁:၀၀)နာရီတွင် အနည်းငယ် အနားယူကြပါသည်။ မွန်းလွဲ(၁:၀၀)နာရီတွင်

နေ့လည်စာ သုံးဆောင်ပြီးနောက် အနည်းငယ် အနားယူကြပါသည်။ မွန်းလွဲ(၁:၀၀)နာရီတွင် အချို့မှာ ဓမ္မပညာကလေးများအား သီချင်းနှင့်ကစားနည်းဖြင့် မိတ်သဟာရဆော့၍ သင်ကြားပေးသည်။ ကျန်ရှိသောသူအချို့သည်လည်း အသင်းသူ/သားများ၏ အိမ်သို့လည်းကောင်း၊ အခြားသော မိတ်ဆွေများ အိမ်သို့လည်းကောင်း သွားရောက် လည်ပတ်ကြပါသည်။ ညနေပိုင်းအလုပ်ချိန်ကို မွန်းလွဲ(၃:၀၀)နာရီတွင် ပြန်လည် အစပြုပါသည်။ တစ်ခါတစ်ရံတွင်လည်း ဤအချိန်တွင် ဒေသခံတို့၏ လုပ်ငန်းခွင်တွင် အကူအညီ

လိုပါက သွားရောက်ကူညီပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ တချို့က ညနေ(၄:၀၀)နာရီတွင် အသင်းသူ/သား အိမ်သို့ သွားရောက်၍ Visiting လှည့်၍ ဝတ်ပြုခြင်းများ ပြုလုပ်ခဲ့ပါသည်။

ညနေ (၆:၀၀)နာရီတွင် ညစာကို သုံးဆောင်ပါသည်။ ည (၇:၀၀)နာရီတွင် သင်ကြားခြင်း အစီစဉ်များ၊ သီချင်းသင်ကြားခြင်းများ၊ မိတ်သဟာရဖွဲ့ခြင်းနှင့် အ သုံးလုံး သင်ပေးခြင်းစသည်တို့ကို အစဉ်လိုက်အတိုင်း တစ်ညတစ်မျိုး ပြုလုပ်ခဲ့ကြသည်။ ည(၉:၀၀)နာရီတွင် ကုမ္ပလင်ဝတ်အား လူငယ်များနှင့်အတူတကွဝတ်ပြုပါသည်။ ကုမ္ပလင်အပြီးတွင် တစ်နေ့တာဆောင်ရွက်ခဲ့သမျှတို့အား ပြန်လည်၍ သုံးသပ်ခြင်းဆွေးနွေးခြင်းတို့ကို ပြုလုပ်ပြီးနောက် အိပ်စက်အနားယူကြပါသည်။

## ၄။ ကူညီလုပ်ဆောင်ခြင်း

အထူးသဖြင့် ကျောင်းသား/သူများသည် ပြောင်ခေါင်းကျေးရွာရှိ အိမ်တစ်အိမ်တိုင်ထူ(စိုက်)ရာတွင် ပါဝင်ကူညီ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထို့ပြင်အသင်းသား၏ အိမ်အမိုး ပြန်လည်ပြုပြင်၍ သက်ကယ်ဖြင့် အိမ်မိုး ကူညီနိုင်ခဲ့ပါသည်။ ဘုတလင်တွင် လမ်းဟောင်းကို ပြန်လည်ဖောက်လုပ်ပေးခဲ့ပြီး တံတားတစ်စင်း ကူညီလုပ်ဆောင်ပေးခဲ့ပါသည်။ ပန်းအိုင်ကျေးရွာတွင်ပြုလုပ်သည့် အနောက်တောင် ဘုန်းတော်ကြီးပိုင်နယ်၏ စုပေါင်းအီစတာပွဲတော်အတွက် အခမ်းအနားများပြင်ဆင်ခြင်းနှင့် ဝတ်ပြုခြင်းတွင်ဦးဆောင်ပေးခြင်း၊ စကားတော်ကြီး(၇)ခွန်းကို တာဝန်ယူပေးခြင်းနှင့် လိုအပ်သည့်အကူအညီများကို ကူညီလုပ်ဆောင်ခဲ့ပါသည်။

## ၅။ ဝါတွင်းကာလ လှည့်လည်ဝတ်ပြုခြင်း

ခရီးစဉ်သည် ဝါတွင်းကာလတွင် ကျရောက်သည့်အတွက် အသင်းသူ/သားများ၏ အိမ်များသို့ နေ့တိုင်း လှည့်လည်ဝတ်ပြုခြင်းကို ပြုလုပ်ကြပါသည်။ အထူးသဖြင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် Visiting နှင့် ဝါတွင်းအတွင်းဝတ်ပြုခြင်းကို ပြုလုပ်ခဲ့ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းတွင် ကျောင်းသူ/သားများမှ ဦးဆောင်ပေးခြင်း၊ ဝေမျှသက်သေခံခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းနှင့် ဂုဏ်တော်ချီးမွမ်းခြင်းတို့ကို အသီးသီးလုပ်ဆောင်ခဲ့ပါသည်။ အခြားသောမိတ်ဆွေများ(ဗုဒ္ဓဘာသာ)မှ ဝတ်ပြုကိုးကွယ်ပေးရန် ဖိတ်ခေါ်သောအခါတွင်လည်း သွားရောက်ဝတ်ပြုခြင်းကို ပြုလုပ်ပါသည်။

## ၆။ တင်ဆက်ခြင်းများ

ပြောင်ခေါင်း၊ ဘုတလင်နှင့် ပန်းအိုင်ကျေးရွာတို့တွင် တင်ဆက်ခြင်းကို ပြုလုပ်နိုင်ခဲ့ပါသည်။ အထူးသဖြင့် တင်ဆက်ခြင်းများအား ထိုကျေးရွာတို့မှ ပြန်လည်ထွက်ခွါမည့်ညများတွင် ဤအစီစဉ်ကို ပြုလုပ်ခဲ့ကြပါသည်။ တင်ဆက်ခြင်း၌ ကျောင်းသူ/သားများသာမက ထိုကျေးရွာမှ လူငယ်များနှင့် ကလေးသူငယ်များလည်း ပါဝင်တင်ဆက်နိုင်ခဲ့ပါသည်။ တင်ဆက်ခြင်း၌ ဂုဏ်တော်ချီးမွမ်းခြင်း၊ ဓမ္မပြဇာတ်အတိုပြသခြင်းများ၊ ရယ်ရွှင်စရာဟာသအစီစဉ်များ၊ ရိုးရာအကပဒေသာများနှင့်အတူ အသီးသီးမိမိတို့အား ဘုရားရှင်ပေးထားသည့် အစွမ်းအတိုင်း အသုံးတော်ခံ တင်ဆက်ခဲ့ကြပါသည်။





## ၇။ ခရီးစဉ်ပိတ်ပွဲနှင့် ထွက်ခွာခြင်း

ခရီးစဉ်ကို ဧပြီလ(၈)ရက်နေ့တွင် နယ်စီးဘုန်းတော်ကြီးစောသာကလယ်မှ ဦးဆောင်ကူညီလိုက်ပါပေးသော ဆရာမနော်လွင်သီတာမြင့်နှင့် ကျောင်းသား/သူတို့အား တနင်္ဂနွေနေ့(အီစတာပွဲနေ့ကြီး) ညဝတ်၌ ဆုတောင်းကောင်းချီးပေးခြင်းဖြင့် အဆုံးသတ်ခဲ့ကြပါသည်။ ထိုညတွင် နှုတ်ဆက်ပွဲကြီးကို အောင်မြင်စွာ-ဖြင့် ပြုလုပ်ကျင်းပနိုင်ခဲ့ပါသည်။ အထူးသဖြင့် နှုတ်ဆက်ပွဲကြီးအား ကျွန်ုပ်တို့ကျောင်းသူ/သားများနှင့် အတူ ပြောင်ခေါင်းကျေးရွာမှ မိခင်နှင့်လူငယ်များ၊ ဘုတလင်ရမှလူငယ်များ၊ ဘုတလက်မှလူငယ်များ၊ သမြေကုန်းကျေးရွာမှ အသင်းသူ/သားများ၊ မဲခေါင်းကျေးရွာမှအသင်းသူ/သားများနှင့် အတူတကွ ပူးပေါင်းလျက် စည်းကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပနိုင်ခဲ့ကြပါသည်။

အပြန်ခရီးအား ဧပြီလ(၉)ရက်နေ့ မွန်းလွဲ (၃:၀၀)နာရီတွင် ပန်းအိုင်ကျေးရွာမှ သမြေကုန်း အသင်းသားများနှင့်အတူ ဒိုင်နာကားဖြင့် စတင်ထွက်ခွာခဲ့ရာ တောင်ငူမြို့ဘုန်းတော်ကြီးသာဂလယ်အိမ်သို့ ညနေ(၄:၃၅) နာရီတွင် ရောက်ရှိခဲ့ကြပါသည်။ ထိုနေရာ၌ ခေတ္တအနားယူပြီး သာသနာပိုင်နှင့်တွေ့ဆုံကာ ည (၁၁:၀၀)နာရီတွင် ကုန်ကုန်သို့ စေတမန်ကားဖြင့် ခရီးဆက်ခဲ့ရာ ဧပြီလ(၁၀)ရက်နေ့ နံနက်(၄:၀၀)နာရီတွင် ရန်ကုန်ကားဂိတ်သို့ ဆိုက်ရောက်ခဲ့ပါသည်။ ထိုမှတဆင့် အသင့်ကြိုနေသောကျောင်းကားဖြင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သို့ ချောမောစွာဖြင့် ပြန်လည်ရောက်ရှိခဲ့ပါသည်။


## ၈။ ကျေးဇူးတင်ရှိခြင်း

ဤခရီးစဉ်သည် ကျွန်ုပ်တို့အတွက် ဒုတိယအကြိမ် အတွေ့အကြုံ ဖြစ်ပါသည် . .။ ခရီးစဉ်အစ၊ အလယ်၊ အဆုံး ကောင်းချီးပေးလမ်းပြပေးသော အဖဘုရားသခင်ကိုလည်းကောင်း၊ အစီစဉ် ဖြစ်လာရေးအတွက် တာဝန်ယူလုပ်ဆောင်ပေးခဲ့သော ကျောင်းအုပ်ကြီးဖြစ်သည့် ဘုန်းတော်ကြီးဒေါက်တာရှမွေလ စံမြတ်ရွှေ၊ စိတ်အားထက်သန်စွာဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးသော ဆရာကြီးဦးအောင်လှထွန်းကိုလည်းကောင်း၊ ဦးဆောင်လိုက်ပါပေးသည့် ဆရာမနော်လွင်သီတာမြင့်၊ လက်ခံပေးခဲ့သော နယ်စီးဘုန်းတော်ကြီးစောသာဂလယ်၊ ဘုန်းတော်ကြီးစောထူးထူးဘော၊ အဖက်ဖက်မှ လှူဒါန်းပေးကြသော အလှူရှင်အသင်းသူ/သားများနှင့်တကွ ဝိုင်းဝန်း ဆုတောင်းပေးခဲ့ကြသောသူ တစ်ဦးတစ်ယောက်စီတိုင်းအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည် . . ။

ရှမွေလဇော်ဆိုင်း

# အချိုးကျပေးလှူခြင်း၏ ကျေးဇူးတရား

ဒေါက်တာဦးအောင်လှထွန်း




## ၁။ လူသားနှင့်ငွေကြေးဥစ္စာ

အချို့ လူသားများသည် မိမိ၏အသက်တာတွင် ငွေကြေးဥစ္စာသည် အရေးကြီးဆုံးဟု ခံယူတတ်ကြသည် . .။ အမှန်စင်စစ်တွင်မူ ဘုရားသခင်က ကျွန်ုပ်တို့အား ပေးသနားထားသည့် ဆုကျေးဇူးများဖြစ်သော အသက်၊ အချိန်၊ ကျန်းမာခြင်း၊ ပါရမီထူးများ စသည့်တို့နှင့် နှိုင်းစာပါက ငွေကြေးဥစ္စာသည် နောက်ဆုံးတွင် ထားရမည့် ဆုကျေးဇူးတစ်ခုသာ ဖြစ်၏။ သို့ရာတွင် လူအများတို့သည် ငွေကြေးဥစ္စာကို အခြားအရာတို့ထက်အလေးထားပြီး ရှေ့တန်းတင်ကာ ပြန်လည် အစားမထိုးနိုင်သောအသက်နှင့် အချိန်ကိုမနမြောဘဲ ပြန်လည်အစားထိုး ရှာဖွေနိုင်သည့် ငွေကြေးဥစ္စာနောက်သို့ လိုက်တတ်ကြ၏။ လောကတွင် အရေးကြီးဆုံးဟုလည်း ခံယူကာ သမ္မာအာဇီဝကျသည်၊ မကျသည် (တရားသည်၊ မတရားသည်)ကို အမှုမထားဘဲ ရသည့်နည်းနှင့် ရှာဖွေတတ်ကြ၏။ ဝိညာဉ်ရေးရာ၌ ရင့်ကျက်သူများသည် ငွေကြေးဥစ္စာကို ဤရှုထောင့်မျိုးမှ ကြည့်ကြ၏။

ယနေ့ ကျွန်ုပ်တို့တွင် ရှိနေသော၊ ရရှိထားသော ငွေကြေးဥစ္စာများသည် အသက်ရှင်နေနိုက် ထိုက်တန်စွာ အသုံးပြုရန် ဘုရားသခင်က တစ်ဦးစီကို ပေးအပ်နေသော ဆုကျေးဇူးတစ်ခုမျှသာ ဖြစ်၏။ ငွေကြေးဥစ္စာနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ အနေအထားအမှန်ကို ဆင်ခြင်နိုင်ရန် သမ္မာကျမ်းစာက အောက်ပါအတိုင်း ဖော်ပြထားသည်။

"ငါတို့သည် ဤလောကထဲသို့ ဘယ်အရာမှ မပါဘဲ လာသည်ဖြစ်၍ ထွက်သွားလျှင်လည်း ဘယ်အရာကိုမှ ယူမသွားနိုင်ဟု ထင်ရှားလျက်ရှိ၏။ သို့ဖြစ်၍ စားရန်၊ ဝတ်ရန်ရှိသမျှနှင့် ရောင့်ရဲလျက် နေကြကုန်အံ့။" (၁ တိ ၆း၇-၈) ဟု ရှင်ပေါလုက သူ၏တပည့် တိမောသေကို သွန်သင်ဆုံးမရာတွင် မိန့်ဆိုခဲ့၏။ (ဓမ္မဟောင်းကျမ်းမှ ဒေ ၅း၁၅-၁၆ ကိုလည်းဖတ်ရှုပါ)

လောက၌အသက်ရှင်စဉ် စုဆောင်းရရှိထားသော ငွေကြေးဥစ္စာများသည် မွေးဖွားလာစဉ်က ပါမလာ။ အသက်ရှင်နေစဉ် အသုံးပြုရန် ဘုရားသခင်က ပေးထားသည့် ဆုကျေးဇူးတစ်ခုသာ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့နှင့် ဆိုင်သော်လည်း ပိုင်ကား မပိုင်ပေ . .။ ယုံကြည်သူတိုင်း ဤသဘောတရားကို သိရန်လို၏။ ကျွန်ုပ်တို့သည် ငွေကြေးဥစ္စာအပေါ် မှန်ကန်သော သဘောကို ထားရှိရန်လိုအပ်သကဲ့သို့ တာဝန်သိသိ စည်းကမ်းရှိရှိအသုံးပြုခြင်း၊ အချိုးကျ ပေးကမ်းလှူဒါန်းခြင်း၊ ဝေငှအသုံးပြုခြင်းတို့ကိုလည်း ပြုတတ်ရန်လိုအပ်၏။

ထို့ကြောင့် မိမိအား ဘုရားသခင်က အပ်နှံထားသောဆုကျေးဇူးများကို သစ္စာရှိသော ဘဏ္ဍာစိုးတစ်ယောက်အနေနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းခြင်း၊ ပွားများအောင်ပြုလုပ်ခြင်း၊ မိမိအတွက် တာဝန်သိသိ စနစ်တကျအသုံးပြုခြင်းနှင့် ပေးထိုက်သူကို ဝေငှပေးခြင်းပြုရမည် ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာထဲတွင် - "သင်တို့သည် ဆုကျေးဇူးတော်ကို အသီးသီးခံစားကြသည်နှင့်အညီ ဘုရားသခင်ထံမှရသော အထူးထူးအပြားပြားသော ဆုကျေးဇူးတော်တို့ကို ဘဏ္ဍာစိုးကောင်းကဲ့သို့ အချင်းချင်း ဝေငှပေးကမ်း ကြလော့။" (၁ ပေ ၄း၁၀)။

## ၂။ ရောင့်ရဲခြင်းနှင့် တပ်မက်ခြင်း

(က) ရောင့်ရဲခြင်း

ရောင့်ရဲတင်းတိမ်စွာ နေထိုင်ခြင်းသည် ငြိမ်သက်အေးချမ်းသော အသက်ရှင်ခြင်းကို ပေးနိုင်စွမ်းသည့် ဆုသရဖူတစ်ခု ဖြစ်၏။ အသက်တာတွင် ထိုက်ထိုက်တန်တန် ရရှိထားသမျှနှင့် ရောင့်ရဲတင်းတိမ်သောသူများသည် ပျော်ရွှင်ချမ်းမြေ့ အေးချမ်းငြိမ်သက်သောအသက်တာကို လိုက်လျှောက်နိုင်ကြ၏။ ဤကဲ့သို့ အသက်တာမျိုးဖြင့် အသက်ရှင်သူများကိုလည်းဘုရားသခင်က လုံလောက်သောဆုကျေးဇူးများကိုပေးကြောင်း သမ္မာကျမ်းစာတွင် ဖော်ပြထား၏ . . .။

ရောင့်ရဲသောစိတ်ပါလျှင် ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးကျေးဇူးမှန်၏။ (၁တိ ၆း၆) ဟု ရှင်ပေါလုက တိုက်တွန်းနိုးဆော်ခဲ့၏။ (၁တိ ၆း၆) ဟု ရှင်ပေါလုက တိုက်တွန်းနိုးဆော်ခဲ့၏။ (ဖိ ၄း၁၁-၁၂ နှင့် ဟေဗြဲ ၁၃း၅ ကိုလည်းဖတ်ရှုပါ။)

ထို့ကြောင့် စစ်မှန်သောဘဏ္ဍာစိုး တစ်ယောက်သည် ငွေကြေးဥစ္စာကို ဖြောင့်မတ်သောနည်းဖြင့်သာ ရှာကြံ၏။ ရသမျှနှင့်ရောင့်ရဲတင်းတိမ်၏။ ရသမျှထဲမှ ဘုရားသခင်ထံ ပြန်လည်ဆက်ကပ်၏။ မိမိထက် အခြေအနေ နိမ့်ကျသူများကိုလည်း ဝေငှပေးကမ်းခြင်းကို ပြု၏။ ဤသည်မှ ဝိညာဉ်ရေး၌ ရင့်ကျက်သူများ လိုက်လျှောက်သည့် အသက်တာမျိုး ဖြစ်၏။

(ခ) တပ်မက်ခြင်း

တပ်မက်ခြင်းသည် ရောင့်ရဲတင်းတိမ်ခြင်း၏ ဆန့်ကျင်ဖက် ဖြစ်၏။ တစ်စုံတစ်ရာကို တပ်မက်ခြင်းဖြစ်လာပါက တရားသည်၊ မတရားသည်ကို မကြောက်ကြည့်။ တရားဥပဒေနှင့် ဆန့်ကျင်သည်ကိုမကြောက် မိမိလိုချင်သောအရာကို ရသည့်နည်းနှင့် ယူတတ်ကြ၏။ တပ်မက်ခြင်းသည် စာတန်မာရ်နတ်၏ အထက်မြက်ဆုံး လက်နက်တစ်ခုဖြစ်၏။ ထို့ကြောင့် သမ္မာကျမ်းစာထဲတွင် - "ငွေရတတ်ခြင်းငှာ အလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဖမ်းမိခြင်း၊ မိုက်မဲဖျက်ဆီးတတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ်ကြ၏။ ထိုသို့သောအားဖြင့်လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်းတို့၌ နစ်မွန်းတတ်ကြ၏။" ( ၁တိ ၆း၉) ဟု ဖော်ပြထား၏ . . . .။ (ထွက် မြောက် ရာ ကျမ်း ၂၀း၁၇၊ သုတ္တံ ၂၁း၁၇ နှင့် ၁တိ ၆း ၁၀ ကို လည်းဖတ်ရှုပါ)။

တပ်မက်သောစိတ်ဖြင့် အမှားတစ်ခုကိုလုပ်မိသူတစ်ယောက်သည် စိုးရိမ်စိတ်က နောက်မှအရိပ်သ
ဖွယ် တစ်ချိန်လုံးလိုက်၍ ခြောက်လှန့်နေသဖြင့် နလုံးသားကို တစ်ချိန်လုံး အပ်နှင့်ထိုးစိုက်ခံရဘိသကဲ့သို့
ဩတပ္ပစိတ်ထဲတွင် ဖြစ်ပေါ်ခံစားနေမည်ဖြစ်၏။(၁ တိ ၆း၁၀)။ ဤသည်မှာ ဇာတိပကတိနောက်သို့ လိုက်
သောသူတို့တွေကြုံရသည့် အသက်တာမျိုး ဖြစ်၏ . .။

## ၃။ ဥစ္စာဘဏ္ဍာကို ကောင်းကင်နိုင်ငံတွင် သိုထားကြ

အသက်ရှင်သည့်ကာလအတွင်း ဘုရားသခင်က ဆုကျေးဇူးအဖြစ်ပေးအပ်ထားသော ဥစ္စာဘဏ္ဍာ
တို့ကို မပျောက်ပျက်အောင်ထိမ်းသိမ်းရန် ကျွန်ုပ်တို့တွင် တာဝန်ရှိသကဲ့သို့ တစ်ဖက်မှာလည်း တိုးပွားအောင်
ပြုလုပ်ခြင်း၊ ပူဇော်ထိုက်သူကိုပူဇော်ခြင်း၊ ဝေငှပေးကမ်းသင့်သူများကို ပေးကမ်းခြင်း၊ ပို့သင့်ပို့ထိုက်သည့်
နေရာသို့ ပို့ခြင်းတို့ကို ပြုရမည်ဖြစ်၏။

ထို့ကြောင့် သခင်ယေရှုကိုယ်တော်တိုင်က-"သံချေးပိုးရွရှဖျက်ဆီး၍ သူခိုးထွင်းဖောက်နိုးယူရာ
ဤမြေကြီးပေါ်မှာ ဘဏ္ဍာကိုသိုမှီး၍ မထားကြနှင့်"(မဿဲ ၆း၁၉) "သင်တို့သည် ဥစ္စာများစွာတို့ကို ရောင်း၍
ဆင်းရဲသားများကို ပေးကမ်းစွန့်ကြဲကြလော့။ မဆွေးမဟောင်းတတ်သော အိတ်တို့ကို ကိုယ်သုံးဖို့ လုပ်ကြ
လော့။ သူခိုးမရောက်၊ ပိုးမွှားမဖျက်ဆီးရာအရပ်၊ ကောင်းကင်ဘုံ၌ မကုန်မဆုံးနိုင်သောဘဏ္ဍာရှိ၏။ ထိုအ
ရပ်သို့ သင်တို့စိတ်ရောက်တတ်၏။" (လုကာ ၁၂း၃၃-၃၄) ဟု မိန့်ကြားခဲ့၏။

ထို့ကြောင့် ယုံကြည်သူတိုင်းသည် မိမိတို့ အသက်ရှင်စဉ်ကာလအတွင်း ပေးသင့်ပေးထိုက်သူများ
အား ပေးကမ်းလှူဒါန်းခြင်းဖြင့် မိမိတို့နောက်ဆုံးရောက်လိုသည့် နေရာလည်းဖြစ်၊ လုံခြုံစိတ်ချရဆုံးနေရာ
လည်းဖြစ်သည့် ကောင်းကင်ဘုံသို့ ဥစ္စာဘဏ္ဍာတို့ကို ပို့ထားရမည် ဖြစ်၏။ သို့မှသာ မိမိနောက်ဆုံးရောက်လို
သောနေရာသို့ရောက်ရန် လက်တွေ့ကျင့်သုံးနေထိုင်ကြမည်လည်း ဖြစ်၏။ ဝိညာဉ်အသက်တာ ရင့်ကျက်သူ
တို့သည် မျက်မှောက်ကာလတွင် ထာဝရကာလအတွက် ဤသို့ပြင်ဆင်ခြင်း ပြုကြ၏။

## ၄။ အချိုးကျပေးကမ်းလှူဒါန်းခြင်း

ပေးကမ်းလှူဒါန်းခြင်းဆိုသည်မှာ ဘုရားသခင်ထံမှာ မိမိခံစားရရှိသော ဆုကျေးဇူးအားလုံးကို
တစ်ဦးတစ်ယောက်တည်းခံစားခြင်းမပြုဘဲ အခြားသူများနှင့် ဝေငှခံစားခြင်းပင်ဖြစ်၏။ ခံစားရရှိသော ဆု
ကျေးဇူးကို ဝေမျှပေးကမ်းခြင်းပြုရာတွင် ကျေးဇူးတော်ကို သိသောအားဖြင့် ဘုရားသခင်အားထိုက်တန်စွာ
ပြန်လည်ဆက်ကပ်ပူဇော်ခြင်း၊ တာဝန်အရ ပေးသင့်ပေးကမ်းထိုက်သူများကို ပေးကမ်းခြင်း၊ မိမိအတွက်
ထိုက်တန်စွာ အသုံးပြုခြင်း၊ စေတနာစိတ်ဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ဒုက္ခနှင့်ရင်ဆိုင်နေရသူများကို ကူညီမစ
ခြင်း ပေးကမ်းလှူဒါန်းခြင်းပြုရန် သမ္မာကျမ်းစာက သွန်သင်ထား၏။ ထို့ကြောင့် ဓမ္မဟောင်းကျမ်းတွင်-
"သင်၏ဘုရားသခင်ထာဝရဘုရား ကောင်းချီးပေးတော်မူသဖြင့် လူအသီးသီးတို့သည် တတ်နိုင်သည့်အ
တိုင်း ဆက်ကြရမည်။ (ပေးကမ်းရမည်)" (တရား ၁၆း၁၇) ဟု ဖော်ပြထားသည်။

ခရစ်တော်ယေရှုကလည်း- "တတ်နိုင်သမျှအတိုင်း ဆင်းရဲသားတို့အား စွန့်ကြဲကြလော့။ သို့ပြုလျှင်
ခပ်သိမ်းသောအရာတို့သည် သင်တို့အတွက် သန့်ရှင်းလိမ့်မည်။" (လုကာ ၁၁း၄၁) ဟုမိန့်ဆိုခဲ့၏။ ထို့ကြောင့်
ကူညီမစထိုက်သူကို တတ်နိုင်သမျှ ကူညီမစရန် ခရစ်တော်ယေရှုက တိုက်တွန်းနှိုးဆော်ခဲ့ခြင်း ဖြစ်၏။

မိမိခံစားရရှိသော ဆုကျေးဇူးထဲမှ အချိုးကျဖယ်၍ ပေးကမ်းလှူဒါန်းခြင်းပြုရန် ဓမ္မဟောင်းကျမ်း
နှင့် ဓမ္မသစ်ကျမ်းနှစ်စောင်စလုံးတွင် အထင်အရှား ဖော်ပြထားသည်ကို တွေ့ရှိနိုင်၏။

(က) ဓမ္မသစ်ကျမ်းထဲတွင် "ခုနစ်ရက်တွင် ပထမနေ့ရက်၌ အသီးသီး ကောင်းစားသည့်အတိုင်း
မိမိဥစ္စာတစ်ဖို့ကိုထုတ်၍ စုထားကြလော့ . .။ သင်တို့လှူသောအလှူကို ယေရုရှလင်မြို့သို့ပို့စိမ့်သောငှာ စေ





လွှတ်မည်"(၁ကော ၁၆း၂-၃)ဟု ရှင်ပေါလုက ကောရိန္သုမြို့ရှိ ယုံကြည်သူများအား တိုက်တွန်းနိုးဆော်ခဲ့
သည်။

(ခ) ဓမ္မဟောင်းကျမ်းထဲတွင်လည်း ထာဝရဘုရားသခင်ထံ ထိုက်တန်သော ပူဇော်သက္ကာကိုပြုရန်၊
"သင်တို့သည် မီးရှို့ရာယဇ်အစရှိသော ယဇ်များ၊ ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာ၊ ရိုးမြောက်ရာပူဇော်သက္ကာ၊
သစ္စာကတိနှင့်ဆိုင်သော ပူဇော်သက္ကာတို့ကို ဆောင်ခဲ့ကြရမည်။"(တရား ၁၂း၆) ဟု ဖော်ပြထား၏။

ဤကျမ်းချက်က ထာဝရဘုရားသခင်ကိုပူဇော်ရာတွင် ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို ပေးခြင်းပြုရန်
သာမက အခြားပူဇော်သက္ကာများကိုလည်းပြုရန် ညွှန်ကြားထားသည်ကို တွေ့ရသည်။ ထို့အပြင် မိဘတို့ကို
ရိုသေသမှုပြု၍ ကြည့်ရှုစောင့်ရှောက်ခြင်း (ထွက် ၂၀း၁၂) နှင့် ဆင်းရဲဒုက္ခရောက်သူများကိုလည်း ကူညီမစ
ခြင်းပြုရန် .. "သင်၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်တွင် မြို့တစ်စုံတစ်မြို့၌ ဆင်းရဲသော
ညီအစ်ကိုချင်းရှိလျှင် ထိုဆင်းရဲသောညီအစ်ကို၌ သင်သည်သနားစိတ်ကို မချုပ်တည်းရ။ လက်ကိုလည်း
မပိတ်ရ။" (တရား ၁၅း၇) ဟု မိန့်ဆိုထားသည်ကိုလည်း တွေ့ရ၏။ ဤသည်မှာ ဝိညာဉ်အသက်တာ ရင့်ကျက်
သူတို့လိုက်လျှောက်သည့် အသက်တာပင် ဖြစ်၏။

## ၅။ ဆယ်ဖို့တစ်ဖို့ ပူဇော်သက္ကာကိုပေးခြင်း

သမ္မာကျမ်းစာတွင် အချိုးကျပေးလှူပူဇော်ဆက်ကပ်ခြင်းနှင့် ပတ်သက်၍ အထင်ရှားဆုံးသော
သွန်သင်ချက်နှင့် ကျင့်သုံးမှုမှာ ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို ဘုရားသခင်အား ပေးခြင်းဖြစ်၏။

(က) ဓမ္မဟောင်းကျမ်း

ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို ကျင့်သုံးပုံနှင့်
ဓမ္မဟောင်းကျမ်းတစ်ခုလုံးကို ခြုံ၍ကြည့်မည်ဆိုပါက ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို ကျင့်သုံးပုံနှင့်
ပတ်သက်၍ (၃)နေရာတွင် ထင်ရှားစွာ ဖော်ပြထားသည်ကို တွေ့ရ၏။

(၁) အာဗြဟံ၏ ဆယ်ဖို့တစ်ဖို့ ပူဇော်သက္ကာပေးခြင်းနှင့်ပတ်သက်၍ "အမြင့်ဆုံးသော ဘုရားသခင်
၏ ယဇ်ပုရောဟိတ်ဖြစ်သော ရှာလင်မင်းကြီးမေလခိဇေဒက်သည် ကောင်းကင်နှင့်မြေကြီးအရှင် အမြင့်ဆုံး
သောဘုရားသခင်သည် အာဗြဟံအားကောင်းချီးပေး၍ မင်္ဂလာရှိတော်မူစေသတည်းဟု မြွက်ဆို၏။ အာဗြ
ဟံသည် ဥစ္စာရှိသမျှကို ထိုမင်းအား ဆယ်ဖို့တစ်ဖို့ လှူလေ၏။" ဤနေရာတွင် အာဗြဟံက အမြင့်ဆုံးသော
ဘုရားသခင်၏ ယဇ်ပုရောဟိတ်အား မိမိရရှိခဲ့သော ဥစ္စာပစ္စည်းများထဲမှ ဆယ်ဖို့တစ်ဖို့ကို မိမိဆန္ဒအရ
ပေးလှူဆက်ကပ်ခြင်း ဖြစ်၏။

(၂) ယာကုပ်၏ဆယ်ဖို့တစ်ဖို့ ပူဇော်သက္ကာပေးရန် သစ္စာပြုခြင်းနှင့်ပတ်သက်၍ "ထိုအခါ ယာကုပ်
က၊ ဘုရားသခင်က ငါ့ဘက်၌ရှိလျက်၊ ငါယခုသွားရာလမ်းမှ ငါ့ကိုစောင်မ၍၊ စားစရာအစား၊ ဝတ်စရာအဝတ်
ကိုပေးသနားတော်မူလျှင် ပေးသနားတော်မူသမျှတို့ကို ဆယ်ဖို့တစ်ဖို့ပူဇော်ပါမည်ဟု သစ္စာပြုလေ၏။" (ကမ္ဘာ
၂၈း၂၀-၂၂) ဟု ယာကုပ်က မိမိလိုအပ်သော ဆုကျေးဇူးများကို ဘုရားသခင်ထံမှ ခံစားရမှသာ ရရှိသမျှထဲမှ
ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို ဘုရားသခင်အား ပြန်ဆက်ကပ်မည်ဟု သစ္စာပြုခြင်း ဖြစ်၏။

(၃) ထာဝရဘုရားက မောရှေအားဖြင့် ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို ပူဇော်ရန်ညွှန်ကြားခဲ့ခြင်းနှင့်
ပတ်သက်၍- "မောရှေအား ထာဝရဘုရားသခင်က သင်သည်ဣသရေလအမျိုးသားတို့အား ဆင့်ဆိုရ
မည်မှာ စပါးဖြစ်စေ၊ သစ်သီးဖြစ်စေ၊ မြေကဖြစ်သမျှသောအသီးအနှံဆယ်စုတစ်စုသည် ထာဝရဘုရားသခင်
၏ ဘဏ္ဍာတော်ဖြစ်၏။ ထာဝရဘုရားအဖို့ သန့်ရှင်းရမည်" (ဝတ်ပြု ၂၇း၁-၃၀) ဟု ပညတ်ချက်အရ ကျင့်သုံး
ရန် ညွှန်ကြားခဲ့သည်ကို ဖော်ပြထား၏။ ဤပညတ်ညွှန်ကြားချက်နှင့်အညီ ဣသရေလလူမျိုးများသည် ထို
အချိန်မှစ၍ ဘုရားသခင်၏ဘဏ္ဍာဖြစ်သော ဆယ်ဖို့တစ်ဖို့အား ပူဇော်ဆက်ကပ်ခြင်းကို ကျင့်သုံးခဲ့၏။ ကျင့်
သုံးရာတွင်လည်း စနစ်တကျကျင့်သုံးခဲ့သည်ကို တွေ့ရ၏။

ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို စုသိမ်းရာတွင် ဘုရားသခင်က တာဝန်ပေးထားသောအမှုတော်
ဆောင်များဖြစ်သည့် လေဝိသားများက တာဝန်ယူ၍ စုသိမ်းခြင်း၊ စာရင်းပြုစု၍ ဗိမာန်တော်ရှိ ဘဏ္ဍာတိုက်
ထဲတွင် အပ်နှံသိမ်းဆည်းထားခြင်း (၂ ရာဇဝင် ၃၁:၁၁-၁၂ နေ ၁၂:၄၄) ပြုကြသည့်အပြင် စုသိမ်းခြင်းကို
ယဇ်ပုရောဟိတ်၏ ရှေ့တွင်ပြုလုပ်ကြ၏။ (နေ ၁၀:၃၈)

ဤသို့စုသိမ်းရရှိသည့် ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာများကိုလည်း ထာဝရဘုရားသခင်၏ ညွှန်ကြား
ချက်နှင့်အညီ ပေးသင့်သည့်နေရာ၊ ခံစားခွင့်ရှိသူ၊ ပေးသင့်သည့်သူများကို စနစ်တကျပေးဝေခြင်းကို ပြုခဲ့ကြ
၏။ (တောလည်ရာကျမ်း ၁၈:၂၅-၂၉၊ တရား ၁၄:၂၈-၂၉)

(ခ) ဓမ္မသစ်ကျမ်း

ဓမ္မသစ်ကျမ်းထဲတွင် ဘုရားသခင်အား ပြန်လည်ပူဇော်ဆက်ကပ်ခြင်းနှင့် ပတ်သက်၍ ပစ္စည်းဥစ္စာ
ထက် ကိုယ်စိတ်နှလုံးသုံးပါးစလုံးဖြင့် ပြန်လည်ဆက်ကပ်ခြင်း (ရော ၁၂:၁)နှင့် မိမိခံစားရရှိသည့် ဆုကျေးဇူး
များထဲမှ များနိုင်သမျှသောအချိုးကို ပြန်၍ပူဇော်ဆက်ကပ်ရန် သွန်သင်ထားသည်ကို တွေ့ရ၏။ (လုကာ
၁၂:၄၈)။ ခရစ်ယာန်ဖြစ်လာသော ယုံကြည်သူများအတွက်မူ ဓမ္မဟောင်းကျမ်းကို အခြေခံ၍ ဓမ္မသစ်ကျမ်း
တွင် ထပ်၍ဖြည့်စွက်ပြီး သွန်သင်ထားသော သွန်သင်ချက်များသည် အရေးပါ၏။

ဆယ်ဖို့တစ်ဖို့ ပူဇော်သက္ကာကိုပေးခြင်းနှင့် ပတ်သက်၍ ဓမ္မသစ်ကျမ်းတွင် ဟေဗြဲဩဝါဒစာ အခန်း
ကြီး(၇) တစ်နေရာထဲ၌သာ ထင်ရှားစွာ ညွှန်ကြားချက်ဖော်ပြထားသည်ကို တွေ့ရ၏။ ဤသင်ကြားချက်တွင်
ဓမ္မဟောင်းကျမ်းမှ အာဗြဟံ၏ ကျင့်သုံးမှုကို ရည်ညွှန်း၍ မိမိတို့ဆန္ဒအရ ဆယ်ဖို့တစ်ဖို့ကို ပူဇော်သက္ကာ
ပေးခြင်းမျိုးကို ကျင့်သုံးရန် ညွှန်ကြားထားသည်ကို တွေ့ရမည်ဖြစ်၏။ (ဟေဗြဲ ၇:၁-၂၅)

ဟေဗြဲဩဝါဒစာတွင် ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို ပေးခြင်းနှင့်ပတ်သက်၍ သွန်သင်ညွှန်ပြထား
ချက်များကို ခြုံ၍ကြည့်မည်ဆိုပါက -

(၁) ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာအား ပူဇော်ပေးကမ်းခြင်းကို ပညတ်ချက်အရမဟုတ်၊ အာဗြဟံကဲ့သို့
မိမိတို့စိတ်ဆန္ဒ၊ မိမိတို့၏ အသိစိတ်အရ ပြုလုပ်ရန်။

(၂) အာဗြဟံသည် ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို အမြင့်ဆုံးဘုရားသခင်၏ ယဇ်ပရောဟိတ်
မေလခိဇေဒက်အားပေးသကဲ့သို့ ဘုရားသခင်ထံမှ ကြွလာတော်မူသည့် ယဇ်ပရောဟိတ်ဖြစ်သော ခရစ်တော်
ယေရှုကို ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာအား ပူဇော်ဆက်ကပ်ရန် ညွှန်ပြထား၏။ ဓမ္မသစ်ကျမ်းထဲတွင် ခရစ်တော်
ယေရှုအား အသင်းတော်၏ ဦးခေါင်းဟူ၍လည်းကောင်း (ဧဖက် ၁:၂၃) ဖော်ပြထား၏။ ထို့ကြောင့် အသင်းတော်ကို ခရစ်တော်၏
ကိုယ်ခန္ဓာဟူ၍လည်းကောင်း (ကောလော ၁:၁၈)၊ အသင်းတော်ကို ခရစ်တော်၏
ဖို့ပူဇော်သက္ကာကို ပူဇော်ဆက်ကပ်ခြင်းအား ကျင့်သုံးရာတွင် စနစ်တကျ ကျင့်သုံးရန် လိုအပ်၏။ တာဝန်ရှိသူ
များက ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာပေးခြင်းကို ယုံကြည်သူများအား နိုးဆော်ခြင်း၊ စနစ်တကျ စုသိမ်းခြင်း၊
စာရင်းဇယားကောင်းစွာပြုစု၍ စနစ်တကျထိန်းသိမ်းခြင်းကို ပြုရမည်ဖြစ်၏။ ခွဲဝေသုံးစွဲရာတွင် ခရစ်တော်၏
မဟာစေစားချက်နှင့်အညီ ပေါ်ပေါက်လာသောအသင်းတော်ကြီး တိုးတက်ရှင်သန် ဖွံ့ဖြိုးရေးတွင်လည်း
ကောင်း၊ ပါဝင်အမှုတော်ဆောင်သူများကိုလည်းကောင်း ခွဲဝေထောက်ပံ့မှုပေးခြင်းကို ပြုလုပ်ရမည် ဖြစ်၏။
ထို့ပြင် ကူညီမစရန် လိုအပ်သူများကိုလည်း ကူညီမစရမည် ဖြစ်၏။

ခရစ်တော်ယေရှုက -

"သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသော သူတစ်ယောက်အား ပြုသမျှတို့
ကို ငါ့အားပြုကြပြီ" (မဿဲ ၂၅:၄၀) ဟု မိန့်ဆိုခဲ့သည့်အတိုင်း ဆင်းရဲဒုက္ခရောက်သူများအား ကူညီပေးကမ်း
ခြင်းသည် ခရစ်တော်ယေရှု အားပေးသကဲ့သို့ပင် ဖြစ်၏။





(ဂ) ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာပေးခြင်းနှင့် ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာ

ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကိုပေးရန် ပျက်ကွက်ခြင်း(သို့) မှန်မှန်ပူဇော် ဆက်ကပ်ခြင်းအားဖြင့် ရရှိ
မည့် အကျိုးဆက်တို့နှင့်ပတ်သက်၍ မာလခိအနာဂတ္တိကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထား၏။

(၁) ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကိုပေးရန် ပျက်ကွက်သူများနှင့်ပတ်သက်၍ ဖော်ပြရာတွင် ထာဝရ
ဘုရားသခင်က -

"လူသည်ဘုရားသခင်၏ ဥစ္စာကို လုယူရမည်လော။ သို့သော်လည်းသင်တို့သည် ငါ့ဥစ္စာကို
လုယူကြပြီ။ ကျွန်ုပ်တို့သည် အမှန်ဘယ်သို့လုယူကြပါသနည်းဟု သင်တို့မေးလျှင်၊ ဆယ်ဖို့တစ်ဖို့ကို
လည်းကောင်း၊ ပူဇော်သက္ကာကိုလည်းကောင်း လုယူကြပြီ။ သင်တို့သည် ကျိန်ခြင်းအမင်္ဂလာကို ခံကြရ၏။
အကြောင်းမူကား ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကို လုယူကြပြီ" (မာလခိ ၃:၈-၉) ဟုဖော်ပြထား
၏။ ထို့ကြောင့် ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာသည် ဘုရားသခင်နှင့်ဆိုင်သောကြောင့် ဆယ်ဖို့တစ်ဖို့ ပူဇော်
သက္ကာကိုပေးရန် ပျက်ကွက်ခြင်းသည် ဘုရားသခင်၏ဘဏ္ဍာကို လုယူခြင်းပြုသကဲ့သို့ပင် ဖြစ်၏။ ဤသို့ပူ
ဇော်ဆက်ကပ်ရန် ပျက်ကွက်သူများသည် ကျိန်ခြင်းအမင်္ဂလာကိုခံကြရသောကြောင့် ဘုရားသခင်ထံမှ
ကောင်းချီးမင်္ဂလာကို မခံစားရဘဲ အသက်တာတွင် အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့တတ်၏။

(၂) ဆယ်ဖို့တစ်ဖို့ ပူဇော်သက္ကာကို မှန်မှန်ပူဇော်ဆက်ကပ်ခြင်းပြုသူများနှင့် ပတ်သက်၍ ဆက်
လက်ဖော်ပြရာ၌ -

"ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌ စားစရာရှိခြင်းငှာ ပြုကြလော။
ငါသည် မိုးကောင်းကင်ပြူတင်းပေါက်ကိုဖွင့်၍ ကောင်းချီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည်၊ မသွန်း
လောင်းမည်ကို ထိုသို့စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေတို့၏ အရှင်ထာဝရဘုရား မိန့်တော်မူ၏။"
(မာလခိ ၃:၁၀) ဟု ဖော်ပြထား၏။ ထို့ကြောင့် ဆယ်ဖို့တစ်ဖို့ ပူဇော်သက္ကာကို မှန်မှန်ပေးခြင်းအား ကျင့်သုံး
သူများသည် ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာကို ကောင်းကင်မှ မိုးရွာချသကဲ့သို့ ခံစားရမည့်အကြောင်း
လက်တွေ့စမ်းသပ်ကြည့်ရန် မိန့်ကြားထားသည်ကို တွေ့ရ၏။ ယနေ့လက်တွေ့အသက်တာတွင်လည်း
ဆယ်ဖို့တစ်ဖို့ ပူဇော်သက္ကာမှန်မှန်ပေးခြင်းကို ကျင့်သုံးသောသူများ၊ အသင်းတော်များသည် ဘုရားသခင်ထံ
မှ ကြွယ်ဝသောကောင်းချီးမင်္ဂလာကို ခံစားရကြောင်းသက်သေခံကြ၏။

## ၆။ အချိုးကျပေးလှူခြင်းနှင့် ခရစ်တော်ယေရှု၏ သွန်သင်ချက်

ခရစ်တော်ယေရှုက လှူဒါန်းပေးကမ်းခြင်းပြုရာတွင် ဆယ်ချိုးတစ်ချိုးသာမဟုတ်၊ မိမိတို့တတ်နိုင်
သမျှ ပေးကမ်းလှူဒါန်းခြင်းပြုရန်ကို "တတ်နိုင်သမျှအတိုင်း ဆင်းရဲသားတို့အား စွန့်ကြဲကြလော့" (လုကာ
၁၁:၄) ဟူ၍လည်းကောင်း "အကြင်သူ၌များစွာသောဥစ္စာကို အပ်နှင်း၏။ ထိုသူကို များစွာတောင်းလိမ့်မည်။"
(လုကာ ၁၂:၄၈) ဟူ၍လည်းကောင်း မိန့်ကြားခဲ့၏။ ထို့ပြင် မိမိအားဘုရားသခင်က ပေးအပ်ထားသော
ဆုကျေးဇူးများကို အခြေခံ၍ မိမိတို့အားထုတ်မှုများဖြင့် တိုးပွားလာသော အကျိုးအမြတ်များကို ဘုရားသခင်
ထံပြန်တိုး၍ ဆုကျေးဇူးများ ပို၍ခံစားရမည့်အကြောင်းကိုလည်း ခရစ်တော်ယေရှုက သွန်သင်ခဲ့၏။ (မဿဲ
၂၅:၁၄-၂၁)

အချိုးကျပေးလှူခြင်းဟုဆိုရာတွင်လည်း ပေးလှူသောပမာဏသည် များသည်၊ နည်းသည်မှာ
ပဓါနမဟုတ်။ မိမိခံစားရရှိထားသော ဆုကျေးဇူးထဲမှ ဘယ်အချိုးအဆကိုပြန်၍ ပေးလှူခြင်းပြုသည်ဆိုသည့်
အချက်ကသာ အဓိကဖြစ်ကြောင်း ခရစ်တော်ယေရှုက မုဆိုးမကပေးလှူသောဒင်္ဂါးနှစ်ပြားကို အခြေခံ၍
သွန်သင်ခဲ့၏။

ခရစ်တော်ယေရှုက "ငွေရတတ်သောသူတို့ (ငွေကြေးကြွယ်ဝသောသူ)သည် အလှူဒါနကို (ဗိမာန်

တော်အတွင်းရှိ) ဘဏ္ဍာတိုက်ထဲသို့ သွင်းချသည်ကို မြင်တော်မူ၏။ ဆင်းရဲသားမုဆိုးမ တစ်ယောက်သည်လည်း (ဘဏ္ဍာတိုက်ထဲသို့) ကြေးနီဒင်္ဂါးနှစ်ပြား သွင်းချသည်ကို မြင်တော်မူလျှင် ငါအမှန်ဆိုသည်ကား ထိုဆင်းရဲသော မုဆိုးမသည် အခြားသောသူ အပေါင်းတို့ထက်သာ၍ သွင်းချပြီ။ ထိုသူအပေါင်းတို့သည် မိမိတို့ကြွယ်ဝသည့် စည်းစိမ်ထဲမှနုတ်၍ ဘုရားသခင်၏ အလိုတော်စုထဲသို့ သွင်းချကြ၏။ ထိုမိန်းမမူကား အလွန်ဆင်းရဲလျက်ပင် မိမိအသက်မွေးစရာ ဥစ္စာရှိသမျှကို သွင်းချလေပြီဟု မိန့်တော်မူ၏" (လုကာ ၂၁:၁-၄)။

## ၇။ လှူဒါန်းပေးကမ်းရာတွင် ရှိအပ်သော စိတ်နေသဘောထား

ခရစ်တော်ယေရှုက လှူဒါန်းပေးကမ်းရာတွင် ရှိအပ်သောစိတ်နေသဘောထားကို တောင်ပေါ်ဒေသနာကို ဟောကြားရာ၌-

"သင်သည် အလှူဒါနကိုပေးသောအခါ ပေးကြောင်းကို မထင်ရှားစေခြင်းငှာ လက်ျာလက်ပြုသည့်အမှုကို လက်ဝဲလက် မသိစေနှင့်။ မထင်ရှားသောအရာကိုမြင်တော်မူသော သင့်အဘသည် အကျိုးကို ထင်ရှားစွာပေးတော်မူလတံ့။" (မဿဲ ၆:၃-၄) ဟု သွန်သင်ခဲ့၏။ ထို့ပြင် ရှင်ပေါလုကလည်း- "မစခြင်းအမှုကိုပြုသောသူသည် စေတနာစိတ်နှင့် ပြုစေ။" (ရော ၁၂:၈) ဟူ၍လည်းကောင်း၊ "နှမြောသောစိတ်နှင့်မလှူရ၊ မလှူပဲမနေရဟု စိတ်ထင်နှင့်မလှူရ၊ အကြောင်းမူကား စေတနာစိတ်နှင့် လှူသောသူကို ဘုရားသခင်နှစ်သက်တော်မူ၏။" (၂ကော ၉:၇) ဟူ၍လည်းကောင်း မိန့်ကြားခဲ့၏။

## ၈။ ပေးကမ်းလှူဒါန်းခြင်းနှင့် ချစ်ခြင်းမေတ္တာ

ခရစ်ယာန်ယုံကြည်ကျင့်သုံးမှု၏ ဗဟို အချက်အခြာသည် ချစ်ခြင်းမေတ္တာ ဖြစ်၏။ လူတစ်ဦး၌ရှိနေသောပေးကမ်းလှူဒါန်းလိုစိတ်သည် ချစ်ခြင်းမေတ္တာအပေါ်၌ပင် အရင်းခံ၏။ ချစ်ခြင်းမေတ္တာကို ကြီးစွာပွားများနိုင်သူ များသည် မိမိခံစားရရှိသော ဆုကျေးဇူးများထဲမှရက်ရောစွာ သူတစ်ပါးအား ပေးကမ်းစွန့်ကြဲကြ၏ .။ ဘုရားသခင်ထံလည်း ထိုက်တန်စွာပြန်၍ ပူဇော်ဆက်ကပ်ကြ၏။

ဤသို့ပြုခြင်း၌လည်း ဝမ်းမြောက်ရွှင် လန်းခြင်းရှိကြ၏။ ပေးကမ်းလှူဒါန်းခြင်းသည် ချစ်ခြင်းမေတ္တာနှင့် ဒွန်တွဲနေ၏။ မေတ္တာမပါပဲ ပေးကမ်းခြင်းသည် အချည်းအနှီးဖြစ်ကြောင်းကို သမ္မာကျမ်းစာထဲတွင်- "သူတစ်ပါးကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်သည်သာမက ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှာ လိုအပ်သော်လည်း မေတ္တာမရှိလျှင် ငါ၌အကျိုးမရှိ" (၁ကော ၁၃:၃) ဟု ရှင်ပေါလုက မိန့်ဆိုခဲ့၏။ ထို့ပြင် ဆက်လက်၍-

"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ ကိုယ့်အကျိုးကို မရှာတတ်။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သီးခံတတ်၏။"(၁ကော ၁၃:၄-၇) ဟု မိန့်ဆိုခဲ့၏။

ချစ်ခြင်းမေတ္တာသည် စေတနာစိတ်ကို နိုးထစေ၏ . .။ စေတနာစိတ်နိုးထလာပါကလူတို့သည် ကိုယ်ကျိုးကို စွန့်လွှတ်၍ အနစ်နာခံကာ အမှန်တကယ်လိုအပ်သူများကို ပေးလိုသောဆန္ဒသည် ပေါ်လာ၏။ မိမိတို့ပေးနိုင်သည်ထက်ပင် ပို၍စွန့်လွှတ်ပေးကမ်းတတ်ကြသည်။ ထို့ကြောင့် သမ္မာကျမ်းစာတွင်- "စေတနာစိတ်သည် အသင့်ရှိလျှင် မတတ်နိုင်သည့်အမှုကို မထောက်ဘဲ တတ်နိုင်သော အကျုကိုထောက်၍ နှစ်သက်တော်မူဖွယ်ဖြစ်၏။" (၂ကော ၈:၁၂) ဟု ရှင်ပေါလုက ဖော်ပြထား၏။

ထို့ပြင် သူတစ်ပါးအား ကျေးဇူးပြုခြင်း၊ စွန့်ကြဲခြင်း၊ ရက်ရောစွာပေးကမ်းလှူဒါန်းခြင်းအားဖြင့် လာမည့်အသက်တာအတွက် ကောင်းသောဘဏ္ဍာကိုဆည်းပူးရန် ရှင်ပေါလုက မိမိတပည့်တိမောသေကို ဆိုဆုံးမခဲ့၏။ (၁တိ ၆:၁၈-၁၉)။

## ၉။ ပေးကမ်းလှူဒါန်းရန် လမ်းညွှန်

(က) ယုံကြည်သူ ခရစ်ယာန်တိုင်းသည် ပေးကမ်းလှူဒါန်းခြင်းပြုရာတွင် ချစ်ခြင်းမေတ္တာကို ရင်ဝယ်ပိုက်၍ စေတနာထက်သန်စွာထားရှိပြီး ရွှင်လန်းသောစိတ်ဖြင့် ပြုလုပ်နိုင်ရမည် ဖြစ်၏။

(ခ) ပေးကမ်းလှူဒါန်းခြင်း ပြုရာတွင်လည်း






ဘုရားသခင်ထံမှ မိမိခံစားရရှိသည့် ဆုကျေးဇူးများကို အချိုးကျခွဲဝေ၍ စနစ်တကျ ပေးကမ်းခြင်း ပြုရမည်ဖြစ်၏။ ဤသို့ပြုရာတွင် မိမိတို့ခံစားရရှိသည့် ဆုကျေးဇူးထဲမှ များနိုင်သမျှ များသောအချိုးကို ဖယ်၍ ပေးကမ်းစွန့်ကြဲခြင်းကို ပြုတတ်ရမည် ဖြစ်၏။

(ဂ) ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာကို ပေးခြင်းသည် အချိုးကျပေးလှူခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်၏။ ဆယ်ဖို့တစ်ဖို့ပူဇော်သက္ကာသည် ဘုရားသခင်ပိုင်သောကြောင့် ပေးရန်ပျက်ကွက်ခြင်းသည် ဘုရားသခင်ပိုင်သည့် ဘဏ္ဍာကို လုယူသကဲ့သို့ဖြစ်သည်ဟု သမ္မာကျမ်းစာက သတိပေးနှိုးဆော်ထား၏။ မှန်မှန်ပူဇော်ဆက်ကပ်သူများအပေါ်သို့ ကောင်းချီးမိုးရွာမည်ဟုလည်း ထာဝရဘုရားသခင် မိန့်တော်မူထား၏။

(ဃ) လူတိုင်း အချိုးကျပေးနိုင်ရန် အတွက် ငွေကြေးဥစ္စာကိုမြိုးမြံပြီး စနစ်တကျသုံးသင့်၏။ ဖြုန်းခြင်း၊ တွန့်တိုခြင်းမရှိဘဲ မှန်ကန်စွာ အသုံးပြုခြင်းအားဖြင့် ပေးသင့်ပေးထိုက်သူများကို ရက်ရောစွာပေးကမ်းလှူဒါန်းခြင်း ပြုတတ်ရမည်ဖြစ်၏။

(င) ပူဇော် ဆက်ကပ်ရာတွင် ဘုရားသခင်အား အဦးအဖျားထိုက်တန်စွာ ပြန်၍ ပူဇော်ဆက်ကပ်ရ မည် ဖြစ်၏။

(စ) လောကီတာဝန်အရ ကျွေးသင့်ကျွေးထိုက်၊ ပေးသင့်ပေးထိုက်သူများကို ကျွေးမွေးပေးကမ်းရမည် ဖြစ်၏။



(ဆ) ထို့ပြင် မိမိထက် အခြေအနေနိမ့်ကျသော၊ ဆင်းရဲနွမ်းပါး၍ အတိဒုက္ခနှင့် ရင်ဆိုင်ရသောသူများ၊ ခိုကိုးရာမဲ့ဖြစ်နေသူများ၊ မုဆိုးမများ၊ နာမကျန်းဖြစ်နေသူများကိုလည်း ကူညီမစပေးကမ်းရမည်ဖြစ်၏။

## ၁၀။ နိဂုံး၊ ဘုရားသခင်ထံမှ ကောင်းချီးခံစားရရှိရန် ပေးကမ်းလှူဒါန်းကြ

ချစ်ခြင်းမေတ္တာကို ရင်ဝယ်ပိုက်၍ စေတနာစိတ် ထက်သန်စွာဖြင့် မိမိရရှိ ထားသော ဆုကျေးဇူးထဲမှ ပေးကမ်းလှူဒါန်းခြင်းကို ပြုလုပ်ရန် ခရစ်တော်ယေရှုက -

"သင်တို့သည် အဖိုးမပေးဘဲ ကျေးဇူးတော်ကိုခံရကြပြီးဖြစ်၍ အဖိုးမပေးဘဲ ပေးကမ်းကြလော့" (မဿဲ ၁၀:၈) ဟု မိန့်ကြားခဲ့၏။

ဤသို့ ပေးကမ်းလှူဒါန်းခြင်း ပြုလုပ်ပါက ဆတက်ထမ်းပိုးတိုး၍ ဆုကျေးဇူးများကို ခံစားကြရမည့်အကြောင်းကိုလည်း ခရစ်တော်ယေရှုက -

"သူတစ်ပါးအားပေးကြလော့၊ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန်မြင်ရုံမျှမက သိပ်နှိပ်လျက်၊ လှုပ်လျက်လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည် . . .။ အကြောင်းမူကား သင်တို့သည် သူတစ်ပါးအား ပေး၏။ ထိုပမာဏ အတိုင်း ကိုယ်ခံရမည်။" (လုကာ ၆:၃၈)။

ဖွံ့ဖြိုးရင့်ကျက်ခြင်းသို့ ရောက်သူများသည် ယနေ့ပင် စိုက်ပျိုးခြင်းကို ပြုကြပါစို့။ ဘုရားသခင်ထံမှ မရေတွက်နိုင်သော ဆုကျေးဇူးများကို ခံစားရရှိရန် ယနေ့ပင် အချိုးကျ လှူဒါန်းပေးကမ်းခြင်းကို စနစ်တကျ ပြုလုပ်ကြပါစို့။

'မည်သူမဆို စိုက်သည့်အတိုင်း ရိတ်ရလိမ့်မည်။'

ဒေါက်တာဦးအောင်လှထွန်း



# my MASTER WAS SO VERY POOR

My Master was so very poor,
A manager was His cradling place:
SO very rich my Master was,
Kings came from far to gain His grace.
My Master was so very poor,
And with the poor He broke the bread:
So very rich my Master was,
That multitudes by Him were fed.
My Master was so very poor,
They nailed Him naked to a cross:
So very rich my Master was,
He gave His all and Knew no loss.

Harry Lee

စောမုတ်ဆိတ်(ကေတု)





သခင်ယေရှုရဲ့ အသက်တာနဲ့အမှုတော်ခြင်း (His Life and Ministry )ကို အခြေပြုရေးဖွဲ့ထားတဲ့ ဒီ MY MASTER WAS SO VERY POOR ဆိုတဲ့ကဗျာမှာ သခင်ယေရှု တွေ့ကြုံခံစားခဲ့ရတဲ့ ဆင်းရဲခြင်းအခက်အခဲ၊ ချို့တဲ့မှုတွေကို ဖေါ်ပြထားသလို သခင်ယေရှုရဲ့ စွမ်းဆောင်ရည် ဘုန်းဂုဏ်ကြွယ်ဝမှုတွေကိုလည်း ဖော်ပြထားပါတယ် . . .။ အထူးသဖြင့် သခင်ယေရှုရဲ့ မွေးဖွားခြင်း၊ အမှုတော်ဆောင်ခြင်းနဲ့ အသွေးသွန်း ကယ်တင်ခြင်းဖြစ်ရပ်များကို ဆန့်ကျင်ဘက်ရှုထောင့်များကနေ တင်ပြထားပါတယ် . . .။

ဆင်းရဲခက်ခဲချို့တဲ့နေသည့်တိုင် သူတစ်ပါးအတွက် အဓိပ္ပါယ်ရှိနေသလို ကြွယ်ဝလှတဲ့ ဘုန်းဂုဏ်အားဖြင့်လည်း သူတစ်ပါးအတွက် အဓိပ္ပါယ်ရှိနေခြင်းကို ဖော်ပြထားတာ တကယ်ခွန်အားယူစရာကောင်းတဲ့ အချက်လို့ ခံစားရပါတယ်။ ဒီကဗျာနဲ့ ဆက်စပ်ပြီးတော့ (မာကု ၂၃:၄၁-၄၄) နဲ့ (လုကာ ၂၁:၁-၄) မှာ ဖော်ပြထားတဲ့ မုဆိုးမတစ်ယောက်ရဲ့ လှူဒါန်းခြင်းကို သွားပြီးသတိရမိပါတယ်။ ဆင်းရဲပေမယ့်လည်း ရှိတဲ့ ငွေဒင်္ဂါးနှစ်ပြားကို အကုန်လှူလိုက်တဲ့မုဆိုးမရဲ့ စိတ်စေတနာ၊ သဒ္ဒါတရားကြွယ်ဝလှတဲ့ အလှူကို သခင်ယေရှုက ဒီလို မှတ်ချက်ပေးခဲ့ပါတယ်။ Everyone else gave what they didn't need. But she is very poor and gave everything she had. သူဟာ ဆင်းရဲပေမယ့် သူ့မှာရှိတာအားလုံးကို လှူဒါန်းသွားတာဖြစ်တယ်ဆိုတဲ့ အကြောင်းပါ။

တမန်တော်ဝတ္ထု ၃:၁-၉ မှာ ဖေါ်ပြထားတဲ့ ပေတရုနဲ့ယောဟန်တို့ တင့်တယ်အမည်ရှိသော တံခါးနားက ခြေမစွမ်းတဲ့ တောင်းစားသူတစ်ယောက်ကို ကုသပေးတဲ့အကြောင်းကိုလည်း မြင်ယောင်မိပါတယ်။ ပေတရုရဲ့ ပြောစကားကတော့ "I haven't got any silver or gold! But I will give you what I do have. In the name of jesus Christ from Nazareth, get up and start walking" ငါ့မှာပေးစရာ ငွေမရှိဘူး။ ရှိတာပဲ ပေးမယ်။ နာဇရက်မြို့သား ယေရှုရဲ့နာမတော်အားဖြင့် ထလှမ်းသွားလော့ . . .။


ကျွန်တော်တို့ဟာ မပြည့်စုံတဲ့လူသားများဖြစ်ကြသလို သူတစ်ပါးနဲ့မတူတဲ့ စွမ်းဆောင်ရည်ကောင်းတွေကိုလည်း ဆောင်ရွက်နိုင်တဲ့ ဆုကျေးဇူးပါရမီရှိတဲ့သူတွေ ဖြစ်ပါတယ်။ သူတစ်ပါးအတွက် အဓိပ္ပါယ်ရှိနေတဲ့သူ၊ အမှန်တကယ် အကူအညီလိုအပ်နေတဲ့သူတွေအနေနဲ့ ဒုက္ခအခက်အခဲရောက်နေကြသူတွေကို ရိုးသားစွာ ကူညီမစသူများအဖြစ်သို့ အရေးကြီးကြောင်း ခံစားမိပါတယ်။

ယနေ့ခေတ်အခြေအနေအရ ကျွန်တော်တို့ဟာ လိုအပ်တဲ့အရာတွေအတွက်ရော လိုချင်တဲ့အရာတွေအတွက်ပါ ရုန်းကန်နေကြရတယ်ဆိုတာ နားလည်ပါတယ်။ ဘဝမှာ ရလို့ ပျော်ဖူးကြပါတယ်။ ဒါပေမဲ့ ပေးလှူလိုက်ရလို့ ပျော်တဲ့အပျော်လည်း ဘဝအဓိပ္ပယ်တစ်မျိုး၊ အလှတစ်မျိုး၊ အရသာတစ်မျိုးဖြစ်တယ်ဆိုတာ ဒီကဗျာအားဖြင့် ခံစားမိပါတယ်။ ဖတ်ခဲ့ဖူးတဲ့ အဆိုအမိန့်တစ်ခုကိုလည်း ဝေမျှချင်ပါတယ် . . .။

Do all the good you can,
By all the means you can,
In all the ways you can,
In all the places you can,
At all the times you can,
To all the people you can,
As long as ever you can.

ကောင်းတဲ့အလုပ်အားလုံးကို လုပ်နိုင်သမျှ လုပ်ပါ။ ဘယ်နည်းနဲ့ဖြစ်ဖြစ် လုပ်နိုင်သမျှလုပ်ပါ။ အားလုံးသောနည်းလမ်းများနဲ့ လုပ်နိုင်သမျှလုပ်ပါ။ နေရာအားလုံး လုပ်နိုင်သမျှလုပ်ပါ။ အချိန်ကာလအားလုံးမှာ လုပ်နိုင်သမျှလုပ်ပါ။ အားလုံးသောလူတွေအတွက် လုပ်နိုင်သမျှလုပ်ပါ . . .။ အမြဲတမ်း လုပ်နိုင်သမျှ လုပ်ပါ . . .။

စောမုတ်ဆိတ် (ကေတု)








ကချင်တိုင်းရင်းသူလေး

# သရုပ်ဆောင်အောန်ဆိုင်း နှင့်

ခဏတာ



ကျွန်တော်တို့ကတော့ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ ရှာလုမ်မဂ္ဂဇင်းဝိုင်းတော်သားများ ဖြစ်ပါတယ် ....။ ရှေးဦးစွာ အစ်မနာမည်၊ ဇာတိ၊ ပါဝင်နေတဲ့အသင်းတော်ကို ရှာလုမ်စာဖတ်ပရိတ်သတ်များနဲ့ မိတ်ဆက်စေလိုပါတယ် ...။

■■ အစ်မနာမည်ကတော့ .. အောန်ဆိုင်း ဖြစ်ပါတယ်။ ကချင်လူမျိုး ဂျိမ်းဖော့သူ ဖြစ်ပါတယ်။ အစ်မရဲ့ ဇာတိကတော့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်ကဖြစ်ပြီး အသင်းတော်ကတော့ ရှိမန်ကက်သလစ် အသင်းသားတစ်ဦး ဖြစ်ပါတယ် ..။

အစ်မအနေနဲ့ အနုပညာလောကထဲကို ဘယ်ခုနှစ်ကနေ ဝင်ရောက်လာပြီး၊ ဘယ်လိုပုံနဲ့ ရောက်လာတဲ့အကြောင်းကို ပြောပြပေးပါလား။

■■ အစ်မကတော့ (၂၀၀၈) Miss Kose ပြိုင်ပွဲမှာ ကျေးဇူးတော်ကြောင့် ဆုရပြီး အနုပညာလောကထဲ ရောက်ရှိလာပါတယ် ..။

အစ်မအနုပညာနဲ့ ပတ်သက်ပြီး ခံစားချက်အမြင်လေးတွေကို ပြောပြပေးပါအုံး။

■■ အနုပညာကို စိတ်ဝင်စားတယ် ...။ ဒါပေမယ့် အနုပညာလောကက ကျွန်မတို့ရဲ့ အသိုင်းအဝိုင်းနဲ့တော့ အရမ်းအလှမ်းဝေးပါတယ်။ ပြီးတော့ ခက်ခဲပါတယ်။ ကျွန်မ တစ်ဦးတစ်ယောက်အနေနဲ့ဆို ဘယ်လိုမှ ဖြစ်လာမှာမဟုတ်ဘူးလို့ ထင်တယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့ ကျေးဇူးတော်သက်သက်ကြောင့် အနုပညာသရုပ်ဆောင် လုပ်ခွင့်ရခဲ့ပါတယ်။ အနုပညာလုပ်ခြင်းအားဖြင့် တော်များများရဲ့ ချစ်ခြင်းမေတ္တာကို ခံစားခွင့် ရပါတယ် ...။ ဘုရားသခင်က ကျွန်မကို ကောင်းချီးပေးတယ်လို့ ခံစားရပါတယ်။

အစ်မအနုပညာ လမ်းကြောင်းမှာ ဘု

ရားသခင်နဲ့ ဘယ်လိုလက်တွဲခဲ့ပါသလဲ။

■■ ဘယ်အရာကိုမဆို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံဆုတောင်းပြီးမှ လုပ်ပါတယ် . .။ ဒါကြောင့် ဘုရားသခင်ကလည်း ကျွန်မကို မျက်နှာသာ ပေးခဲ့ပါတယ်။

အရင်ကနဲ့ အခုအောင်မြင်လာတဲ့အခါ ဘယ်လိုကွာခြားမှု ရှိပါသလဲ။

■■ ကွာခြားတာတော့မသိဘူး။ အားလုံးက ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်ပါပဲ။

ကျမ်းစာထဲမှာ အစ်မက ဘယ်သူ့ကို သဘောကျပါသလဲ။

■■ အက်စတာရဲ့ လုပ်ဆောင်ချက်ကို သဘောကျပါတယ်။ အမျိုးသမီးတစ်ဦးဖြစ်ပေမယ့် သူ့လူမျိုးကို ချစ်တယ်၊ မိဖုရားတစ်ဦးဖြစ်နေပေမယ့် သူ့မောက်မာခြင်း မရှိဘူး။ သူ့လူမျိုးတွေ ဒုက္ခရောက်တဲ့အခါ သူ့အသက်ကိုတောင်ဂရုမစိုက်ဘဲ သူ့ရဲ့လူမျိုးတွေကို ကာကွယ်ပေးခဲ့တာကို အားကျပါတယ်။

အစ်မစိတ်ဖိအားတွေကြောင့် စိတ်ရှုတ်ထွေးမှု ခံစားရတဲ့အချိန်တွေမှာ ဘယ်လိုဖြေရှင်းခဲ့ပါသလဲ။

■■ ဖိအားတွေများတဲ့အခါ ဘုရားသခင်ကို အော်ဟစ်ပြီး တိုင်ပင်မိတယ် ဘာကြောင့်လည်း ဆိုပြီး။ ကိုယ်တော် ဘယ်လိုအလိုရှိသလဲပေါ့.....။

အစ်မဘဝမှာ ဘုရားသခင်နဲ့ လျှောက်လှမ်းရတဲ့အတွက် ဘယ်လိုခံစားရပါသလဲ။

■■ ဘုရားသခင်နဲ့ လျှောက်လှမ်းရတဲ့ အတွက် လုံခြုံစိတ်ချတယ်၊ အေးချမ်းပါတယ်။

အခု အစ်မက ဘာသာရေး ဓမ္မတေးခွေတွေမှာ သရုပ်ဆောင်နေတာကို တွေ့ရတယ်။ တခြား သရုပ်ဆောင်မှုတွေနဲ့ ဘယ်လိုကွာခြားပြီး၊ ဘယ်လိုခံစားမှု ရှိပါသလဲ။

■■ ဓမ္မတေးခွေကို သရုပ်ဆောင်တဲ့ အခါ အဝတ်အစား၊ အပြင်အဆင် စသဖြင့်အဖက်ဖက်ကနေပြီးတော့ အရမ်းသတိထားရပါတယ်။ စိတ်ပျော်ရွှင်ပြီး ကျေနပ်ပါတယ်။ ကိုယ်တတ်နိုင်တဲ့ အစွမ်းအစနဲ့ ဘုရားသခင်ကို ဆက်ကပ်ခွင့် ဘုရားသခင်ရဲ့ အမှုတော်အတွက် တစ်ထောင့်တစ်နေရာကနေပြီး ပါဝင်ရတဲ့အတွက် ကိုယ့်ကိုယ်ကို ဂုဏ်ယူမိပါတယ်။

ယနေ့ အသင်းတော်များတွင် ပါဝင်နေကြတဲ့ လူငယ်တွေအပေါ် အစ်မရဲ့ အမြင်လေး သိပါရစေ။

■■ ကိုယ်ရဲ့မိသားစု အသင်းတော်မှာ လူငယ်တွေပါဝင်တာ အရမ်းကောင်းပါတယ်။ ဒီလူငယ်တွေမှ မပါဝင်ရင် အနာဂတ်မှာ အသင်းတော်ကြီးက ဘယ်လို ဆက်လက်လှုပ်ရှားမလဲ။ အသင်းတော်မှာ လူငယ်များလေ ကောင်းလေ ဆက်ကပ်လေ အသင်းတော်ကြီးတိုးတက်လေ ဖြစ်မှာ သေချာပါတယ်။

ရှာလုမ် စာဖတ်ပရိတ်သတ်တွေ အတွက် အစ်မရဲ့စကားလက်ဆောင်နဲ့ ဘယ်လို ခွန်အားပေးစေလိုပါ သလဲ။

■■ ရှာလုမ် စာဖတ်ပရိတ်သတ်တွေအပေါ် ဘုရားသခင် ကောင်းချီးပေးပါစေ . . .။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ် . .။

ရှာလုမ်ဝိုင်းတော်သားများ





အခန်း (၁)

"ဆရာကြီးယော ဒီမှာ ညေ့သည်"

"ဘယ်မှာလဲ . . ၊ ခေါ်လာလေ"

"ဟုတ်ကဲ့ပါ"

"ဘာကိစ္စများပါလိမ့်"

"ကျွန်မ ဒေါ်သက်ဝေ" ပါ . .။ ဆရာကြီးတို့ဖွင့်တဲ့စာသင်ကျောင်းမှာ သင်ဖို့ အန်တီချိုက လွှတ်လိုက်တာပါ"

"အေးကွယ် . . ဆရာမကို တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်ကတော့ ဒီဘုရားကျောင်းက ကျောင်းထိုင်ဘုန်းတော်ကြီး ဦးယောဟန်ပါ။ အတော်ပဲ ဆရာဦးမျိုးလည်းရောက်နေတာနဲ့ တစ်လက်စထဲ မိတ်ဆက်ပေးလိုက်မယ်။ သူက ကျွန်တော်တို့ဖွင့်တဲ့ စာသင်ကျောင်းက ဆရာဦးမျိုးလွင်ပါ"

"ဟုတ်ကဲ့ . . ဆရာမကို တွေ့ရတာ ကျွန်တော်လည်း ဝမ်းသာပါတယ်"

# အထင်နဲ့အမြင်

နှင်းဆီအိမ်



"ကျွန်မလည်း ဆရာလိုပါပဲ . . .။ လုပ်ဖော်ဆောင်ဖက်ဖြစ်တဲ့အတွက် ပိုဝမ်းသာမိပါတယ်"

"ဆရာမရယ် . . ဖုန်းဆက်ပြောရင် လာကြိုကြမှာပေါ့၊ ကျွန်တော်တို့မြို့လေးက မြို့ကြီးမဟုတ်တော့ စက်ဘီးနဲ့ဆိုက္ကားပဲ အသုံးများကြတယ်ကွဲ"

"ကိစ္စမရှိပါဘူးဆရာကြီး၊ ကျွန်မကိုယ်တိုင်ကလည်း ဘူတာရုံမှာကတည်းက ဒီဘုရားကျောင်းကိုမေးတာ သိပ်မဝေးဘူးဆိုလို့ ဒီလိုပဲ လျှောက်လာခဲ့တာပါ"

"အမယ်လေး ဆရာကြီးယောရေ . . ကျွန်တော်ပြောရင် ယုံမှာမဟုတ်ဘူးနော် . .။ ဟောဒီက ညည်းသည် (အဲလေ) ဆရာမကို ဘူတာအထွက်မှာ အထုပ်အပိုးတွေ တပွေ့တပိုက်ကြီး သယ်လာပြီး ဘုရားကျောင်းနာမည် မေးနေတာကြားတော့ ကျွန်တော်လည်း အကျိုးအကြောင်း သွားမေးခဲ့တာပေါ့။ နောက်မှ ဒီလာမယ်သိရလို့ ခေါ်လာတာပဲ"

"အေးကွယ် . . ဖိုးထူး ရှိပေလို့သာပေါ့။ ဪ၊ ဆရာမ သူကဖိုးထူးတဲ့။ ဘုရားကျောင်းကို စောင့်ရှောက်ရင်း ဒီထောင့်ဘက်စွန်း အိမ်လေးမှာ နေတယ်။ ကျောင်းကလည်း သူ့ကို အားကိုးရတယ်"

"ဟုတ်ကဲ့၊ ကိုဖိုးထူး အခုလို လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးပဲနော်"

"ရပါတယ်ဆရာမ၊ နောက်လိုတာရှိရင် ခေါ်နိုင်းနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ။ ဒါနဲ့ ဆရာကြီး ကျွန်မအတွက် နေရမည့်နေရာ ဘယ်လို စီစဉ်ပေးထားပါသလဲ"

"ဆရာမကတော့ အဆောင်မှူးဖြစ်လို့ ဒီအမျိုးသမီးဘော်ဒါဆောင်ရဲ့ အစွန်ခန်းမှာ ထားပေးပါတယ်။ အခုတော့ ကျွန်တော့်အိမ်မှာ နားလိုက်ဦး။ ညနေ ထမင်းစားပြီးမှ အဆောင်ဘက်ကို သွားကြတာပေါ့"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

## အခန်း (၂)

"ဦးမောင်မောင်လတ်ရှိပါသလား"

"ရှိပါတယ်။ ဪ ဆရာ မျိုး ကိုး"

"ဒီမှာလေ၊ ဆရာမအသစ်ရောက်လာပြီ၊ ဒေါ်သက်ဝေတဲ့ . . ဆရာမရေ . . ဒီ Uncle က ကျွန်တော်တို့ဘော်ဒါဆောင်ရဲ့ Program Manager ဦးမောင်မောင်လတ်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ် Uncle"

"Uncleလည်း ဝမ်းသာပါတယ်။ အခုလို ကျောင်းဖွင့်အမီရောက်လာလို့ ကျေးဇူးလည်းတင်ပါတယ်"

"ဟုတ်ကဲ့"

"ဆရာမကို ပြောပြရဦးမယ်။ Uncle တို့တည်ထောင်တဲ့ ဒီ ဘော်ဒါဆောင်ဟာ (၇)နှစ်လောက်ရှိပြီ၊ နာမည်လည်း အတော်အတန်ရထားတယ်လို့ ဆိုရမှာပေါ့ကွယ်။ နောက်ပြီး ဒီဘော်ဒါကရလာတဲ့ဝင်ငွေနဲ့ အလှူတော်ငွေတွေကို တခြားရွာက လိုအပ်တဲ့ အသင်းတော်တွေကို ကူညီပေးနေတယ်လေ"

"ဟုတ်ကဲ့၊ အန်တီချို ပြောပြလို့ သိထားပါတယ်"

"ဒါဆို၊ ဆရာမကို ထူးထူးထွေထွေ ပြောစရာမလိုတော့ပါဘူး။ အရင်ထွက်သွားတဲ့ ဆရာမက အင်မတန်တော်ရာတယ်။ ဒါပေမဲ့ မဖြစ်မနေကိစ္စနဲ့ စင်ကာပူကိုသွားလိုက်တော့ Uncle တို့လည်း မတားသာဘူးပေါ့"

"ဟုတ်ကဲ့ပါ။ ကျွန်မလည်း Uncle တို့ ဘော်ဒါဆောင်အတွက် တတ်နိုင်သလောက် ကြိုးစားပေးပါ့မယ်။ တခြားဘာများ ကျွန်မကို ပြောစရာရှိပါသေးသလဲ"

"မရှိတော့ပါဘူး"

"ဒါဆိုရင် ကျွန်မပြန်လိုက်ပါဦးမယ် Uncle"

"ကောင်းပါပြီ"

## အခန်း (၃)

ဒီမယ်ဆရာမျိုး၊ အန်တီချိုက ဘယ်လိုလုပ်လိုက်တာလဲ . .။ နိုင်ငံခြားပြန် ဒေါက်တာဘွဲ့ရတစ်ယောက် လွှတ်ပေးမယ်ဆိုပြီး အခုတော့ အဓိပ္ပါယ်မရှိလိုက်တာ၊ "ဒီမှာဆရာမျိုး၊ ကျွန်တော်ရှင်းရှင်းပဲ ပြောမယ်။ ဒီလို ဘော်ဒါမျိုးတည်ထောင်တာ လွယ်တာမဟုတ်ဘူး။ လူအား ငွေအားရှိမှ ဖြစ်တာလေ။ အခုငွေကိစ္စကျတော့ Sponser တစ်ဦးက တာဝန်ယူ





ထားလို့ အဆင်ပြေနေတာ။ ဒါကြောင့် လူအားကျတော့ တို့အတော်ဆုံးဆရာတွေ ထည့်သုံးမှ ဖြစ်မှာပေါ့"

"မှန်ပါတယ် ဦးမောင်မောင်လတ်။ ဒါပေမဲ့ အန်တီချိုက လွှတ်လိုက်တယ်ဆိုမှတော့ ခပ်ညံ့ညံ့ လူစားထဲက ဟုတ်မယ်မထင်ဘူးနော်"

"ဘာပဲဖြစ်ဖြစ်ပေါ့ . . .။ တစ်ချို့မိဘတွေကျတော့ နိုင်ငံခြားပြန်မှ အထင်ကြီးတတ်တာလေ"

"ဒါတော့ ဒါပေါ့ဗျာ။ ဒါပေမယ့် ဒီဆရာမ ကြည့်ရတာ အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပုဝါ အစားထဲကလားမှ မသိတာ။ သူဟာ ပြည့်တဲ့အိုး ဖြစ်လို့ ဘောင်ဘင်ခတ်စရာမလိုဘူး ထင်ပါရဲ့။ အေးဆေး တည်ငြိမ်နေတာပဲ"

"ဒါနဲ့ . . ကျွန်တော်တို့ ကျောင်းသားဘယ်လောက်ရှိသွားပြီလဲ ဆရာမျိုး"

"နှစ်ဆယ်လောက်တော့ ရှိနေပါပြီ ဆယ်တန်းကျောင်းသားတော့ (၇)ယောက်ရှိတယ်။ အခုဟာက ဆရာအပြောင်းအလဲရှိတော့ မိဘတွေလည်း စနဲနာကြတုန်း ထင်တယ်။ အခုလိုဆရာမအစားရောက်လာပြီး ကြားရင် လာကြမှာပါ"

"အဲဒါပြောတာပေါ့။ လူမှာအဝတ်၊ တောင်းမှာအကွပ်လို့ဆိုထားတော့ စမတ်ကျကျ အသွင်အပြင်နဲ့ ဆိုတော်သေးတယ် အခုဟာက . . . ."

"ဒါကတော့ ဦးမောင်မောင်လတ်ရေ . . သူ့လုပ်ရည်ကိုင်ရည်ကို မမြင်တွေ့ရသေးဘူးလေ။ ကျွန်တော်တော့ အန်တီချိုကို ယုံတယ်။ အပွေးမြင်အပင်သိတဲ့ဒီဆရာမ မဆိုးဘူးလို့ ကျွန်တော်ထင်တာပဲ"

"ကဲ . . ကိုယ့်ဆရာရေ မိကျောင်းမင်းရေခင်းပြမနေနဲ့။ ခင်ပျားပဲ လေ့လာသုံးသပ်လိုက်တော့ ခင်ပျားလက်ထဲ အပ်လိုက်ပြီ။ ကျွန်တော်တော့ နေ့လည် (၁၁:၀၀)နာရီကျရင် အမှုဆောင် အစည်းအဝေးရှိလို့ ပြန်လိုက်တော့မယ်နော်"

"ကောင်းပါပြီဗျာ"

## အခန်း(၄)

ယနေ့ "မိုးသောက်ကြယ်" ဘော်ဒါဆောင်စဖွင့်ပြီးဖြစ်၍ ဆရာ / မများနှင့် ကျောင်းသူ / သားများလည်း မိမိတို့နှင့် သက်ဆိုင်ရာအခန်းထဲသို့ ဝင်သွားကြသော်လည်း ဆရာမဒေါ်ဂျယ်နဖင်းနှင့် ဒေါ်အိုင်ဗီတို့နှစ်ယောက်မှာမူ ရုံးခန်းနှင့် မလှမ်းမကမ်းတွင် ရပ်နေပြီး အထဲသို့ ချောင်းကြည့်နေကြသည်။ ထိုစဉ် ဖိုးထူးဖြတ်လာ၍

"ဟေး ဖိုးထူး . . ဆရာမအသစ်က ဟိုရုံးခန်းထဲက ဒေါင့်နားမှာထိုင်နေတဲ့ အမျိုးသမီးလား"

"ဟုတ်တယ်"

"ရန်ကုန်က လာတာဆို"

"ဟုတ်တယ်လေ"

"ဟင် . . ရန်ကုန်ကလာတယ်သာပြောတယ် မသားနားပါလား"

"ဒါကတော့ ဆရာမတို့ရယ် ပွဲလမ်းသဘင် သွားတာမှမဟုတ်တာ . . ရိုးရိုးပဲဝတ်မှာပေါ့"

"ဒါတော့ဒါပေါ့ . . ဒါပေမဲ့ ကျောင်းစဝင်တာဆိုတော့ သစ်သစ်လွင်လွင်လေးတော့ ဝတ်စားသင့်တာပေါ့"

"အေးဟယ် . . သိပ်မရှိရှာဘူး ထင်ပါရဲ့"

"အမယ်လေး . . ဆရာမတို့ကလည်း လူမြင်တာနဲ့ အပေါ်ယံကြောကြည့်ပြီး ဝေဖန်နေကြပြန်ပြီ"

ထိုစဉ် ဆရာမဒေါ်ကြည်ခင် ရောက်လာ၍

"အမယ်မယ် . . မရွှေချောနှစ်ယောက် ဒါက ဘာသဘောနဲ့ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြတာလဲ"

"ရှူး . . တိုးတိုး . . မကြည်ရဲ့"

"ဘာတိုးတိုးလဲ စပ်စုကြတာလည်း . . လွန်ရောပဲ"

"ဟင် . . မကြည်ကလည်း ကျွန်မတို့က သိချင်တာကိုး . . လို့"

"တော် . . ကိုယ့်Class ကိုယ်ပြန်ကြ၊ ကျောင်းတက်နေပြီပဲဟာ . . ခဏနေ ဦးမောင်မောင်လတ် လာတော့မယ်"

"ဟုတ် . . ဟုတ်ကဲ့"

ဒေါ်ဂျယ်နဖင်းနှင့် ဒေါ်အိုင်ဗီတို့ ကုတ်ကုတ်လေး ထွက်သွားသည်နှင့်

"အင်း . . ငါလည်း ဆရာမအသစ်ကို လေ့လာဖို့ လိုသေးတယ် . . ဖိုးထူးရဲ့" ဆိုပြီး ရုံးခန်းထဲသို့

ဝင်သွားရာ

"ဩော် . . ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့ဆိုတာ ဒါမျိုးပဲကိုး" ဟု ဖိုးထူးတစ်ယောက် မှတ်ချက်ချမိလေတော့၏။

အခန်း(၅)

"ဒေစီတို့ . . ဘာတွေ ဝိုင်းအုံကြည့်နေကြတာလဲ"

"ဒီ board ပေါ်မှာ ရေးထားတဲ့ စာကိုကြည့်တာပါ . . ဆရာမ"

"မှန်းစမ်း . . ဘာတွေရေးထားပါလိမ့်"ဆရာမဒေါ်သက်ဝေလည်း သင်ပုန်းနားသို့ကပ်ပြီး ကြည့်လိုက်ရာ . . ."ဆရာမလာ တို့တော့ပျော်သည်" ဆိုသောစာကြောင်းကို တွေ့ရ၍

"ဒီစာဘယ်သူရေးတာလဲ၊ ပြောလေ ဘယ်သူလဲလို့ . . ကဲ မင်းတို့မဖြေရင်နေ ဆရာမ မောင်တိုးအောင်ကိုပဲ မေးတော့မယ် . . ပြောပါဦး မောင်တိုးအောင် ဘယ်သူရေးတာလဲကွယ်"

"အဲဒါ . . အဲဒါ ကျွန်တော်ရေးတာပါ ဆရာမ"

"အေး . . အဲဒီလိုဝန်ခံမှပေါ့။ ဒီလိုဝန်ခံရဲတဲ့အတွက် မင်းကိုချီးကျူးပါတယ်။ ဒါပေမဲ့ အဲဒါမင်းကိုအားပေးတာမဟုတ်ဘူးနော်။ ကဲ . . ပြောစမ်း ဘာဖြစ်လို့ ဒီလိုရေးရတာလဲ"

"ဒီလိုပါဆရာမ . . . ကျွန်တော်က အဓိပ္ပါယ်တစ်မျိုးနဲ့ရေးတာပါ"

"ဒါထက်ရှင်းတာ . . ရှိသေးလို့လား"

"ရှိပါတယ်ဆရာမ။ ကျွန်တော်ရေးတဲ့ အဓိပ္ပါယ်က ဒီနေ့ သချာ်ဆရာမအားလို့ မလာတဲ့အတွက် ကျွန်တော်တို့ ပျော်နေကြတယ်လို့ ဆိုလိုတာပါ။ ဒါကြောင့် . . ဆရာ မလာ တို့တော့ပျော်သည် လို့ ဆိုလိုတာပါ"

"တော်ပါပေတယ် မြန်မာစာပါရဂူကြီးရယ်၊ ဒီမယ် အခုမင်းဝန်ခံလို့ ချီးကျူးတယ်ဆိုပြီး အပြစ်တွေလျှောက်လုပ်ပြီး ဝန်ခံဖို့ မဟုတ်ဘူးနော်။ မင်းလျှောက်လဲချက်ကောင်းတယ်လို့ မထင်နဲ့။ မင်းရဲ့ အဓိပ္ပါယ်နှစ်မျိုးနဲ့ ရေးတဲ့ စာကြောင်းကို ထမင်းစားတဲ့လူတိုင်း သဘောပေါက်တယ်။ ဒီတော့ ဒါပထမနဲ့ နောက်ဆုံးဖြစ်ပါစေ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါခင်ဗျ"

"မင်းလည်း စာကြိုးစားပါ။ မင်းဉာဏ်မဆိုးပါဘူး။ ဒီနှစ်တော့ မင်းဂရုစိုက်လိုက်ရင် အောင်နိုင်တယ်။ မင်းနားမလည်တာရှိရင် ဆရာမကိုမေးနိုင်တယ် သိလား"

"ဟုတ်ကဲ့ဆရာမ"

ဒေါ်သက်ဝေလည်း ပြောဆိုပြီးသည်နှင့် အနားယူခန်းသို့ ပြန်လာခဲ့လေ၏။

. . . အင်း ဒီကောင်လေးတွေက ဂျစ်ကန်ကန်လို့ ဆိုကြပေမဲ့ ဒီလောက်လည်းမဆိုးသေး ပါဘူး။ သူတို့ကို ကောင်းကောင်းကိုင်တွယ်နိုင်ရင် နာခံမှာပါ။ ငါစိတ်ရှည်ဖို့ပဲ လိုတယ်။ ဟုတ်ပြီ . . ငါ သည်းခံရမှာပေါ့။

အခန်း (၆)

ဤသို့ဖြင့် ဒေါ်သက်ဝေတစ်ယောက် ဤမိုးသောက်ကြယ်ဘော်ဒါဆောင်သို့ ရောက်လာသည်မှာ နှစ်ဝက်လောက်ရှိပြီးဖြစ်၍ အတူတကွလုပ်ဖော်ဆောင်ဖက်ဖြစ်သော ဆရာ/မများနှင့် ကျောင်းသူ/သားများပါမက ဘုရားကျောင်းတွင်ရှိသော မိတ်ဆွေများနှင့်လည်း ရင်းနှီးခင်မင်ကြလေပြီ။ သူ၏မိတ်ဆွေများလိုအပ်သည့် အကူအညီကိုလည်း ပေးတတ်၏။ ကျောင်းတွင် သန့်ရှင်းရေးလုပ်လျှင်လည်း ငါဆရာမပဲဟု လက်ညှိုးထိုးပြီး လုပ်ခိုင်းတာမျိုးမဖြစ်စေဘဲ သူကိုယ်တိုင် ဦးဆောင်ပြီး တပည့်များနှင့်အတူတကွ အမှိုက်လှဲခြင်း၊ မြက်နှုတ်ခြင်းများပြုလုပ်ကာ နမူနာကောင်းများ ပြသလျက်ရှိ၏။ ဤဘော်ဒါဆောင်ရှေ့မျက်နာစာတွင်လည်း ရောင်စုံ နှင်းဆီပန်းများ အစီအရီ စိုက်ထားသည်ကို တွေ့ရပေသည်။

ဆရာမဒေါ်သက်ဝေသည် ဘုရားကျောင်းကို မှန်မှန်တက်သည့်အပြင် Sunday School ကလေးတွေကိုလည်း နှုတ်ကပတ်တော်အကြောင်း သင်ကြားပေးသေး၏။ အဆောင်မှူး ဖြစ်သည်နှင့်အညီ ကျောင်းသူ/သားများနေထိုင်မကောင်းပါက အမေနှင့်မခြား ပြုစုပေး၏။ ဆေးရုံတက်ရသည့် အခါတွင်လည်း ကိုယ်တိုင်ညအိပ်စောင့်ပေးရှာ၏။ ဆေးဖိုးလိုလျှင်လည်း မိမိအိတ်ထဲမှပင် စိုက်ထုတ်ပေးတတ်၏။ မရှိသောသူများကိုပေးကမ်းရန် ဝန်မလေးချေ။





မိမိ၏ တပည့်များကို ပညာရေးတွင်မက စာရိတ္တပိုင်းဆိုင်ရာလည်း သွန်သင်ပေး၏။ အထူးသဖြင့် တပည့်များကို ကိုယ်တွယ်ရာတွင် အကြမ်းနည်းဖြင့်မသုံးဘဲ နူးညံ့သိမ်မွေ့စွာဖြင့် လိမ္မာပါးနပ်စွာ ပြောဆိုဆုံးမတတ်၏။ သို့ဖြစ်၍ ကျောင်းသူ/သားများသည် ဒေါ်သက်ဝေကို ချစ်ကြောက်ရိုသေကြလေ၏။

အခန်း (၇)

"ဆရာမ . . ဆရာမ ဟိုမှာစောလုကာနဲ့ အောင်မြင့်ဆွေ တို့ ရန်ဖြစ်နေကြတယ်"

"ဟောတော့ . . . ဆရာမျိုးကော"

"မရှိဘူး . . မြို့ထဲကို ကျောင်းကိစ္စနဲ့ သွားတယ်တဲ့"

"ဒါဆို . . ဟိုနှစ်ယောက်ကို ခေါ်ခဲ့"

ဒေါ်သက်ဝေအနားသို့ ကျောင်းသားနှစ်ယောက်ရောက်လာသောအခါ

"ဒါကဘယ်လိုဖြစ်ကြတာလဲ . . ပြောစမ်း"

စောလုကာမှစပြီး "မောင်မြင့်ဆွေပေါ့။ ကျွန်တော့်ဆပ်ပြာခွက်ယူသုံးပြီး ပြန်မထားပေးဘူး"

"ကျွန်တော်ပြန်ထားပါတယ်"

"မဟုတ်ဘူးဆရာမ။ သူကောင်းကောင်းပြန်တင်ထားရင် ရတယ်။ အခု သူက အဝေးက လှမ်းပစ်တင်တာ အဲဒီဆပ်ပြာမြောင်းထဲကျသွားပါတယ်"

"ဟုတ်လား . . အောင်မြင့်ဆွေ"

"ဟုတ်တယ် . . မတော်တဆပါဆရာမ"

"ကဲ . . မောင်မြင့်ဆွေ မင်းလည်းသူများပစ္စည်းယူသုံးသေးတယ်။ ပြီးစလွယ်နဲ့တင်တော့ ဒီလိုဖြစ်တာပေါ့။ ဒီတော့ သူ့ကို တောင်းပန်ရမယ် . . . ကြားလား"

"ဟုတ်ကဲ့"

"လုကာကလည်း ကိုယ့်ဆပ်ပြာကျသွားတာပဲ . . ကိုယ့်အသားနာတာမှမဟုတ်တာ ခွင့်လွှတ်လိုက်ပေါ့။ သခင်ယေရှုဆိုရင် ခြေလက်တွေမှာ သံမှိုနဲ့ရိုက်ထား ခံရတာတောင် သည်းခံပြီး သူ့တစ်ပါး အပြစ်ကို ခွင့်လွှတ်ပေးသေးတာ မင်းတို့သိကြတာပဲ ခရစ်တော်ကို နမူနာ မယူသင့်ပေဘူးလား"

"ယူသင့်ပါတယ် . . . ဆရာမ"

"ကဲ လက်ဆွဲနှုတ်ဆက်ကြ . .။ ဆရာမမေးမယ်။ ဘုရားသခင်ဟာ ရန်ဖြစ်ဖို့လိုလားသလား အချင်းချင်းချစ်ဖို့ လိုလားသလား"

"အချင်းချင်း တစ်ယောက်ကို တစ်ယောက် ချစ်ကြဖို့ လိုလားတာပါဆရာမ"

"အေး . . မင်းတို့သိနေတာပဲ။ နောက်ဆိုရန်မဖြစ်ကြနဲ့တော့နော်။ ဘုရားသခင်ဟာ တို့အားလုံးကိုချစ်သလို တို့လည်း အချင်းချင်းပြန်ချစ်ကြရမယ်ကွယ့်။ ဒါမှ ဘုရားစကား နားထောင်တဲ့သူ ဖြစ်မှာပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် . . ဆရာမ"

"အခု မင်းတို့ပုံစံက စောလုကာအုပ်စုနဲ့ မောင်တိုးအုပ်စုဆိုပြီး အုပ်စုနှစ်ခု ဖြစ်နေသလိုပဲ။ ဘုရားသခင်နိုင်ငံတော်မှာ ယုဒလူ ဒီလိုမဖြစ်ရဘူး။ ဘုရားသခင်နိုင်ငံတော်မှာ ယုဒလူမရှိဘူး၊ ဟေလသလူလည်း မရှိဘူးလေ။ မင်းတို့အားလုံးဟာ တစ်လုံးတစ်ဝတည်းပဲဆိုတာ မှတ်ထားကြနော်"

"ဟုတ်ကဲ့ပါ . . ဆရာမ"

"ကဲ . . ဒါဆိုရင်သွားကြတော့"

ဒေါ်သက်ဝေလည်း ပြဿနာတစ်ခုကို ဖြေရှင်းပြီးသည်ဟု မယူဆပဲ ကလေးတွေကို နှုတ်ကပတ်တော်အားဖြင့် အမြင်မှန်စေရန် ပြောဆိုခွင့် ရရှိသည်ဟု သဘောထားကာ စိတ်လက်ပေါ့ပါးစွာဖြင့် အဆောင်ပေါ်သို့ ပြုံးရွှင်စွာ တက်သွားလေတော့၏။

အခန်း (၈)

တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီး နီးလာသည်နှင့်အမျှ ဒေါ်သက်ဝေတို့ ဆရာ/မတွေလည်း အားကြိုးမာန်တက် မိမိတို့တပည့်များ စာတတ်ပြီး စာမေးပွဲအောင်မြင်ရန် နေ့မအား ညမအား အချိန်တိုး၍ သင်ပေးကြသည်။ ယခင် မိန်းကလေးများကို အစသန်သော စောသိန်းလွင်တို့အုပ်စုနှင့် ပေတေတေနေတတ်သော မောင်တိုးအောင်အဖွဲ့တို့ပင်လျှင် ငြိမ်ချက်သားကောင်းပြီး စာကို အပတ်တကုတ် ကြိုး



စားလျက်နေသည်ကို တွေ့ရပေသည်။ ဒေါ်သက်ဝေလည်း တပည့်များအားလုံး ကြိုးစားအားထုတ်မှုကို တွေ့ရ၍ အားရကျေနပ်မိသော်လည်း နှစ်ကျသမားနှစ်ယောက်အတွက် အနည်းငယ်တော့ စိတ်မချသေးပေ။ သူတို့နှစ်ယောက်ကား စာမေးပွဲနီးမှ တစ်ရေးနိုးစာကြိုးစားကြလို့ ဘာသာတစ်ခုခုတွင် ချွတ်ချော်သွားမည်ကို စိုးရိမ်မိလေသည်။ သို့သော် ကိစ္စမရှိ။ တပည့်များအားလုံး အောင်မြင်ရန်အတွက် ဘုရားသခင်ထံ ဆက်ကပ်အပ်နှံပြီး ဆုတောင်းပေးလေသည်။ လူတို့မတတ်နိုင်သောအရာကို ဘုရားသခင်သာလျှင် တတ်နိုင်သည် မဟုတ်ပါလား။

အခန်း (၉)

ကလင် ..ကလင် .. ကလင် ..

"ဟဲလို .. ဆရာကြီး ဦးယောပါ"

"ကျွန်တော် မောင်မောင်လတ်ပါ။ ဆရာကြီးရေ လာမယ့် Sundayမှာ အသင်းသားတွေကို အကောင်းဆုံး ကျွေးမွေးဖို့ပြင်ပေတော့"

"ဟုတ်လား .. အောက်ချက်ကောင်းနေလို့လား"

"ကောင်းဆို တန်းလုံးကျွတ်ဗျ"

"ဟုတ်ရဲ့လား"

"ဟောဗျာ . . . ဆရာကြီးယောကလည်း ကျားကိုက်ပါတယ်ဆို အပေါက်လေးနဲ့လား ဆိုသလိုဖြစ်နေပြီ။ ကျွန်တော်တို့ဆယ်တန်းကျောင်းသားတွေ ဆယ့်နှစ်ယောက်စလုံး ပါရုံမကဘူး ဂုဏ်ထူးသုံးဘာသာတစ်ယောက်တောင် ပါသေးတယ်"

"အေးဗျာ .. ဒါဆိုရင် အတိုင်းထက်အလွန်ဝမ်းသာစရာပဲပေါ့"

"ဒါပဲနော် ကျွန်တော်ကျောင်းကို အခုလာခဲ့တော့မယ်။ ဆရာထွန်းနဲ့ ကျောင်းသူ / သားတွေ ဝိုလောက်ဆို ရောက်နေရောပေါ့"

"အေး . . . ဟုတ်တယ် အခုပဲ အော်သံတွေကြားနေရတယ်။ ကျွန်တော်လည်း သွားကြည့်လိုက်မယ်"

မှန်ပေသည်။ ကျောင်းသူ / သားများ တစ်ယောက်နှင့်တစ်ယောက် ဖက်လဲတကင်း လုပ်နေကြပြီး ရယ်မောနေကြသည်ကို ဆရာကြီးယောတွေ့ရ၍ သူပါရောပြီး ပျော်နေမိပါတော့သည်။ မကြာပါ။ ဦးမောင်မောင်လတ်ရောက်လာ၍

"ဝေး . . ဟေး . . ဟေး . . . Uncle ကြီးလာပြီဟေ့"





"Congradulation သားတို့ သမီးတို့ရေ"

"Uncle ကြီး . . ကျွန်တော်တို့ကို အပျံစားကျွေးရမှာနော်"

"အေးပါကွယ် စိတ်ချ"

"Uncle ကြီး . . ဒီမှာ ကျွေးလို့မရဘူးနော် ဆိုင်မှာ ရှယ်နဲ့ကျွေးရမှာ"

"အင်းပါ . . ကျေးဇူးရှင်တို့ရယ် ကျွေးပါ့မယ် ဆိုမှ"

"ဟေး . . ဒါမှ တို့ Uncle ကြီးကွ" ဆိုပြီး ဦးမောင်မောင်လတ်ကို ဖက်လိုက် ဆရာမျိုးလွင်ကို ဖက်လိုက်နှင့် ခုန်ပေါက်ကာ ပျော်မြူးနေကြလေ၏။ ဆရာမတွေပင်လျှင် အိန္ဒြေပင် မဆယ်နိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ကာ တွက်တိုးလို့ မပြီးနိုင်တော့ချေ။

ဩော် အောင်မြင်ခြင်း၏ရလဒ်ပေတည်း။

အခန်း (၁၀)

ယနေ့ မိုးသောက်ကြယ်ဘော်ဒါဆောင်တွင် တန်းလုံးကျွတ်အောင်မြင်သော တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုပွဲ လုပ်ပေးသည့်နေ့ဖြစ်၍ ဖိတ်ကြားထားသော ကျောင်းသားမိဘများနှင့် ဧည့်သည်တော်များ လာရောက်ကြလေသည်။ ယခုနှစ်သည် အခြားနှစ်တွေနှင့်မတူဘဲ ဤကျောင်း စတည်ထောင်စဉ်ကတည်းက ကျောင်းကိုဆောက်လုပ်ပေးသော အလှူရှင်ပုဂ္ဂိုလ်ကြီးလည်း လာရောက်မည် ဖြစ်သောကြောင့် အားလုံးမှာ စိတ်ဝင်စားလျက်ရှိကြ၏။ အကြောင်းမှာ ထိုပုဂ္ဂိုလ်သည် နှစ်စဉ် ခရစ္စမတ်ရောက်တိုင်း ဘုရားကျောင်းနှင့် ဤစာသင်ကျောင်းအတွက် ငါးသိန်းစီ လှူနေကြပင်ဖြစ်သော်လည်း လူကိုယ်တိုင် တစ်ခါမှ လာရောက်ခြင်းမရှိပေ။ သို့သော် ယခုနှစ် ဂုဏ်ပြုပွဲတွင် လာမည်ဆို၍ အားလုံးက ဝမ်းသာစွာဖြင့် မျှော်နေကြလေ၏။ ယခုလည်း ဦးမောင်မောင်လတ်နှင့် ဆရာကြီးယောဟန်တို့ ကျောင်းဂိတ်ဝတွင် အဆင်သင့် သွားရောက်ကြိုဆိုကြ၏။ မကြာပါ၊ ကျောင်းရှေ့တွင် အလွန်လှပသော ပါဂျဲရိုးကားတစ်စီး ဆိုက်ရောက်လာပြီး ထိုကားပေါ်မှ ဥပတိရုပ်သန့်ပြန့်သောပုဂ္ဂိုလ်တစ်ဦးဆင်းလာလေသည်။ ဦးမောင်မောင်လတ်သည်လည်း ထိုပုဂ္ဂိုလ်ကို အခမ်းအနားကျင်းပသည့် နေရာသို့ ခေါ်ဆောင်သွားလေ၏။

မကြာပါ အချိန်ကျရောက်လာသောကြောင့် အခမ်းအနားကို ဘုန်းတော်ကြီးဦးယောဟန်မှ ဆုတောင်းခြင်းဖြင့် စတင်လေ၏။ ထို့နောက် ဦးမောင်မောင်လတ်မှ ဤကျောင်း၏ စတင်တည်ထောင်ပုံနှင့် ဘတ်ဂျက်အကြောင်း တင်ပြပြီးသည်နှင့် အလှူရှင်ပုဂ္ဂိုလ်ဖြစ်သူ "ဦးဘုန်းဝေ" အား အားပေးစကားပြောကြားစေသည်။ ထိုပုဂ္ဂိုလ်လည်း ကျောင်းသားများ၏ အောင်မြင်မှုအတွက် ဝမ်းသာဂုဏ်ယူမိကြောင်းနှင့် တပည့်များ တော်သလို ဆရာများလည်း အသင် အပြ ကောင်းသောကြောင့်သာ ယခုလို အောင်မြင်ရခြင်းဖြစ်ကြောင်း၊ နောင်လည်း ယခုထက် တိုးတက်မှုရှိပြီး ကျောင်းသူ / သားများ ထာဝရအောင်ပန်းဆင်နိုင်ရန်အတွက် ဆုတောင်းပေးမည်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်လေ၏။

ထို့နောက် ဆရာမဒေါ်သက်ဝေမှ ဩဝါဒစကားပြောကြားရာတွင်

"ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ကနေ့ အောင်မြင်မှုတွေ ရရှိခဲ့တာပါ။ တပည့်တို့ အခုလို အားလုံး အောင်မြင်တဲ့အတွက် ဆရာ / မတို့ အားလုံး အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ စာတစ်ခုတည်းချည်းတော်တာ မဟုတ်ဘဲ လူတော်လူကောင်းလေးတွေ ဖြစ်အောင် လုပ်ကြပါ။ တပည့်မရှား တပြားမရှိ၊ ပီတိကိုစား အားရှိပါ၏ ဆိုတာ ဆရာတို့ ပါပဲ။ တကယ်တော့ ဆရာဆိုတာ ငါသိတယ်၊ ငါတတ်တယ်ဆိုပြီး အရမ်းသင်လို့ရတာ မဟုတ်ပါဘူး။ စေတနာ၊ ဝါသနာနဲ့ အနစ်နာဆိုတဲ့ နာသုံးနာကို ရင်ဝယ်ပိုက်ပြီး တပည့်တွေကို မမောနိုင်၊ မပမ်းနိုင် သွန်သင်ပေးကြရတာပါ။ တစ်ခါတစ်လေ ဓါးသွေးကျောက်လို ဓါးများကို ထက်စေချင်လို့ အပွန်းပဲ့ခံကြရသလို ပညာအလင်းဖြာဖို့ ဖယောင်းတိုင်လို အလောင်ခံကြရတာလည်း ကြုံရပါတယ်။ အဲဒီလို အနစ်နာခံလို့ မြေတောင်မြှောက်ပေးတဲ့ တပည့်တော်တွေ အောင်မြင်မှုသရဖူ ဆောင်းတာ မြင်ရင် ဆရာတိုင်းဟာ ဝမ်းသာမဆုံးဖြစ်ရတယ်လေ။

ဒါပေမဲ့ တပည့်ဆိုးတွေနဲ့ ကြုံတွေ့ တဲ့အခါကျရင်လည်း ဂရုဏာရှေ့ထားပြီး အပြစ်ရှိရင် ဝမ်းတွင်းမှာ မထားပဲနဲ့ ဟုတ်မှန်တိုင်းပြောဆို ဆုံးမရပါတယ်။ နားလည်မှုတွေထားပြီး ခွင့်လွှတ်ရပြန်တယ်။ အခုဒီမှာရှိတဲ့ တပည့်တွေအားလုံးဟာ အဆိုးဆုံးဘယ်သူမှမပါသေးပါဘူး။ ဒါကြောင့် ရှေ့လျှောက် မင်းတို့လျှောက်လှမ်းရမယ့် ဘဝခရီးများစွာ ရှိသေးတဲ့အတွက် မင်းတို့ရဲ့ အသက်တာမှာ မာနမထားမိပါစေနဲ့။ စိတ်နလုံး နှိမ့်ချပါ။ လိမ္မာယဉ်ကျေးတဲ့ တပည့်တွေ ဖြစ်ပါစေ။ ရောက်တဲ့နေရာမှာ အကူအညီပေးပါ။ အထူးသဖြင့် မိဘမဲ့၊ မရှိဆင်းရဲတဲ့သူတွေကို ကူညီမစပါ။ ဘုရားတရားကို မမေ့ပါနဲ့လို့မှာကြားလိုပါတယ်" ဟူ၍ ဆရာမဒေါ်သက်ဝေမှ အမှာစကားကို ကြားပြီးသည်နှင့်ကျောင်းသားထဲမှ မောင်တိုးအောင်ကို ကျေးဇူးတင်စကား ပြောစေသည်။ ထို့နောက် အခမ်းအနားကို ရုပ်သိမ်းကာ ကျောင်းမှတည်ခင်းသော ဒန်ပေါက်ကို တပျော်တပါးကြီး စားသောက်ကြလေတော့၏။

မိဘများနှင့် ဧည့်သည်များလည်း ပြန်ကြလေပြီ။ ဦးမောင်မောင်လတ်နှင့် ဆရာ/မတွေလည်း ဦးဘုန်းဝေကို သူ၏ကားနားသို့ လိုက်ပါပို့ဆောင်ပေးကြလေ၏။ ဦးဘုန်းဝေမှာ ကားပေါ်သို့ မတက်မီ

"ဘယ်လိုလဲ . . ဦးမျိုးလွင် ဒီနှစ်ရောက်လာတဲ့ ဆရာမအသစ် အခြေအနေကောင်းရဲ့လား"

"ဟာ သိပ်ကောင်းတာပဲ ဦးဘုန်းဝေရေ"

"ဟုတ်ရဲ့လား . . မကောင်းရင်ပြောနော် ကျွန်တော်ပြန်ခေါ်သွားမယ်"


"မလုပ်ပါနဲ့ဗျာ . . ကျွန်တော်တို့ထင်တာထက်တောင် တော်နေပါတယ်။ ဒါနဲ့ မသိလို့ မေးပါရစေ။ ဦးဘုန်းဝေက သူမကောင်းရင် ဘာဖြစ်လို့ ပြန်ခေါ်ရမှာလဲ"

"ပြန်ခေါ်ဆို . . . သူက ကျွန်တော့်သမီးဒေါက်တာမသက်ဝေလေ""

"ဟိုက်"

ထိုအာမေဋိတ်သံသည် အားလုံးသော ဆရာ/မများ၏ နှုတ်မှ ထွက်လာပြီးသည်နှင့်တပြိုင်နက် ဦးမောင်မောင်လတ်မှာ ဆရာမျိုးလွင်ကို ချက်ခြင်းပဲ အားနာသော အပြုံးနှင့် ပြုံးပြမိသလို ဆရာမျိုးလွင်လည်း ဦးမောင်မောင်လတ်ကို လက်မထောင်ပြပြီး ပြန်လည် ပြုံးပြခဲ့လေသည်။ ထိုအပြုံးနှစ်မျိုး၏ အဓိပ္ပါယ်ကိုမူ ကာယကံရှင်နှစ်ဦးဖြစ်သူ ဦးမောင်မောင်လတ်နှင့် ဆရာဦးမျိုးလွင်တို့သာလျှင် အသိဆုံးပင် ဖြစ်ပေတော့သည် တကား . . .။

နှင်းဆီအိမ်









၂၀၁၁-၂၀၁၂ ခုနှစ်
တတိယနှစ် ကျောင်းသူ/သားများ၏
လှိုင်ကော်မြို့ ဒံယေလနိုက်ပျိုးမွေးမြူရေး နည်းပညာကျောင်းသို့

# သွားရောက်လေ့လာသင်ကြားခြင်း

မောင်ဘရန်အောင်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ တတိယနှစ် ကျောင်းသူ၊ ကျောင်းသားများသည် တောင်ဂူ သာသနာပိုင်နယ်၊ လှိုင်ကော် ရှင်ပေါလုဘုန်းကြီးပိုင်နယ်တွင် မတ်လ (၂၈)ရက်နေ့မှ ဧပြီလ (၂၀)ရက်နေ့အထိ ဖွင့်လှစ်သော ဒံယေလ စိုက်ပျိုးရေးနှင့် မွေးမြူရေး ရက်တိုသင်တန်းသို့ ဆရာအိုက်ဇနောကာ၏ ဦးဆောင်မှုဖြင့် တက်ရောက်ခဲ့ပါသည်။

ဤသင်တန်းမှ သင်တန်းသားတစ်ဦးဖြစ်သော မောင်ဘရန်အောင်၏ သင်တန်းမှရရှိသော အရာများ အချို့ကို မေးမြန်းရာ၌ . . . .

"ဦးစွာ ဘုရားရှင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဒ်ယေလစိုက်ပျိုးရေးနဲ့ နည်းပညာသင်တန်း တက်ရောက်ဖို့ ခွင့်ပြုစီစဉ်ပေးတဲ့ ကျောင်းတော်ကြီးနှင့်တကွ တောင်ငူ နယ်စီးသာသနာပိုင်ကြီး၊ လွိုင်ကော်မြို့ ရှင်ပေါလုအသင်းတော်မှ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့်တကွ၊ အသင်းသူအသင်းသားများ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ စိုက်ပျိုးမွေးမြူရေး နည်းပညာနဲ့ပတ်သက်လို့ မိရိုးဖလာစိုက်ပျိုးနည်းကိုပဲ သိရှိနားလည်ထားတဲ့ ကျွန်ုပ်အဖို့ ခေတ်မီနည်းပညာနဲ့ သဘာဝနည်းကျ ပေါင်းစပ်အသုံးပြု စိုက်ပျိုးမွေးမြူရေးကို စနစ်တကျ လေ့လာသိရှိခွင့် ရပါတယ်။ တစ်ခုတော့ရှိတယ် လက်တွေ့ပိုင်းအတွက် အချိန်များများယူရင် ပိုကောင်းမယ်လို့ ထင်ပါတယ်"

ထို့အပြင် ထိုအသင်းတော်၌ ပြုလုပ်ကျင်းပသည့် ရှင်ယောသပ်နှင့် မယ်တော်မာရိပွဲ၌ ပါဝင်ကူညီခွင့် ရရှိမှုအပေါ် သူ၏ခံစားချက်မှာ . . .

"ဒီပွဲမှာ ပါဝင်ခွင့်ရလို့ လူရာနဲ့ချီလာတဲ့ ဒီလိုရက်တိုပွဲမှာ ဘယ်လိုစီမံခန့်ခွဲရမယ်၊ ဘယ်လိုပြင်ဆင်ရမယ် စတဲ့အရာတွေပါ လေ့လာခွင့် ရခဲ့ပါတယ်။"

ထိုအသင်းတော်၏ ဝတ်ပြုခြင်းအစီစဉ်များတွင် ပါဝင်ဦးဆောင် ဟောပြောခွင့်ရသည့်အပေါ် သူ၏ ခံစားချက်က . . .

"ဒီလို ဟောပြောသက်သေခံခွင့်ရတာကလည်း အသင်းသူအသင်းသားတွေနဲ့ ပိုမိုရင်းနှီးမိတ်သဟာယဖွဲ့နိုင်သလို ကိုယ်ယုံကြည်ခြင်းကိုလည်း တည်ဆောက်စရာ ဖြစ်စေခဲ့ပါတယ်"

သူတို့အဖွဲ့သည် ဒေသန္တရအတွေ့အကြုံသစ်အနေဖြင့် မော်ချီး ရှင်ပြန်ထမြောက်ခြင်းအသင်းတော်သို့လည်း သွားရောက်ခွင့်ရခဲ့ခြင်းအပေါ် သူ၏ရင်တွင်း စကားက . . .

"အဲဒီမှာ ပြုလုပ်တဲ့ လူငယ်သင်တန်းမှာ ပါဝင်သင်ကြားခဲ့ရတဲ့အခါ ကျောင်းနေအရွယ်က ပထဝီဝင်ဘာသာရပ်မှာ သင်ကြားခဲ့ရတဲ့ မော်ချီးသတ္တုတွင်းကို လက်တွေ့ သွားရောက်လေ့လာရတဲ့အခါ အတွေ့အကြုံသစ်ရခဲ့သလို စိတ်လှုပ်ရှားဖို့လည်း အင်မတန်မှ ကောင်းပါတယ်"

ထို့အပြင် အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရသောအခါ သူရရှိလိုက်သော သင်ခန်းစာများမှာ သူက . . .

"အရာရာတိုင်းမှာ ကိုယ့်စိတ်တိုင်းကျ စီမံလို့ မရပါဘူး။ ဘယ်အရာမဆို ကိုယ်ကလျှော့သင့်ရင် လျှော့ရမှာပဲ။ ဘယ်ကိစ္စမဆို အလျှော့အတင်းသဘောနဲ့ လုပ်ဆောင်ဖို့ လိုတယ်။ ကိုယ်သတ်မှတ်ထားတဲ့စံနဲ့ မကိုက်ညီတဲ့ အခြားသူတွေအပေါ်မှာ အဆိုးမြင်သဘောနဲ့ မဆက်ဆံသင့်ဘူး။ ဒါ့အပြင် လူတိုင်း သူ့နေရာနဲ့သူ အသုံးတည့်တယ်။ ဘုရားကလည်း အဲဒါတွေကို အသုံးပြုနေတယ်ဆိုတာကို ကွင်းကွင်းကွက်ကွက် မြင်လာခဲ့ရပါတယ်" ဟု ဖြေကြားခဲ့ပါတယ် . . .။

မောင်ဘရန်အောင်





## INTRODUCTION


Paradise is one of the two invisible churches. It is a religious term for a place in which existence is positive, harmonious and timeless. Furthermore, it is not necessarily a land of luxury, but ideal for the faithful departed souls. It can, conceptually, be called the place as a counter-image of the miseries of human civilization, and thus, there is only peace, prosperity and happiness in paradise.1

## DESCRIPTION FROM THE BIBLE

In late second temple era of Judaism, the word "paradise" came to be associated with the Garden of Eden, and also with prophesies of restoration of Eden, the place where

# Thinking about Paradise

Rev. Salia David



the departed souls waited to be transferred to heaven when the day of the Lord come. The Septuagint uses the word "paradise" around 30 times. Both (Gen.2:7) and (Ezek. 28:13, 36:35) describes about Eden as the place for the souls.2

In the New Testament, the understanding of paradise parallels with the contemporary thinking of Judaism in the earliest Christian era. The word is used three times in the New Testament writings as follows:

1. Luke 23:43- Jesus on the Cross, in response to the thief's request that Jesus remember him when he came in his kingdom.

2. 2 Cor. 12:4- Paul's described of a man caught up to a third heaven and paradise, which may in fact, be a vision Paul himself saw.

3. Rev. 2:7- As reference to the Gen. 2:8 describes about paradise and the tree of life.

## Of the "Paradise"

In the free Wikipedia encyclopedia, the word "paradise" entered English from the French "paradis," inherited from Latin Paradises, which was derived from and Old Iranian, too. By the 6th or 5th BCE, the Old Iranian word had been adopted as Akkadian paradsus and Elamite, "domain." The term eventually appeared in Greek as paradeisos "park for animals" in the Anabasis of the early 4th century BCE by Athenian gentleman-scholar Xenophon. Aramic pardaysa similarly reflects "royal park."

## Historical Tradition

Christians have traditionally been praying for the faithful departed souls of brothers and sisters since the earliest days of Christianity. Early liturgies and inscriptions on catacomb walls attested to the ancientness of prayers for the dead, even if the Church needed more time to develop a substantial theology behind the practice. Praying for the dead is actually borrowed from Judaism, as indicated in 2 Maccabees 12:41-42. In the New Testament, St. Paul prays for mercy for his departed friend Onesiphorus (2 Timothy 1:18). Early Christian writers Tertullian and St. Cyprian testify to the regular practice of praying for the souls of the departed. So, this demonstrates that Christian believed their prayers could somehow have a positive effect on the souls of departed believers.

In the sixth century AD, Benedictine communities held commemorations for the departed on the feast of Pentecost. All Souls Day, therefore, became a universal festival largely on account of the influence of St. Odilo of Cluny in France in AD 998, when he commanded it annual celebration in the Benedictine houses of his congregation. Pope Gregory V (996-999 AD), thereafter, declared to observe All Souls Day on 2 November among the Raman Catholic Churches. This soon spread to the Carthusia congregations as well. The day was celebrated on various days, including on October 15th in 12 century AD at Milan.3

Many protestant reformers always rejected All Souls' Day because of the theo-





logy behinds the feast such as, Purgatory, prayers and masses for the dead. However, the feast is now being introduced among the Protestant churches, for instant memorial thanksgiving prayer with special refreshment by the bereaved family, is widely practiced now.

Nowadays, most of the western catholic churches celebrate All Souls Day on November 2. Many Anglican and Lutheran churches also observe on the same day. Anglican liturgy, Book of Common Prayer, 1960, contains prayer and scriptures Isaiah 66:20-23 from Old Testament, Revelation 7:2-12 for the Epistle St. Matthew 5:1-12 for the Gospel are used for the Feast Day of All Saints which is oberved with the Eucharist on November 1. And the prayers and scriptures are used for the feast of All Souls scuch as, the collect and scriptures, viz. 2 Cor 4:16-5:4 for the Epistle. John 11:21-27 for the Gospel are used for the Holy Communion(said) in the morning of November 2.

## Practical Experience

Most of the Roman Catholic and Anglican churches in Myanmar observed the All Saints' Day. All the Roman Catholic observed this day by Mass in the Church on 2 November every year, but only some Anglican Churches observing this practice. This practice is observed as a mean of relationship between the bereaved family in the visible church and the faithful departed souls in Paradise (invisible church) (1 Cor. 11: 30, 31; 1 Cor. 11:23-29). According to the bible, departed souls in the paradise do not have the body, so the bereaved family members in this world have to celebrate the Holy Communion (said) for both the believers and departed. But it is believed that both believers and souls can receive the body and blood (of Christ); pray for each other during the Eucharist. However, but the judgment will be ordered on everyone on the Lord's Day by Jesus Christ through the guidance of God the Almighty (Matthew 25:34, John 5:30). In the afternoon of that day usually, at 3:00 P. M., some parishioners and members of the departed with a priest went to the cemetery to perform the litany service which includes prayers, canticles, and to sing the church hymns.

Although, we do not see the souls what they are doing in the paradise, they could see us what we are doing for them and ourselves in this world (Luke 5:28). Thus, we should not commit sins anywhere as to the souls (spirits) and God can see us. On this feast day, worshippers lighted candles on the tombs and pray for the souls with a priest and made joyful fellowship with the departed souls before God.

During a lecture to the priests who came to Holy Cross Theological College in Yangon from four parishes in the Diocese of Sittwe for the refresher course in 2012, they shared about their experiences of liturgical practice in the parishes. They said that All Souls Day is not observed in their parish. Although they actually do not observe it, they do celebrate memorial thanksgiving service for the faithful departed believer

with the refreshment by the bereaved family. The parish priest leads that thanksgiving service. However, then practiced the indigenous custom which is somewhat practiced to relate with the church practice by All Souls Day. This indigenous custom was collecting of the bones of the departed relatives and, and then sent to a particular mountain, which is called Ayotaung, meaning bones of mountain for their own tribes. Former Sittwe Bishop Barnabas Htaung Hoi however instructed to the indigenous priests the memorial thanksgiving service celebrate at the parishioner's house, not to mix the indigenous custom of Chin's traditional Ayokaupwe (collection of bones). 4

There are eight major tribes in Myanmar who had basically traditional religions; the member's worshipping the spirits since the time of their forefather's generations. When converted to Christians became changed their faith and order member of Anglican Church. They came to believe that those who died from this visible world their souls are still living in Paradise through the teaching of Holy Bible. We also came to believe that they will meet again with their family members and siblings who were departed as describes in Hebrew 11:1, stated that "Now faith is the assurance of things hoped for, the conviction of things not seen."

## Conclusion

To sum up, All Souls Day is a reminder us, be repentance for our sins and lives according to the teaching of Jesus Christ, so that we can be with him in Paradise. Therefore, everyone should live their lives looking toward Paradise where there are no miseries of human sufferings, and greed, but only have peace, joy and bliss.

**Rev. Salai David**
**Holy Cross Theological College**
**Yangon, Myanmar**

*(Date: 18th October, 2012)*

**(Footnotes)**

*1 Bruegel, Jan, "Paradise," http://www.wikipedia/paradise.html*

*2 Poussin, Nicolas, "Paradise," http://en.wikipedia.org/wiki/paradise)*

*3 Bennett, D. and Bouguereau, William, "All Souls," Church Years. http://www.churchyear.net/allsouls.html )*

*4 During the lecture, discussion and sharing with the priests who came to study the refresher course at HCTC from Sittwe Diocese, 2012.*






မိတ်ဆွေတို့ရဲ့ဘဝမှာ အသက်ရှင်နေထိုင်ရင်းနဲ့ ခက်ခဲပင်ပန်းလှတဲ့ နေ့ရက်တွေနဲ့ တွေကြုံနေရပါသလား။ ရတဲ့လစာ ဒါမှမဟုတ် ဓမ္မအမှုတော်ဆောင်ဆိုရင် ရတဲ့ထောက်ပံ့ကြေးလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ငါ့ကိုမစခြင်းအကြောင်း ဘယ်အရပ်ကများ ပေးထွက်လာမှာလဲဆိုပြီး မရေရာတဲ့ အိမ်မက်တွေနဲ့ စိတ်မောလူမော ဖြစ်နေပါသလား။ သားသမီးများကိုလည်း လူတန်းစေ့နေနိုင်၊ ပညာသင်နိုင်အောင် ဟိုကချေး ဒီကငှားနဲ့ လုံးလည်ချာလည် လိုက်နေပါသလား . .။ ကိုယ့်ရဲ့ အိုမင်းပြီး မကျန်းမမာဖြစ်နေတဲ့ မိဘနှစ်ပါးကို စိတ်တိုင်းကျ မပြုစုနိုင်လို့ ဝမ်းနည်းနေပါသလား . . .။ ဘယ်လိုဆက်ပြီး အသက်ရှင်ရမှာလဲ။ ဒီလိုဒီလို လောကကြီးက မတရားဘူး။ ဘုရားသခင်ကရော ငါ့ကို ပစ်ထားပြီလားလို့ တွေးမိနေပါသလား။ ဒီလောကမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရလို့ ငါ့လို ဆင်းရဲမွဲတေပြီး ဘာမှမရှိတဲ့ ဗလာနတ္ထိ ဘဝလိုလူမျိုး ရှိသေးရဲ့လား။ ရှိရင်တော့ အဲဒီလူလည်း ငါ့လိုပဲ ဝမ်းမြောက်နိုင်မှာ မဟုတ်ဘူးလို့ ထင်နေရင်တော့ ....

## မရှိခြင်းတွေထဲမှာ ရှိနေတဲ့လူတစ်ယောက်ရဲ့ ယုံကြည်မှု

**နော်လွှင်သီတာမြင့်**



အဲဒီလို ဘာမှမရှိခြင်းထဲမှာ နေထိုင်ရသော်လည်း ဝမ်းမြောက်ရွှင်လန်းမယ် ဆိုတဲ့လူ ရှိပါတယ်။ အဲ့ဒါကတော့ ဟဗက္ကုတ် အနာဂတ္တိကျမ်း အခန်းကြီး(၃)ကို ပရောဖက်ဟဗက္ကုတ်ရေးတယ်လို့ ယုံကြည်ရင် ပရောဖက်ဟဗက္ကုတ်က (၃း၁၇-၁၉) မှာ - "သင်္ဘောသဖန်းပင် မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ကျေးဇူးကို မျှော်လင့်၍ မခံရ၊ လယ်တို့သည် အသီးအနှံကို မပေးရ၊ သိုးခြံ၌ သိုးကုန်၍ တင်းကုပ်၌ နွားမရှိရ။ သို့သော်လည်း ထာဝရဘုရား၌ ငါဝမ်းမြောက်၍ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကိုအမှီပြုလျက် ရွှင်လန်းမည်။ အရှင်ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိ ဖြစ်တော်မူ၏။ ငါ့ခြေကို သမင်ခြေကဲ့သို့ ဖြစ်စေ၍၊ ငါ၏မြင့်ရာအရပ်ပေါ်မှာ ငါ့ကို နေရာချတော် မူမည်" လို့ဖော်ပြထားပါတယ်။

ဟဗက္ကုတ် (၃း၁၇)မှာ ဖော်ပြထားတဲ့ အခြေအနေကိုကြည့်ရင်း အားရစရာ ဘာမှမရှိပါဘူး။ ပြောရရင် ဘာမှမရှိတဲ့ အခြေအနေပါ။ ဘာဖြစ်လို့လဲဆိုရင် ယုဒပြည်မှာနေတဲ့လူတွေအတွက် သင်္ဘောသဖန်းပင်၊ စပျစ်ပင်၊ သံလွင်၊ ဂျုံ၊ စပါးစတဲ့ လယ်ထွက်သီးနှံတွေနဲ့ သိုး၊ နွားများက အသက်ရှင်နေထိုင်ဖို့အတွက် အခြေခံလိုအပ်ချက်တွေပါပဲ။ ယခု ပရောဖက်ဟဗက္ကုတ်က (၃း၁၈-၁၉)မှာတော့ အခန်းငယ် (၁၇)မှာ ဖော်ပြထားတဲ့ အခြေခံလိုအပ်ချက်တွေရှိတဲ့ အခြေအနေမှာတောင်မှ ထာဝရဘုရား၌ ရွှင်လန်းဝမ်းမြောက်မယ်လို့ ဖော်ပြနေပါတယ်။ အဘယ်မျှလောက် ကြီးမားခိုင်မာတဲ့ ယုံကြည်ခြင်းပါလဲ။ ဒီနေရာမှာ ထွက်ပေါ်လာနိုင်စရာ မေးခွန်းတွေကတော့ ဘာကြောင့်သူဒီလို ပြောနိုင်ရတာလဲ။ သူ့မှာဘာအာမခံချက်၊ ဘယ်လို နောက်ခံအင်အားရှိလို့လဲ ဆိုတာတွေ ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ သူ့ဆီမှာ ဘုရားသခင်ထံက ကတိတော်၊ အာမခံချက် ရှိနေလို့ပါပဲ။ အဲဒီ အာမခံချက် ရှိနေလို့ပါပဲ။ အဲဒီ အာမခံချက်၊ ကတိတော်ကိုလည်း သူလွယ်လွယ်နဲ့ ရခဲ့တယ်လို့တော့ မထင်ပါနဲ့။ သူက ဘုရားသခင်ကို (၂)ကြိမ်တိုင်တိုင် စောဒကတက် မေးခွန်းတွေမေးပြီးမှ ဒီကတိတော်ကို ရရှိခဲ့တာ ဖြစ်ပါတယ်။ ဟဗက္ကုတ် (၁း၂-၄)ကို ဖတ်ကြည့်မည်ဆိုလျှင် သူ့အချိန်ကာလက နိုင်ငံရေး၊ လူမှုရေးအခြေအနေတွေကို တွေ့ရမှာဖြစ်ပါတယ်။ မတရားမှု၊ အဓမ္မမှု၊ ရန်းရင်းဆန်ခတ်ဖြစ်ခြင်းများ၊ တရားမျှတမှုမရှိခြင်းများ၊ မတရားမှုများက ဖြောင့်မတ်သောသူများအပေါ် မတရားစီရင်ဆုံးဖြတ်ခြင်းများ ဖြစ်ပေါ်နေတဲ့အခြေအနေပါ။ ဒါကြောင့်လည်း ဟဗက္ကုတ်က ဘယ်လောက်ကြာအောင် ဘုရားသခင်ထံ အော်ဟစ်နေရမလဲ . .။ ဘာကြောင့် ဒီလိုမတရားမှုတွေကို သူမြင်တွေ့နေရတာလဲ။ ဘုရားသခင်က မကယ်တင်တော့ဘူးလားလို့ ဘုရားသခင်ကို ပထမအကြိမ် စောဒကတက် မေးခွန်းတွေ မေးခဲ့ရပါတယ် . . . ။ (ဟဗက္ကုတ်၁း၂-၄)။ ဘုရားသခင်က သူလုံးဝ မျှော်လင့်မထားသော ပိုပြီးဆိုးဝါးတဲ့ အခြေအနေ ဖြစ်လာမယ့်အကြောင်း (အလွန်ကြမ်းတမ်းရက်စက်သော ဗာဗုလုန်ခေါ် ခါလဒဲလူမျိုးများ လာရောက်မဲ့အကြောင်း) အဖြေပြန်ပေးတဲ့အခါ (ဟဗက္ကုတ် ၁း၆-၁၁) ပရောဖက်ဟဗက္ကုတ်က ငြိမ်မသွားပဲ ဒုတိယ အကြိမ်မြောက် စောဒကတက်ပြီး မေးခွန်းတွေ ထပ်မေးခဲ့ပါတယ်။ သူ့ရဲ့ ဒုတိယအကြိမ်မြောက် မေးခွန်းကို သာမန်စကားအားဖြင့် ပြောရရင် ဘုရားသခင်ကို ဘုရားသခင်က ဘယ်လိုဘုရားမျိုးလဲ။ ဘုရားသခင်က သန့်ရှင်းတော်မူတဲ့ ဘုရား၊ နိစ္စထာဝရတည်တဲ့ ဘုရား၊ အဓမ္မအမှုကို ကြည့်မနေတတ်တဲ့ ဘုရားမဟုတ်ဘူးလား။ အခုတော့ ဘယ်လိုဖြစ်တာလဲ ဆိုပြီး ဘုရားနဲ့ ဆိုင်တဲ့မေးခွန်းကို ဘုရားထံပြန်မေးခဲ့တာပါ (ဟဗက္ကုတ် ၁း၁၂-၁၇)။

သို့သော် ထူးခြားတာက ပရောဖက် ဟဗက္ကုတ်က ဘုရားသခင်ကို မေးခွန်းတွေမေးပြီးတော့ ပြီးပြီးရော နေတတ်တဲ့သူ မဟုတ်ပါဘူး။ ကင်းစောင့်သတိဝီရိယရှိသလို သတိဝီရိယရှိစွာ ဘုရားသခင်ရဲ့ အဖြေကို ပြင်ဆင်မှုရှိစွာနဲ့ စောင့်ဆိုင်းနေခဲ့တာပါ (ဟဗက္ကုတ် ၂း၁)။ ဒါကြောင့်လည်း အစပိုင်းမှာ ဖော်ပြခဲ့တဲ့ (၃း၁၇-၁၉) မှာ ပြောနိုင်သလို ပြောနိုင်ဖို့ အဓိကသော့ချက်ဖြစ်တဲ့ ဘုရားသခင်ရဲ့ အာမခံချက်၊ ကတိတော်ကို ရရှိခဲ့တာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အဖြေကတော့ "ရူပါရုံသည် ချိန်းချက်သောအချိန်နှင့်ဆိုင်၍ အမှုကုန်ရသော ကာလကို ဆိုလို၏။





မုသားကင်းလွတ်၏။ ဆိုင်းသော်လည်း မျှော်လင့်လော့။ နောက်မကျဘဲ ဧကန်အမှန် ရောက်လိမ့်မည်။ စိတ်မြင့်သောသူသည် သဘောမဖြောင့်။ ဖြောင့်မတ်သောသူမူကား၊ မိမိယုံကြည်ခြင်းအားဖြင့် အသက်ရှင် လိမ့် မည်။" (ဟဗက္ကုတ် ၂း၃-၄)။

ပြောရရင်တော့ ဘုရားသခင်က သူဟာသူ လုပ်ရမယ့်အလုပ်ကို လုပ်နေပါတယ်။ ဖြစ်ပျက်လာမယ့် အရာရာတိုင်းအတွက် ဘုရားသခင်က သူ့အချိန်နဲ့သူ စီရင်ဆုံးဖြတ်ပေးနေပါတယ်။ လူ့အမြင်နဲ့ကြည့်ရင် ကြန့်ကြာနေတဲ့ပုံဖြစ်သော်လည်းပဲ ဘုရားသခင်ရဲ့ တရားမျှတစွာ ဆုံးဖြတ်ပေးမှုက ဘယ်တော့မှ နောက်မကျပါဘူး။ အချိန်အတိအကျ ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် လူတို့ဘက်ကလည်း လူတို့လုပ်ဆောင်ရမယ့်အပိုင်းဖြစ်တဲ့ ဖြောင့်မတ်သောသူဖြစ်ဖို့ရန် မိမိရဲ့ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပါ။ မျှော်လင့်လျက် စောင့်နေပါ ဆိုတာပါပဲ။ ဒီနေရာမှာ ယုံကြည်ခြင်းအားဖြင့်လို့ ဆိုတဲ့နေရာမှာ အဓိပ္ပါယ်အင်မတန် လေးနက်ပါတယ်။ ယုံကြည်ခြင်းဆိုတဲ့ စကားလုံးရဲ့ အနှစ်သာရတွေကတော့ ယုံကြည်စိတ်ချမှုရှိခြင်း (Confidence)၊ မဖောက်မပြန်ခိုင်ခန့်မြဲမြံခြင်း (Stenadfastness)၊ တည်ကြည်ခြင်း (Resolution)၊ ယုံကြည်ကိုးစားဖြင်း (Trust)၊ နာခံခြင်း (Obedience)၊ စိတ်၏ငြိမ်းချမ်းခြင်း (Peace of mind)၊ တစ်ယောက်သောသူက မိမိကိုကြည့်ရှုစောင့်ရှောက်နေသည်ကို သိရှိခြင်းတို့ ဖြစ်ပါတယ်။

ပရောဖက်ဟဗက္ကုတ်ဟာ ဘုရားသခင်ပြန်ပေးတဲ့ အဖြေပေါ်မှာ ယုံကြည်စိတ်ချမှုရှိလို့လည်း ဘယ်လို အခြေအနေပဲရောက်ရောက် ယုတ်စွအဆုံး အသက်ရှင်ဖို့ အခြေခံလိုအပ်ချက်တွေ မရှိတော့တဲ့ အခြေအနေမှာတောင်မှ ထာဝရဘုရားသခင်ကို အမှီပြုပြီး ရွှင်လန်းဝမ်းမြောက်နေမယ်။ ခွန်အားနဲ့ ပြည့်ဝနေမယ်လို့ (၃း၁၇-၁၉)မှာ မိန့်မြွက်နိုင်ခဲ့တာပါ။

ဒါကြောင့် မိတ်ဆွေရော - မိမိအသက်ရှင်နေရတဲ့မိမိရဲ့ဘဝ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ တွေ့ကြုံမြင်တွေ့နေရတဲ့ လူမှုရေး၊ စီးပွားရေး၊ တရားရေးအခက်အခဲတွေကြောင့် ဘုရားသခင်ကို မေးခွန်းတွေ ဘယ်နှစ်ကြိမ် မေးခဲ့ပြီးပြီလဲ။ မမျှော်လင့်ထားတဲ့၊ မကြားချင်တဲ့အဖြေကို ဘုရားသခင်က ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ဘယ်လို ပေးခဲ့ပြီးပြီလဲ။ မေးခွန်းမေးပြီးတော့ရော ဘုရားသခင်ရဲ့စကားသံကို ပြန်ကြားဖို့ သေချာစွာ နားစွင့်ခဲ့ပြီးပြီလား။


မိတ်ဆွေ သင် သတိရ ရမယ့် အရာကတော့ သင့်မှာ ဘာမှမရှိတော့ဘူးလို့ သင်ခံစားနေရ တဲ့အချိန်မှာ သင်နဲ့အတူ မနေ့၊ ယနေ့၊ နောင်ကာလ အသက်ရှင်တဲ့ဘုရား၊ ကတိတော်ပြီးပြည့်စုံစေခြင်းအရာမှာ ဘယ်တော့မှ နောက်မကျတဲ့ဘုရားက အလုပ်လုပ်နေတယ်၊ သင်နဲ့အတူ ရှိနေတယ်ဆိုတာပါပဲ။ ဒါကြောင့် အတိတ်ကာလ သင့်ရဲ့ဘဝထဲ ဘုရားသခင်ပြုပေးခဲ့တဲ့ ကောင်းမြတ်ခြင်းများကို သတိရလျက် ယုံကြည်ခိုင်မာစွာ မျှော်လင့်စောင့်စားနေလိုက်ပါ။ ဒါဆိုရင် သင်ဟာ ယနေ့ ဘာမှ မရှိခြင်းထဲမှာ ချီးမွမ်းခြင်းသီချင်းကို ခွန်အားပြည့်ဝစွာနဲ့ သီဆိုနိုင်ပါလိမ့်မယ် . . .။

နော်လွင်သီတာမြင့်

■■■■■■■■

**သွေးလှူဒါန်းခြင်း**
(သတင်း)

၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ မတ်လမှ ဒီဇင်ဘာလအတွင်း သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် ကျောင်းသူ/သားများမှ လိုအပ်နေသော လူနာများအား သွေး(၁၆)ပုလင်းကို လှူဒါန်းနိုင်ခဲ့ပါသည်။



# ဗုက်ထားသော ရတနာ (သို့မဟုတ်) Poverty

ကြွယ်စင်

ဆင်းရဲခံခြင်း (သို့) ငြိုးငြံခြင်းသည် မျှော်လင့်ခြင်း၏ အစမှတ် ဖြစ်သည်။

## ၁။ ဆင်းရဲခံခြင်း (သို့) ငြိုးငြံခြင်းသည် မည်သူ့အတွက်နည်း

"အကြောင်းမူကား ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ဆင်းရဲခြင်းကို ခံယူတော်မူထိုက်သော ကျေးဇူးတော်ကို သင်တို့သိကြ၏။ ၂ ကော ၈း၉ အရ ယေရှုခရစ်တော်၏ ဆင်းရဲခံခြင်းသည် ကျွန်ုပ်တို့အကျိုးအတွက် ဖြစ်သည်ကို တွေ့ရသည် . . ။ ပြည့်ဝစုံလင်သော ဘုရားရှင်အဖြစ်မှ အကန့်အသတ်ရှိသော လူ့ဇာတိကို ခံယူခြင်း





အသင်္ချေမကသော ကောင်းကင်စခန်း (၁၂)တပ်မက ခေါ်ယူပိုင်ခွင့်ရှိသော အရှင်သည် လူသားတစ်စုလက်ထဲတွင် ဖမ်းဆီးခံ၊ ညှဉ်းဆဲခံခြင်းဆင်းရဲ သာမက အသေသတ်ခံရခြင်းဆင်းရဲကို ခံယူခဲ့သည်။ လူသားတစ်ဦးအနေနှင့် ပိုင်ဆိုင်မှုကိုကြည့်ပါက အရာအားလုံးကို ဖန်းပိုင်သောအရှင်ဖြစ်နေရာမှ ပိုင်ဆိုင်မှု မည်မည်ရရမရှိ။ သေဆုံးချိန်၌ပင် ကိုယ်ပိုင်သင်္ချိုင်းမရှိ။ အငှားသင်္ချိုင်းတွင် သင်္ဂြိုလ်ရသည်အထိ ဆင်းရဲခံ ငြိုးငြံခဲ့သည်။

သို့ဖြစ်၍ အကန့်အသတ်မရှိသော အနန္တတန်ခိုးတော်အရှင်အဖြစ်မှ အကန့်အသတ်ရှိသော လူသားတစ်ဦးအနေသို့ (မောပန်းမှု၊ ဆာငတ်မှု၊ ဝမ်းနည်းမှု၊ မျက်ရည်ကျရမှု) မည်သည့်အတွက် ဆင်းရဲခံ ငြိုးငြံမှုပြုရသနည်း။ ယေရှုခရစ်တော်အတွက်မဟုတ်သည်မှာ သေချာသည် . ။ သူသည် သုံးပါးတစ်ဆူ ဘုရားသခင်ဖြစ်နေခြင်းတွင် ပြည့်စုံနေပြီးဖြစ်သည်။ ထို့ကြောင့် ယေရှုဟူသော လူသားဖြစ်ခြင်းတွင် ချမ်းသာကြွယ်ဝမှုမရှိ။ ဂုဏ်သတင်း ကျော်စောမှုမရှိ။ မည်သည့်တန်ခိုးအာဏာကိုမျှ ရယူဆုပ်ကိုင်ထားခြင်းမရှိ။ ဆင်းရဲခံငြိုးငြံခြင်းအသက်တာဖြင့် အသက်ရှင်ခဲ့ခြင်းသည် လူသားထုတစ်ရပ်လုံး ကယ်တင်ခြင်းနှင့် ကောင်းကြီးမင်္ဂလာ ခံစားရ၍ ကြွယ်ဝသောအသက်တာအရရှိစေရန်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက် ရှိသည်။ (ရော ၅း၁၅)။

ကျွန်ုပ်တို့သည်လည်း ယေရှုခရစ်ကို လက်ခံယုံကြည်ခြင်းတွင် အသစ်သောအသက်တာ၌ အသက်ရှင်ခွင့်ရထားသူ ဖြစ်သည်။ (ဂလာ ၂း၂၀)။ ထို့အတွက် ရှင်ပေါလုမှ ယေရှုခရစ်တော်ကဲ့သို့သော စိတ်သဘောဖြင့် အသက်ရှင်ကြရန် ညွှန်ပြခဲ့သည်။ (ဖိလိ ၂း၅-၈)။ သူကိုယ်တိုင်လည်း ခရစ်တော်ကဲ့သို့ ဆင်းရဲခံခြင်း အသက်တာအတွက် ဝါကြွားဝမ်းမြောက်ခဲ့သည်။ (၂ ကော ၁၁း၁၆-၁၀)။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ဆင်းရဲခံခြင်း အသက်တာအတွက် အဆင်သင့်ရှိနေရမည် ဖြစ်သည်။ ဤအသက်တာသည်လည်း သူတစ်ပါးအတွက် ဖြစ်သည်။ (ဖိလိပ္ပိ ၂း၄-၅)

"ဆင်းရဲခံခြင်း ငြိုးငြံခြင်းသည် သင့် အကျိုးအတွက်မဟုတ်ပေ။"

"ဆင်းရဲခံခြင်း၊ ငြိုးငြံခြင်းသည် သူတစ်ပါးအတွက်ဖြစ်သည်။"

## ၂။ ဆင်းရဲခံခြင်း၊ ငြိုးငြံခြင်း (သို့) ဗုက်ထားသောရတနာ

အစစအရာရာတွင် ကြီးပွားတိုးတက် ကြွယ်ဝပြည့်စုံလာရန် ကြိုးစားလုပ်ဆောင်နေကြသည့် လူ့လောက ကမ္ဘာကြီးထဲတွင် ဆင်းရဲခံခြင်း၊ ငြိုးငြံခြင်းလမ်းစဉ်ကိုရွေးချယ်ခြင်းသည် ရူးသွပ်မိုက်မဲမှု တစ်ခုအဖြစ်မြင်တွေ့စေမည် ဖြစ်သည်။ သို့ရာတွင် ဤဆင်းရဲခံခြင်း၊ ငြိုးငြံစွာအသက်ရှင်ရခြင်း အသက်တာကို ရှင်ပေါလုအပါအဝင် ယုံကြည်သူ ခရစ်ယာန်များစွာသည် ကျေနပ်နှစ်သက်စွာ ရွေးယူလက်ခံရန် အကြောင်းရှိနေရသနည်း။ (၂ ကော ၁၂း၁၀)။ ဤအရာသည် လောကအမြင်၊ အတွေးအခေါ်အားဖြင့် နားလည်နိုင်စွမ်းမရှိသည့် ဘုရားသခင်၏ ပညတ်တရား၊ သစ္စာတရားနှင့် ရတနာတော်ပင် ဖြစ်သည်။

ဘုရားသခင်၏ သားသမီးဖြစ်ရခြင်းတွင် ဦးခေါင်းမှ ဆံခြည်တစ်မျှင်မျှ မြေသို့ အကျိုးမဲ့မကျစေရန် ကြည့်ရှုတော်မူခြင်းခံရသည့် ယုံကြည်သူတစ်ဦး အသက်တာ၊ ဆင်းရဲခံခြင်းအသက်တာသည် ကျေးဇူးတော်ကြောင့် ရရှိခြင်း ဖြစ်သည်။ (ဖိလိပ္ပိ ၁း၂၉)။ ဤအရာသည် ဘုရားသခင်၏ တန်ခိုးတော်ကို ခံစားရရှိစေသောကြောင့် ဖြစ်သည်။ ( ၂ ကော ၁၂း ၁၀)။ အတွင်းထဲ၌ ဘုရားရှင်ပေးနေသည့် စွမ်းအင်ကြောင့် ဖြစ်ပေါ်လုပ်ဆောင်နိုင်စွမ်း ရှိနေခြင်းဖြစ်သည်။ (ဖိလိပ္ပိ ၂း၁၃)။ ကျွန်ုပ်တို့ အသက်တာသည် ဘုရားသခင်၏အမှုတော်ထဲတွင် ပါဝင်လုပ်ဆောင် နေသူ တစ်ဦးဖြစ်ကြောင်း ထင်ရှားသော သက်သေဖြစ်သည်။ (၂ကော ၆း၃၀-၁၀)။

သို့သော် ၎င်းအသက်တာမျိုးသည် လောကီအမြင်တွင် မနှစ်မြို့ဖွယ်သော အသက်ရှင်ရမှု အခြေအနေအဖြစ် သတ်မှတ်ခံစားရသည်ကို သတိပြုရပေမည်။ (၂ကော ၄း၁၁-၁၃)။ သို့ရာတွင် ဆင်းရဲခံခြင်း အသက်တာသည် ခရစ်ယာန်တစ်ဦး၏ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းသုံးပါးထဲတွင် မျှော်လင့်ခြင်းကို ပိုမိုခိုင်ခံ့ တောက်ပစေသော အရာ

ဖြစ်သည်။ ဒုက္ခဆင်းရဲခံခြင်းမှ သည်းခံခြင်း အသက်တာ၊ ထိုမှတဆင့် သက်သေထင်ရှားသော အသက်တာမှ တဖန်မျှော်လင့်ခြင်း ဘုန်းတော်သို့ဝင်စားရန်နိုင်ခံသော အရာများကို ဖြစ်ပေါ်စေသည်။ (ရော ၅း၃-၄)။ တမလွန်အရေးအတွက် မပီပြင်ဝိုးတဝါး ကြိုးစားအသက်ရှင်နေရသည့် လောကလူသားများအကြားတွင် ဆင်းရဲခံခြင်းအသက်တာသည် ယုံကြည်သူခရစ်ယာန်တို့အတွက် ဘုရားသခင်၏ အမွေခံခရစ်တော်နှင့်အတူ ဘုန်းတော် ဝင်စားရမည့်သူဖြစ်ကြောင်း သေချာလွန်းစေသည့် အမှတ်လက္ခဏာကြီးတစ်ခုဖြစ်သည်။

ထို့အတွက် ရှင်ပေါလုအပါအဝင် ရှေးဘိုးဘေး ယုံကြည်သူများသည် ဆင်းရဲခံခြင်းအသက်တာကို ပမာဏပြုထိုက်သော ဆုံးရှုံးမှုကိစ္စမဟုတ်ဟု ခံယူခဲ့ကြသည်(ရော ၈း၁၈)။ ဆင်းရဲခံခြင်းတွင် ဘုရား၏ကတိတော်(၁ကော ၁၀း၃၀)နှင့် ဘုရားရှင်၏မေတ္တာတော်(ရော ၈း၃၆)၊ အောင်မြင်ပြီးမြောက်ရသောအခွင့်ကျေးဇူးတော်(ရော ၈း၃၇)ကို မြင်တွေ့ခဲ့ပြီး ရယူခံစားကြပြီး ဖြစ်ကြသည်။

ထို့ကြောင့် ယေရှုခရစ်တော်အားဖြင့် ရရှိခံစားရသော အသက်တာသစ်တွင် ဘုရားသခင်၏ သားသမီးတစ်ဦးအဖြစ် အသက်ရှင်ခွင့် ရရှိခြင်းတွင် ဆင်းရဲခံခြင်း၊ မြိုးမြံခြင်းအသက်တာ၌ အသက်ရှင်ရခြင်းသည် "မြေကမ္ဘာတွင် ဝှက်ထားသောရတနာ" ကို ရယူပိုင်ဆိုင်ခွင့်ပင် ဖြစ်သည်။ ယေရှုခရစ်၌ စစ်သူရဲကောင်းတစ်ဦးအဖြစ် အသက်ရှင်လျက် ခရစ်တော်နှင့်အတူ ထာဝရစိုးစံခံရသောအခွင့်ကို ရွေးယူခြင်း ဖြစ်သည်။ (၂ တိ ၂း ၃-၄း ၁၂)။

ထို့အတွက် ရှင်ပေါလုမှ တိမောသေအား တိုက်တွန်းသော ကျမ်းစကားကို ဆင်ခြင်လျက် ယနေ့ ကျွန်ုပ်တို့ယုံကြည်သူ ခရစ်ယာန်တို့သည် ဝှက်ထားသောရတနာကို ရယူပိုင်ဆိုင်ကြရန် ဖြစ်ပေသည်။

"သင်မူကား အရာရာ၌ သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကို သည်းခံလော့။ ကောင်းစွာသောတိုက်လှန်ခြင်းကို ငါပြုပြီး ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီး ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အဖို့ သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားတဖြင့် စီရင်သောသူ သခင်ဘုရားသည် ထိုသရဖူကို ငါ၌ အပ်ပေးတော်မူမည်။ ထိုမျှမက ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်" (၂ တိ ၄း၅-၈)။

ကြယ်စင်

■■■■■■■■

## အချိန်
(ဟာသ)

ပထမနှစ်၊ ကျောင်းသူ/သားများကို ဆရာမဒေါ်ရှီလာက အင်္ဂလိပ်စာ တတ်မြောက်မှုစွမ်းရည်ကို ဤသို့ စမ်းသပ်နေသည်။

ဆရာမ - "ဆရာမသည် လှ၏" လို့ဆိုရင် အတိတ်လား၊ ပစ္စုပ္ပန်လား၊ အနာဂတ်လားကွဲ့

ပီတာမှ ချက်ခြင်းဖြေပေးလိုက်ပုံမှာ -

ပီတာ - "အတိတ်ပါ ဆရာမ"

ပူစီခင်







၂၀၁၁ – ၂၀၁၂ ပညာသင်နှစ်

## နောက်ဆုံးနှစ်ကျောင်းသူ/သားများ၏ သာသနာပြုစုပျိုးဆောင်ရေးဆိုင်ရာ လက်တွေ့လေ့လာသင်ယူခြင်း ခရီးစဉ်များ

စောလေးဇေ

ဘုရားသခင်၏ ပြင်ဆင်ပေးခြင်း ကျောင်းတော်ကြီး၏ အားပေးမစခြင်း၊ ဟုမ္မလင်းဂိုဏ်းထောက်ကြီး ဒေသခံတာဝန်ရှိ ပုဂ္ဂိုလ်များတို့၏ ဖိတ်ခေါ်ခြင်း၊ ဓမ္မမိတ်ဆွေအပေါင်းတို့၏ ဆုတောင်းပေးခြင်းနှင့် အလှူငွေအားဖြင့် မစခြင်းတို့ကြောင့် နောက်ဆုံးနှစ် ကျောင်းသူ/သားများသည် ဆရာမနော်မြတ်ဆုမွန် (ခ)ချိုတူး၏ ဦးဆောင်မှုဖြင့် မန္တလေးသာသာနာပိုင်နယ်၊ ဟုမ္မလင်းဂိုဏ်းထောက်နယ်၊ နာဂတောင်တန်းရှိ အသင်းတော်များသို့ (၇.၃.၂၀၁၂) ရက်နေ့ မှ (၇.၅.၂၀၁၂) အထိ သွားရောက်ခဲ့ပါသည်။

သွားရောက်ခဲ့သောနေရာများမှာ ဟုမ္မလင်းမြို့ရှိ ခရစ်တော်ဘုရင်မင်းဘွဲ့ခံအသင်းတော်၊ လိုက်ခေါ်ရွာမရှိ ခရစ်တော်ဘုရင်မင်းဘွဲ့ခံအသင်းတော်၊ လိုက်တက်ရွာရှိ ရှင်သတေဖန်အသင်းတော်၊ လိုက်ခေါ်ရွာသစ်ရှိ စိန့်မိုက်ကယ်အသင်းတော်၊ လိုက်ခေါ်ရွာဟောင်းရှိ စိန့်ဂျွန်းအသင်းတော်၊ ဆိုင်းလင်ရွာရှိ နှစ်ခြင်းအသင်းတော်၊ တန်ရိုးရှင်ပေတရုအသင်းတော်၊ နန့်ပူပေါက်ရွာရှိ ရှင်မဿဲအသင်းတော်၊ ကင်ဖူးရွာရှိ ရှင်ပေါလုအသင်းတော်၊ ဖိုင်လင်းရွာရှိ မောနွေလအသင်းခွဲ၊ မွန်ဒိုဖိုင်ရွာရှိ မောနွေလအသင်းတော်၊ ထမ်သီရွာသစ်(စစ်ကုန်း) ရှင်ယာကုပ်အသင်းတော်တို့ ဖြစ်သည်။ ထို့အပြင် ပြင်ဦးလွင်သန့်ရှင်းသူအပေါင်းအသင်းတော်တွင် ပြုလုပ်သောဓမ္မပညာသင်တန်းသို့ သွားရောက် ပါဝင် အားဖြည့်ခဲ့ကြပါသည်။

ခရီးစဉ်တစ်လျှောက်လုံးတွင် သမ္မာကျမ်းစာဝေမျှခြင်း၊ သက်သေခံခြင်း၊ ဓမ္မပညာသင်တန်း၊ လူငယ်စုပေါင်းသင်တန်း၊ ဂိုက်ပေါင်းစုံလူငယ်သင်တန်းအပြင် အသင်းသားအိမ်များသို့ လှည့်လည်ဝတ်ပြု ဆုတောင်းပေးခြင်းဖြင့် မိတ်သဟာယဖွဲ့ခြင်းတို့ ပြုလုပ်ခဲ့ကြပါသည်။

ကုန်းတစ်တန်၊ ရေတစ်လှည့်ဖြင့် သွားခဲ့ရသောအခါ လမ်းခရီးနှင့် ရာသီဥတုအခြေအနေတို့ ကြမ်းတမ်းသော်လည်း ဘုရားသခင်၏ မစခြင်းကြောင့် ဤခရီးစဉ်ကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြသည်။ ဤခရီးစဉ်အားဖြင့် အသင်းတော်မကြီးနှင့် ကင်းကွာလှသော အသင်းတော်ငယ်များ၏ အခြေအနေအမှန်နှင့် လိုအပ်ချက်များကို သိရှိလာခဲ့ရသည့်အပြင် ရှားပါးလှသည့် အတွေ့အကြုံများ ခွန်အားဖြစ်စေသော အဖြစ်အပျက်များ၊ စံနမူနာယူထိုက်သော နာဂသူ၊ နာဂသားတို့၏ စိတ်နှလုံးအလှများ၊ နှုတ်ကပတ်တော်အား သူတို့၏ ဆာငတ်မှုများကို တွေ့ကြုံခဲ့ရပါသည်။

ကျွန်တော်တို့အဖွဲ့အား ကျေးရွာတိုင်းက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်ကို တွေ့ခဲ့ရပါသည်။ လောကီဆိုင်ရာလိုအပ်ချက်အတွက် ကျွန်တော်တို့အား ချဉ်းကပ်ခြင်းမဟုတ်ဘဲ ဝိညာဉ်ရေးရာလိုအပ်ချက် တစ်ခုအတွက်ကြောင့်သာဖြစ်သည်ကို တွေ့ရပါသည်။

သူတို့အား တောင်ယာခုတ်ကူခြင်းသည် သူတို့အတွက် ပျော်ရွှင်မှုပေးသည်သာမက သူတို့ဆီသို့ သွားရောက်၍ အတူတကွ နှုတ်ကပါတ်တော်ဝေမျှခြင်းသည်လည်း သူတို့အတွက် စစ်မှန်သော ခွန်အားဖြစ်ကြောင်း တွေ့ရပါသည်။

လက်တွေ့အမှုတော်ဆောင်တစ်ဦး၌ ရှိသင့်ရှိအပ်သော အရာများဖြစ်သည့် နှုတ်ကပတ်တော်၌ မွေ့လျော်ခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း၊ သမ္မာတရားကို သစ္စာရှိရှိဟောပြောသက်သေခံခြင်း၊ ဝိညာဉ်ခွန်အားဖြင့် ပြည့်ဝခြင်း၊ ဘက်စုံစွမ်းဆောင်နိုင်ခြင်း၊ နှိမ့်ချခြင်း၊ ဉဏ်ပြည့်ဝတ်ကျေပွန်ခြင်း၊ ဦးဆောင်နိုင်ခြင်း၊ စသည်တို့ကို - လက်တွေ့ လေ့လာ သိရှိ ခံစားလာခဲ့ရပါသည်။

စိန်ခေါ်မှုတစ်ခုအနေဖြင့် ထိုသို့ဝေးလံခေါင်းပါးလှသော ဒေသသို့ အမှုတော်ဆောင်တစ်ဦးအဖြစ် သွား ရောက်နေနိုင်သလော။

ဤစိန်ခေါ်မှုက ကျွန်တော်တို့အားလုံးကို နှိမ့်ချစေပါသည်။ သို့သော် . . .။

သုံးသပ်ရလျှင် ဤခရီးစဉ်က ကျောင်းပြီး၍ ကွင်းထဲသို့ သွားရောက်အမှုတော်ဆောင်မည့် ကျွန်တော်တို့အဖွဲ့အား တန်ဖိုးမဖြတ်နိုင်သော ရုပ်ပိုင်း၊ စိတ်ပိုင်း၊ နာမ်ဝိညာဉ်ပိုင်းဆိုင်ရာ အားသာချက်၊ အားနည်းချက်(လိုအပ်ချက်)များကို မီးမောင်းထိုးပြကာ သွန်သင်ပဲ့ပြင်ပေးနိုင်သည့် ခရီးစဉ်ဖြစ်ပါကြောင်း . . .။

စောခလေးစော







**ပါဝင်သူများ**

၁။ ဦးချမ်းငြိမ်း (ရုံးအုပ်)
၂။ ဒေါ်လှအေး (ဦးချမ်းငြိမ်း၏ ဇနီး အိမ်ထောင်ရှင်)
၃။ မမေတ္တာ (ရှစ်တန်းကျောင်းသူ သမီး)
၄။ မောင်သုတ (ဆယ်တန်းကျောင်းသား)
၅။ ဦးချမ်းမြခေါ် ကိုပေတိုး (ဦးချမ်းငြိမ်း၏ညီ ရုံးစာရေး)
၆။ မသီတာ (ဈေးရောင်းသမ)
၇။ မနှင်းနု (ခုနစ်တန်းကျောင်းသူ သမီး)
၈။ ကျော်ကျော် (ဆယ်တန်းကျောင်းသား)

**ဇာတ်ဆင်ပညာ**

ဦးချမ်းငြိမ်း၏ အိမ်ရှေ့ဧည့်ခန်း - လူလတ်တန်းစားတစ်ဦး နေထိုင်သောနေအိမ်ရှိ ဧည့်ခန်းတစ်ခုနှင့်တူရန် ပြန်ဆင်ထားရသည်။

ဒေါက်တာဦးအောင်လှထွန်း

# ချစ်ခြင်းမေတ္တာဖြင့် တည်ဆောက်သော အိမ်တော်

(တစ်ခန်းရပ်ပြဇာတ်)



ကိုချမ်းမြ သို့မဟုတ် ကိုပေတိုး၏အိမ်သည် ဦးချမ်းငြိမ်းအိမ်နှင့် ကပ်လျက်တွင် ရှိသည်။
အချိန် - တက္ကသိုလ်ဝင်တန်း အောင်စာရင်းထွက်သောသာယာသောညနေခင်းတစ်ခု -

လိုက်ကာ ဖွင့်လိုက်သောအခါ

အိမ်ရှေ့ဧည့်ခန်းကို ဒေါ်လှအေးသည် သုတ်သင်ရှင်းလင်းရင် သီချင်းလေးတညီးညီးဖြင့် သုတ်သင်ရှင်းလင်း နေလျက်ရှိသည်။ တအောင့်ခန့်ကြာသောအခါ အိမ်အတွင်းခန်းမှ သူမ၏ သမီး မမေတ္တာသည် သွက်လက်ရွှင်လန်းစွာ ထွက်လာပြီး မိခင်ဒေါ်လှအေးအား

မမေတ္တာ ။ ။ အမေ . . အမေလျှော်နိုင်းတဲ့အဝတ်တွေ အားလုံးလျှော်ပြီးပြီ။ အပြင်ဘက် ဝရံတာမှာ အားလုံး လှန်းထားတယ်။ သမီးဘာဆက်လုပ်ပေးရအုံးမလဲဟင်။

ဒေါ်လှအေး ။ ။ အဝတ်တွေအများကြီးလျှော်ရတာ သမီးလည်း မောမှာပေါ့ကွယ်။ သမီးအစာပြေစားဖို့ အိမ်နောက်ဖေးစားပွဲပေါ်မှာ လက်ဘက်ရည်ရယ်၊ ပေါင်မုန့်ရယ်၊ ငှက်ပျောသီးရယ် စားဖို့လုပ်ထားတယ်။ သမီးလည်း ဆာနေမှာပေါ့။ သွားစားလိုက်။ ပြီးမှ အမေ့ကို လာကူပေါ့။

မမေတ္တာ ။ ။ သမီးလည်းဆာနေတာနဲ့ အတော်ပဲမေမေ။ ကျေးဇူးတင်လိုက်တာမေမေရယ်။ အမေက သမီးတို့ကို သိပ်ချစ်တာပဲနော်။

ဒေါ်လှအေး ။ ။ ဩော် . . မေမေ့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာ။ မချစ်ပဲ နေပါမလားကွယ်။ သမီးက လိမ်လည်းလိမ္မာတယ်။ အမေ့ကိုလည်း အိမ်အလုပ်တွေကူလုပ်တယ်။ စာလည်းကြိုးစားတယ်။ ဒါကြောင့် သမီးကို ချစ်သတဲ့ ပိုချစ်ရတာပေါ့။ ကဲပါ . . သွား စားစရာရှိတာတွေ သွားစားလိုက်နော် . . .

မမေတ္တာ အိမ်ထဲသို့ဝင်သွား၍ ဒေါ်အေးလှ အိမ်ရှေ့ခန်းတွင် သန့်ရှင်းရေးဆက်လုပ်နေစဉ် သားမောင်သုတက အလွန်ဝမ်းသာသည့်အသွင်ဖြင့် အိမ်ရှေ့တံခါးမှ ပြေးဝင်လာပြီး အမေကိုတွေ့သောအခါ ပြေး၍ ဖက်လိုက်ရင်း

မောင်သုတ ။ ။ အမေ . . သားစာမေးပွဲအောင်ပြီဗျ၊ အောင်ပြီ။ အမေဝမ်းသာပေတော့။

ဒေါ်လှအေး ။ ။ သားစာမေးပွဲအောင်ပြီ ဟုတ်လား။ ဝမ်းသာလိုက်တာသားရယ်။ သားတို့ တက္ကသိုလ်ဝင် တန်း အောင်စာရင်း ဘယ်တုန်းက ထွက်တာလဲ။

မောင်သုတ ။ ။ ဒီနေ့ပဲ ထွက်တာ အမေရဲ့။ သားလေ သား ဒီ လေးလုံးတောင် ပါတယ်အမေ။

ဒေါ်လှအေး ။ ။ ဟယ် . . . ဒီ လေးလုံးတောင်ပါတယ် ဟုတ်လား။ ဝမ်းသာလိုက်တာ သားလေးသုတရယ်၊ အမေ့ရင်ထဲမှာ ဘယ်လိုခံစားရသလဲဆိုတာကို ပြောမပြတတ်တော့ဘူး။ ဟဲ့ သမီးမေတ္တာ မင်းအစ်ကိုစာမေးပွဲ အောင်ပြီတဲ့။ ဒီလည်း လေးလုံးပါတယ်တဲ့။"

မောင်သုတ ။ ။ အမေသားတော့ တက္ကသိုလ်ရောက်ရင် သားသွားချင်တဲ့လိုင်းကို သွားလို့ရပြီ အမေ။

ထိုအချိန်တွင် အိမ်တွင်းမှ မမေတ္တာပြေး၍ ထွက်လာပြီးအစ်ကို ကို အားရပါးရဖက်လိုက်ရင်း . .

မမေတ္တာ ။ ။ အစ်ကိုစာမေးပွဲအောင်တယ် ဟုတ်လား။ ဂုဏ်ထူးလည်း လေးခုတောင်ရတယ်။ ညီမ ဝမ်းသာလိုက်တာ အစ်ကိုရယ်။ ညီမတော့ သူငယ်ချင်းတွေကြားမှာ အပြတ်ကို ကြွားလိုက်အုံးမယ်။

မောင်သုတ ။ ။ အင်း . . နင်ကတော့ သူများကိုမှီပြီး ကြွားဖို့ပဲသိတယ်။ နင်လည်း စာကြိုးစားပါအုံး။

မမေတ္တာ ။ ။ အောင်မယ် . . ကိုကိုကလည်း ညီမလည်း အတန်းထဲမှာ ဒုတိယတောင် ရတာ။ ဒါတောင် သချ်ာတစ်ပုဒ်မှားသွားလို့။ ပထမရတဲ့သူနဲ့က အမှတ်နှစ်မှတ်ပဲကွာတယ် သိလား။ သို့မဟုတ်ရင် ညီမက ပထမရမှာ သိလား . . .။





ဒေါ်လှအေး ။ ။ ကဲကဲ . . မောင်နှမနှစ်ယောက် အချီအချ ပြောမနေကြနဲ့။ ငါးသားကလည်း တော်တာပဲ။ ငါ့သမီးကလည်း တော်တာပဲ။ တို့အိမ်ထောင်ကို ဘုရားသခင်က ကောင်းကြီးပေးတာကွဲ။ အမေလည်း မင်း တို့နှစ်ယောက်ကို ကြည့်ပြီး ပျော်လို့မဆုံးဘူး။

မမေတ္တာ ။ ။ အမေ၊ အစ်ကို စာမေးပွဲအောင်တာကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီညတစ်ခုခုတော့ လုပ်ရမယ် နော်။

ဒေါ်လှအေး ။ ။ လုပ်ရမှာပေါ့ သမီးရယ်။ စပါးရှယ်ကို လုပ်ရမယ်ကွဲ။

ထိုအချိန်တွင် မောင်သုတနဲ့ မမေတ္တာတို့ အမေကို ပြေးဖက်လိုက်ရင်း "ဒါမှ တို့မေမေကွ၊ ဒါမှ တို့မေမေ။"

ထိုအချိန်တွင် ဦးချမ်းငြိမ်း ခေါက်ဆွဲထုပ်ကို

(အမေကိုဖက်ထားရင်း ရွှင်မြူးစွာပြောလိုက်ကြစဉ် ထိုအချိန်တွင် ဦးချမ်းငြိမ်း ခေါက်ဆွဲထုပ်ကို ကိုင်၍ဝင်လာစေ . .)

သားအမိသုံးယောက် ပျော်မြူးနေသည်ကို တွေ့သောအခါ အံ့အားသင့်သောအသွင်ဖြင့်

ဦးချမ်းငြိမ်း ။ ။ ဟော့ . . မင်းတို့သားအမိသုံးယောက် ပျော်နေလိုက်ကြတာ။ ငါ့ကိုလည်း ပြောပြကြပါအုံး ကွယ့်။

ဒေါ်လှအေး ။ ။ ရှင်မသိသေးဘူးလား။ ဒီနေ့ပဲ အောင်စာရင်းထွက်တယ်။ ရှင့်သား ဆယ်တန်း အောင်ပြီ တော့၊ အောင်ပြီ

ဦးချမ်းငြိမ်း ။ ။ ဟင် . . ဟုတ်လား။

မမေတ္တာ ။ ။ ဟုတ်တယ် . . ဖေဖေ။ အောင်တာတောင် ရိုးရိုးမဟုတ်ဘူးဖေဖေရဲ့။ ဖိုးဒီတောင်ပါ တယ်ဖေဖေ။ ဖိုးဒီတောင်။ သမီးတော့ လိုက်ကိုကြွားပစ်လိုက်အုံးမယ်။

ဦးချမ်းငြိမ်း ။ ။ အဖေကြားရတာ ဝမ်းသာလိုက်တာသားရယ်။ အဖေ့ရည်မှန်းချက်ကြီး တစ်ခုကတော့ အောင်မြင်သွားပြီကွဲ . . သားရဲ့။ မင်းညီမက ဂုဏ်ယူမယ်ဆိုလည်း ယူစရာပဲကွာ။

မလှအေး ။ ။ ဒါနဲ့ . . ကိုချမ်းငြိမ်း ရှင့်လက်ထဲ ကိုင်လာတဲ့ ခေါက်ဆွဲသုံးထုပ်က ဘာအတွက်လဲ။ ရှင့် သားစာမေးပွဲအောင်တာကြားလို့ ဂုဏ်ပြုဖို့ဝယ်လာတာလားဟင်။

ဦးချမ်းငြိမ်း ။ ။ ဒါကိုသိလို့ ငါဝယ်လာတာမဟုတ်ပါဘူးကွာ မလှရယ် . . ဒီခေါက်ဆွဲက ထပ်ဆင့်ဝမ်းသာ စရာအတွက် ငါဝယ်လာတာကွ။

ဒေါ်လှအေး ။ ။ ဘာ . . . ထပ်ဆင့်။ ဝမ်းသာစရာ ဟုတ်လား . . . ကိုငြိမ်း

မမေတ္တာနှင့်မောင်သုတ ။ ။ ဟင် ဖေဖေ။ ထပ်ဆင့် ပျော်စရာဟုတ်လား။ သားတို့ကိုလည်း ပြောပြပါအုံး။

ဦးချမ်းငြိမ်း ။ ။ ပြောပြရမှာပေါ့ကွယ် ပြောပြရမှာပေါ့။ ကဲ မင်းတို့သားအမိသုံးယောက် ထိုင်အုံး။

(ခေါက်ဆွဲသုံးထုပ်ကို စားပွဲအလယ်သို့တင်လိုက်ရင်) ထပ်ဆင့်ပျော်စရာဆိုတာက အဖေကြီးဒီနေ့

ဟောဒီမှာ မင်းတို့အတွက် ခေါက်ဆွဲထုပ် သုံးထုပ်။ ထပ်ဆင့်ပျော်စရာဆိုတာက အဖေကြီးဒီနေ့ ရာထူးတိုးတယ်ကွ။

(သားအမိသုံးယောက် ပြိုင်သူထ၍ ဦးချမ်းငြိမ်းအား လှမ်းဖက်လိုက်ကြစေ)

မလှအေး ။ ။ ဟင် . . ရာထူးတိုးတယ်ဟုတ်လား။ ဝမ်းသာလိုက်တာ ကိုယ်ငြိမ်းရယ်။

မောင်သုတ ။ ။ ဖေဖေ ရာထူးတိုးတယ်ဟုတ်လား။ ဒါမှ တို့ဖေဖေကွ။

မမေတ္တာ ။ ။ ဩော် . . ဒါကြောင့် သမီးတို့အတွက် စားဖို့ဝယ်လာတာပေါ့နော် ဖေဖေ။ အဲ့ဒါကြောင့် ဖေဖေကြီးကို ချစ်ရတာ။

ဦးချမ်းငြိမ်း ။ ။ အေး . . မင်းတို့ ဝမ်းသာသလို ဖေဖေလည်း ဝမ်းသာတာပေါ့ကွာ .။ အခုတော့ ဝမ်းသာ

စရာက တစ်ခုမဟုတ်ဘူး။ နှစ်ခုဆိုတော့။ ပိုပြီးဝမ်းသာရတာပေါ့ကွ။

ဒေါ်လှအေး ။ ။ ကဲ .. သမီး အိမ်နောက်ဖေးသွားပြီးတော့ ပန်းကန်သွားယူအုံး။ ဒီမှာပဲ ခေါက်ဆွဲထုပ်ကို ဖွင့်ပြီး သမီးအဖေနဲ့ သမီးအစ်ကိုကို ဂုဏ်ပြုတဲ့အနေနဲ့ စားကြရအောင်။

(မမေတ္တာ သွက်သွက်လက်လက်ထလိုက်ပြီး ခန်းစည်းလိုက်ကာကိုဖွင့်ရင်း အိမ်နောက်ဖေးသို့ ဝင်သွားစဉ် ငိုရှိုက်သံများပေါ်လာပြီး)

မမေတ္တာ ။ ။ ဟင် .. ဒေါ်လေးသီတာ ဘာလို့ ငိုနေတာလဲဟင်။ ဒီမှာရောက်နေတာ ဘယ်လောက် ကြာပြီလဲဟင်။

မသီတာ ။ ။ တူမကြီးမေတ္တာရေ ... ဒေါ်လေးမှာရှိတာတွေတော့ကုန်ပြီ။ ဟင်ဟင်

မမေတ္တာ ။ ။ ဟင်ကုန်ပြီ ဟုတ်လား ... ဘာတွေ ကုန်သွားတာလဲ။ အဒေါ်အိမ်မှာ တစ်ယောက် ယောက်က အတင်းဝင်လုလို့လား။

မသီတာ ။ ။ ဟင် .. ဟင် .. (ငိုရှိုက်သံ) မပြောချင်တော့ပါဘူး တူမကြီးရယ် .. ။ ညည်းဦးလေး ကိုပေတိုးပေါ့။

(ထိုအချိန်တွင် အိမ်ရှေ့ခန်းတွင် ထိုင်နေသော ဦးချမ်းငြိမ်း၊ ဇနီးနှင့်သုတတို့သည် အတွင်းမှ စကားပြောသံကိုကြားသောကြောင့် ခေါက်ဆွဲထုပ်ကို ဖြေနေရာမှ လှမ်း၍နားထောင်လိုက်ပြီး ဦးချမ်းငြိမ်းက)

ဦးချမ်းငြိမ်း ။ ။ ဟဲ့ .. သမီးမေတ္တာ။ ဘယ်သူနဲ့ စကားပြောနေတာလဲ။ ရှိုက်သံလည်း ကြားတယ်။ ဘယ်သူလဲ။

မမေတ္တာ ။ ။ အဖေ .. ဟိုဘက်အိမ်က ဒေါ်လေးသီတာပါ။ ဦးလေးပေတိုးနဲ့ ဘာဖြစ်ဘာသလဲမသိဘူး။

(ဦးချမ်းငြိမ်းပြုန်းကနဲ .. နေရာမှထလိုက်ပြီး အိမ်ခန်းတွင်းသို့ လှမ်း၍ဝင်လိုက်ရင်း)

ဦးချမ်းငြိမ်း ။ ။ ဟဲ့ .. သီတာ။ ဘယ်လိုဖြစ်တာလဲ။ မျက်ရည် မျက်ခွက်တွေနဲ့။ လာစမ်း။ အိမ်ရှေ့ကို လာစမ်း။

(မသီတာ မျက်ရည်တွေသုတ်၍ လိုက်လာစဉ်...)

မသီတာ ။ ။ ဟုတ်တယ် .. အစ်ကိုကြီး၊ အရင်အပတ်ကလဲ သမီးလေးကို နားကပ်လုပ်ပေးဖို့ စုထား တဲ့ငွေတွေကို အတင်းယူသွားပြီး ချိန်ပါတ်အသေအချာရတယ်ဆိုပြီး ထိုးလိုက်တာ အားလုံးရှုံးခဲ့ပြီလေ။ ခုဏ လည်း သူ့သူငယ်ချင်းတွေနဲ့က သောက်ဖို့ချိန်းထားတယ်ဆိုပြီး ကျွန်မဆီက ပိုက်ဆံတောင်းတာ မရှိဘူးလို့ ပြောတာမရဘူး။ တစ်ပတ်စာ ဈေးဖိုးသိမ်းထားတာကို အတင်းယူပြီး ထွက်သွားတယ်။ ဟင့် .. ဟင့် .. ကျွန်မ တော့ သေချင်တာပဲ။

ဦးချမ်းငြိမ်း ။ ။ တယ်ခက်တာပဲကွာ။ ပေတိုးဆိုတဲ့ကောင်က အစ်ကို့ရဲညီဆိုတော့ အစ်ကိုကြီးမှာလည်း တာဝန်မကင်းဘူး။ သူ့ကို လွန်ခဲ့တဲ့လတွေက နှစ်ခါတောင်ခေါ်ပြီး ဆုံးမသတိပေးခဲ့ပြီးပြီ။ နောက်မလုပ်တော့ ပါဘူးလို့ ကတိပေးပြီးမှ အခု ဒီကောင် ဖောက်လာပြန်ပြီ။

မသီတာ ။ ။ အစ်ကိုကြီးပြောလိုက်တုန်း သုံးပတ်လောက်တော့ ငြိမ်နေတယ်။ ဒါပေမဲ့ အရင်အပတ် ကစပြီး ပြန်ဖောက်တာပဲ အစ်ကိုကြီးရဲ့။

ဒေါ်လှအေး ။ ။ မင်းအစား .. ငါရင်လေးလိုက်တာ သီတာရယ်။ ပေတိုးကလည်း သူ့ရတဲ့ စာရေးလစာကို နင့်ကို မပေးတဲ့အပြင် နင်ဈေးရောင်းပြီး သားသမီးတွေကျွေးဖို့ ရှာထားတဲ့ပိုက်ဆံကိုပါ ယူတယ်ဆိုတော့ လွန် တာပေါ့ဟယ်။





မသီတာ ။ ။ သားငယ်သမီးငယ်နှစ်ယောက်အတွက်ကြောင့် ကျွန်မဒီလောက်သည်းခံပြီး အပင်ပန်းခံ ဈေးရောင်းပြီး ပိုက်ဆံရှာခဲ့ရတာ။ နို့မဟုတ်ရင် .. ကျွန်မသူ့ကိုဆက်ပြီး ဘယ်လိုမှ ပေါင်းလို့ရမှာမဟုတ်ဘူး။

ဦးချမ်းငြိမ်း ။ ။ အင်း .. ငါ့ညီမသီတာ ပြောလည်းပြောစရာပဲကွယ်။ ဒီလိုဖြစ်ရင်တော့ အိမ်ထောင်က ဘယ်လိုသာယာရွှင်လန်းခြင်း ရှိမလဲကွယ့်။ အစ်ကို့ညီကို အစ်ကိုကြီး ဒီတစ်ခါတော့ ထပ်ပြီး အပြတ်ပြောရ တော့မယ်။ နည်းနည်းသည်းခံလိုက်ပါအုံးကွာ။

ဒေါ်လှအေး ။ ။ လောလောဆယ် ညည်းကလေးတွေအတွက် သိပ်စိတ်ပူမနေနဲ့ လောလောဆယ် လိုတာ ကို မမကူညီပေးထားမယ်။

မောင်သုတ ။ ။ ဒေါ်လေး .. ဒါနဲ့ ညီလေးကျော်ကျော် ဆယ်တန်းအောင်လားဟင်။

ဒေးသီတာ ။ ။ ဟင့်အင်း ... မအောင်ဘူး ငါ့တူ သုတရယ်။ ဒီအတွက်လည်း ဒေါ်လေး သိပ်စိတ်ဆင်းရဲ ရတယ်။

သုတ ။ ။ ကျွန်တော်လည်း အောင်စာရင်းသွားကြည့်တုန်းက သူ့နာမည်ကို လိုက်ရှာသေးတယ်။ မတွေ့တော့ နာမည်များ ကျန်ခဲ့တာများလား ဆိုပြီး မျှော်လင့်ချက်ကလေးထားခဲ့တယ် ဒေါ်လေးရဲ့။

ဒေါ်သီတာ ။ ။ ဟင့် .. ဟင့် .. မအောင်တာလည်း မဆန်းပါဘူး ငါ့တူရယ်။ သူက ကျောင်းတက်တာ လည်းမမှန်။ စာလည်းကောင်းကောင်းမဖတ်။ သူငယ်ချင်းတွေနဲ့ပဲ လျှောက်သွားပြီး အချိန်ဖြုန်းနေတယ် ဆိုတော့ စာမေးပွဲကျတာ မဆန်းပါဘူးကွယ်။ ဒါပေမဲ့ ... သူ့ကိုတစ်နှစ်ကျောင်းထားဖို့အတွက် ဒေါ်လေးက ခါးရိုးအောင် ရှာရတယ်ကွဲ့။

ဦးချမ်းငြိမ်း ။ ။ ညီမသီတာ .. ညီမတို့ရဲ့အိမ်ထောင် အခုလိုဒုက္ခတွေနဲ့ ကြုံနေရတာကို အစ်ကိုကြီး လည်း စိတ်မကောင်းဘူး။ အိမ်ထောင်မှာ မေတ္တာမရှိဘူးဆိုရင် ဘယ်တော့မှ စိတ်ချမ်းမြေ့နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် အစ်ကိုကြီးညီပေတိုးကို ရအောင် အစ်ကိုကြီးဆုံးမမယ်။ တူလေးကျော်ကျော်ကိုလည်း နောက်နှစ် စာမေးပွဲအောင်အောင် ကြိုးစားဖို့ တိုက်တွန်းမယ်။ ညီမတို့အိမ်ထောင်မှာ မေတ္တာတရားတိုးပွားပြီး ရှင်သန် လာဖို့လည်း အစ်ကိုကြီးတို့ ဆုတောင်းပေးမယ်။

ဒေါ်လှအေး ။ ။ ဟုတ်တယ် ညီမ သီတာ။ ဘာမှအားမငယ်နဲ့။ မမတို့ကလဲ သီတာတို့မိသားစု အပေါ်မှာ အမြဲမေတ္တာထားပြီး တတ်နိုင်သလောက် ကူညီမစပါ့မယ်ကွယ်။ စိတ်အေးအေးထားပါ။

မောင်သုတ ။ ။ မမပြောတာဟုတ်တယ် .. ဒေါ်လေး။ ကျွန်တော်လည်း ညီလေးကျော်ကျော် ဆယ် တန်းအောင်အောင်လို့ သူ့ကို တတ်နိုင်သမျှ ကူညီမယ်။ စာနားမလည်ရင်လည်း ဝိုင်းပြပေးမယ် ဒေါ်လေး ရယ်။ သိပ်ဝမ်းနည်းမနေပါနဲ့ .. သားတို့လည်း ရှိပါတယ်။

(ထိုအချိန်တွင် အိမ်ရှေ့မှ နင်းနပြေး၍ ဝင်လာစဉ် တုန်ရီသောအသံဖြင့်)

နင်းန ။ ။ မေမေ၊ ဦးကြီး၊ အဒေါ်ကြီး ဖေဖေဘယ်လိုဖြစ်လာမှန်းမသိဘူး။ တစ်ခေါင်းလုံး သွေးတွေ ရဲလို့။

(ထိုအချိန်တွင် ပေတိုး နဖူးကိုဖိ၍ သွေးသံရဲရဲဖြင့် ဝင်လာစေ။ အားလုံး အထိပ်တလန့် မတ် တပ်ရပ်လိုက်ပြီး မသီတာကို တိုတိုးကို ပြေးဖက်၍ ငိုသံပါဖြင့်)

မသီတာ ။ ။ ဟင် .. ကိုတိုး ခေါင်းမှာလည်း သွေးတွေနဲ့ ဘယ်လိုဖြစ်လာတာလဲဟင်။ ကျမရင်တွေ တုန်လိုက်တာ။ အစ်ကိုကြီးတို့ မမတို့ လုပ်ကြပါအုံး။

ကိုချမ်းငြိမ်း ။ ။ ဟော့ .. ပေတိုး မင်းဘယ်လိုဖြစ်လာတာလဲဟင်။ သွေးတွေသံတွေနဲ့။

ဒေါ်လှအေး ။ ။ ဟဲ့ သမီးမေတ္တာ။ ရေဇလုံ မျက်နှာသုတ်ပုဝါနဲ့ ပတ်ဖို့အဝတ်စ ရှိတာမြန်မြန်သွား ယူခဲ့ ပါအုံး။

ဦးချမ်းငြိမ်း ။ ။ ဘယ်လိုဖြစ်လာတာလဲ ပေတိုးရာ၊ ငါ့ကိုပြောပြစမ်းပါအုံးကွ။
(ထိုအချိန်တွင် နှင်းနလည်း အိမ်နောက်ဖေးတို့ ပြေးဝင်သွားစဉ်)
ပေတိုး ။ ။ ဘယ်လိုဖြစ်ရမှာလဲ အစ်ကိုကြီးရာ . .။ ဟိုကောင်တွေ ကျွန်တော့်ကို ဝိုင်းရိုက်လို့လာတာဗျ။
ဒေါ်လှအေး ။ ။ ဒါ မင်းတို့သောက်တဲ့ဝိုင်းမှာဖြစ်ခဲ့တာလား။
ပေးတိုး ။ ။ ဟုတ်တယ် . . အစ်မကြီး။
ဦးချမ်းငြိမ်း ။ ။ တောက် . . . ရိုင်းလိုက်တာကွာ . .။ ပေတိုး မင်းကို ဒုက္ခပေးတဲ့ ဒီအရည်ကို မသောက်ပါနဲ့ တော့လို့ ငါအကြိမ်ကြိမ်မင်းကို တားခဲ့တယ်။ ဆုံးမခဲ့တယ်။ အခုတော့ ကောင်းသေးရဲ့လားကွ။ လူကြားလို့ တောင်မကောင်းဘူး။

(ထိုအချိန်တွင် မမေတ္တာနှင့် နှင်းနတို့ ရေဇလုံ၊ မျက်နှာသုတ်ပဝါနဲ့ ဂွမ်းကို ယူ၍ ထွက်လာစေ။ မသီတာနဲ့ မလှအေးတို့က ခေါင်းကို ရေနွေးဆေးပြီး ဆေးထည့်၍ အနာကို ပတ်ပေးလိုက်သည်။)
ဦးချမ်းငြိမ်း ။ ။ ကဲ . . အားလုံးထိုင်ကြစမ်း။ ကဲ ပေတိုး ... မင်းဒီလိုလုပ်လို့ မင်းမိန်းမ၊ မင်းသားသမီး အားလုံးစိတ်သောကရောက်ကြပြီး နေရေးထိုင်ရေးမှာလည်း ဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့ရတယ်။ မင်းအကို ငါ့တို့မိသားစု အတွက်လည်း အရှက်ရတယ်ကွ။ အဲဒီတော့ ငါမင်းကို နောက်ဆုံး သတိပေးမယ်။ မင်းဒီအကျင့်ဆိုးကို လုံးဝစွန့်မလား၊ မစွန့်ဘူးလား ဒါပဲပြော။


(ပေတိုးမဖြေဘဲ . . ခေါင်းငုံ့၍ နေစေ)
ဦးချမ်းငြိမ်း ။ ။ ပေတိုး . . မင်းတွေဝေမနေနဲ့။ မင်းကို တကယ့်ဖြစ်ရပ်တစ်ခု ငါပြောပြမယ်။ နာမည်တော့ ငါမပြောတော့ဘူး။ ငါ့သူငယ်ချင်းတစ်ယောက်ဟာ မင်းလိုပဲ အရက်ကိုစွဲပြီး ဆက်တိုက်သောက်ခဲ့တဲ့ အတွက် သူ့အိမ်ထောင်ဟာလည်း အလွန်ဒုက္ခရောက်ပြီး အိမ်မှာရှိတာတွေကိုလည်း တစ်ခုပြီးတစ်ခုရောင်း သောက်စားပစ်လိုက်လို့ နောက်ဆုံး အိမ်မှာဒုက္ခရောက်ပြီး အိမ်မှာ ဘာမှမရှိတော့ဘူး။ အဲဒီအချိန်မှာ သူဟာ နောင်တရပြီး အရက်သောက်တာကို စွန့်လွှတ်ခဲ့တယ်။ သူ့အရင်က အရက်သောက်ခဲ့တဲ့ ပိုက်ဆံတွေဟာ နောက်ပိုင်းမှာ မိသားစုအတွက် စားစရာသောက်စရာတွေ ဖြစ်လာတယ်။ အိမ်အတွက် ပရိဘောဂ အသုံးအဆောင်တွေကို ပြန်ဖြည့်ပြီး အိမ်ဟာ ပြည့်ပြည့်စုံစုံနဲ့ စိုစိုပြေပြေ ပြန်ဖြစ်လာတယ်။ မိသားစုတွေဟာလည်း တစ်ဦးပေါ်တစ်ဦး ချစ်ခြင်းမေတ္တာရစ်ပတ်ပြီး ပျော်ရွှင်တဲ့အိမ်ထောင် ဖြစ်လာတယ်။ ဒါဟာ တကယ့်ဖြစ်ရပ်ပဲ။ မင်းအတွက် နောက်မကျသေးဘူး . . ပေတိုး။ မင်းဘာကို ဆုံးဖြတ်မလဲ ငါဒါကိုပဲ မေးချင်တယ်။

(ပေးတိုးတစ်ယောက် တုန်တုန်ရီရီဖြင့် တဖြည်းဖြည်း ခေါင်းကိုမော့ရင်း)
ပေတိုး ။ ။ အစ်ကိုကြီးနဲ့ သီတာ ကိုယ်အခုလိုဖြစ်လာကတည်းက ဒါဟာ ကိုယ့်ကို သတိပေးနေတာပဲဆိုတာ သဘောပေါက်ပြီး ကိုယ်လုပ်နေတာတွေဟာလည်း မဟုတ်မှန်း ကောင်းကောင်းသိလာခဲ့တယ်။ ဒါကြောင့် အစ်ကိုကြီး၊ အမကြီး၊ သီတာနဲ့သမီးတို့ကို ကတိပေးပါတယ်။ နောက်ကို ဒီအရက်ကို ဘယ်တော့မှ မသောက်တော့ပါဘူး။ ဒီအတွက် ကုန်တဲ့ငွေဟော သီတာနဲ့ သာနဲ့သမီးတို့အတွက် စားဖို့ဝတ်ဖို့ ဖြစ်စေရမယ်ကွယ်။ ကတိပေးပါတယ်။ ဘုရားသခင်ရဲ့ နာမတော်ကို တိုင်တည်ပြီး ကတိပေးပါတယ်။

(မသီတာနဲ့ နှင်းန . . ပြုန်းကနဲထ၍ ပေးတိုးကို ဖက်လိုက်ရင်း)
မသီတာ ။ ။ ဝမ်းသာလိုက်တာ ကိုတိုးရယ် . .။







နှင်းန ။ ။ ဝမ်းသာလိုက်တာ . . ဖေဖေရယ် . . .။
ဦးချမ်းငြိမ်း ။ ။ အင်း . . . ဒီစကားတွေကိုကြားရတာ ငါသိပ်ဝမ်းသာတယ်ကွာ။ မင်းစကား တည်ရမယ်နော်။ ဒီပျော်ရွှင်တယ်ဆိုတဲ့စကားတွေကို ပြောနိုင်ရတာဟာ အိမ်ထောင်မှာ ချစ်ခြင်းမေတ္တာ ရောက်လာလို့ပဲကွယ့်။ ဒီအတွက်ကတော့ ဘုရားသခင်ထံမှာလည်း ထပ်ဆုတောင်းရမယ်။ ကျေးဇူးတော်ကို ချီးမွမ်းရမယ်။ ဒီအတွက်လည်း ဝမ်းသာတဲ့အထိန်းအမှတ်အနေနဲ့ တို့မိသားစုကဘဲ မင်းတို့မိသားစုပါစုပြီး ဒီခေါက်ဆွဲကို အတူစားကြရအောင်။

(ထိုအချိန်တွင် မမေတ္တာ ပန်ကန်ပြားကိုယူလာစေ)
ဦးချမ်းငြိမ်း ။ ။ တို့မစားခင် ဘုရားသခင်ထံဆက်ကပ်ပြီး ကျေးဇူးတော်ကို ချီးမွမ်းမယ်။ အမြဲကူညီမစပြီး မာရ်နတ်ရဲ့ သွေးဆောင်မှုက ကင်းဝေးအောင် ကူညီမစဘို့ ဆုတောင်းကြရအောင်။ တို့ရဲအိမ်ထောင်စုထဲမှာ ချစ်ခြင်းမေတ္တာ အမြဲကိန်းအောင်းနေဖို့ အားလုံးဆုတောင်းကြရအောင် . .။


(ထိုအချိန်တွင် တဖြည်းဖြည်း အားလုံးဒူးထောက်စဉ် ချစ်မေတ္တာအိမ်ထောင် သီချင်းကို တစ်ပိုဒ်ဆိုခြင်းဖြင့် ကန့်လန့်ကာ ပိတ်လိုက်စေ . . .။)

ဆရာကြီးဒေါက်တာဦးအောင်လှထွန်း

စေတနာဖြင့် အင်္ဂလိပ်စကားတစ်လုံး သုံးလိုက်မိပါသည်။ ကျွန်ုပ်သည် သန့်ရှင်းသောကားတိုင် ကျမ်းစာကျောင်းမှ ၁၉၇၅-ခုနှစ်တွင် ကျောင်းဆင်းခဲ့ပါသည်။ လေးနှစ်သင်ခဲ့သောအရာလည်း အများအပြား ရရှိခဲ့သည် . . ။ ဤသို့နှင့် သိက္ခာရအမှုတော်ဆောင်တစ်ယောက်ဖြစ်လာခဲ့ရာ၊ လိုအပ်ချက်ရှိသောကြောင့် စာပေဗဟုသုတတို့ကို ဆက်လက်လေ့လာပါသည်။ နဂိုမူလကလည်း စာဖတ်ဝါသနာပါသောကြောင့် စာဖတ်ဖြစ်ပါသည်။ အသက် (၃၇)နှစ်မှ အိမ်ထောင်ပြုသောကြောင့် စာဖတ်ချိန် များများရခဲ့သည်ဟုကား မကြွားလိုပါ။ ထိုအချိန်မှာ တက္ကသိုလ်ဝင်ခွင့်ရသောကြောင့် အဆင့်မြင့်ဓမ္မပညာဘွဲ့သင်တန်းများကို တက်ခွင့်မရပါ။ ကျွန်ုပ်၏ သူမတူသောဂုဏ်ပုဒ်မှာ တက္ကသိုလ်ဝင်ခွင့်ရဘို့ရန် စာပေးပွဲ(၆)ကြိမ် ဖြေဆိုခဲ့ပြီး အချိန်ကာလအားဖြင့် (၁၇)နှစ်တိတိ ကြာမြင့်ခဲ့ပါသည် . .။ နောက်ဆုံးတွင် တက္ကသိုလ်ဝင်ခွင့်ရဘို့ရန် စာမေးပွဲ(၆)

# Further STUDY

## Seven Moon







ကြိမ် ဖြေဆိုခဲ့ပြီးအချိန် ကာလအားဖြင့် (၁၇)နှစ်တိတိကြာမြင့်ခဲ့ပါသည်။ နောက်ဆုံးတွင် တက္ကသိုလ်ဝင်ခွင့်ရ၍ အဝေးသင်တက္ကသိုလ်၌ အင်္ဂလိပ်လို(၄)နှစ်သင်ကြားရပါသည်။ ၁၉၉၁-၁၉၉၅ စာသင်နှစ်များဖြစ်သည်။

အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရသောအခါ ဓမ္မဝိဇ္ဇာ(BRE)ဘွဲ့ရရန် (MIT)၌ (၂)နှစ်တက်ခဲ့ပါသည်။ အလွန်ပင် ဝတ်ဆင်လိုသော ကက်ဦးထုပ်ဆောင်းဘွဲ့ဝတ်စုံခြုံရသောအခွင့်ကို ရခဲ့ပါသည်။ (BRE)ဘွဲ့အတွက် မြစ်ဝကျွန်းပေါ် အသင်းတော် သမိုင်းကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုခဲ့ပါသည်။ သူတစ်ပါးနည်းတူ ရှာဖွေစုဆောင်း သူဌေးလောင်း နည်းကောင်း လမ်းကောင်းနှင့် ဖြစ်ပါသည်။ အမှန်တကယ် အင်္ဂလိပ်စာကျွမ်းကျင်သောကြောင့် မဟုတ်ပါ။

ကျေးဇူးရှင်ဆရာကြီး စောမောင်ဒို၏ အသိအမှတ်ပြုမှုဖြင့် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်တွင် (၅)နှစ်တာမျှ အချိန်ပိုင်းစာချဆရာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့သူများကို စာသင်ရန် မိမိကိုယ်တိုင်က စာဖတ်ရပါသည်။ အမှန်မှာ ထိုအချိန်က ကျွန်ုပ်တွင် ကျောင်းသားများအတွက် (academic) အကယ်ဒမစ်အဆင့်ကို သင်နိုင်သော အရည်အချင်းမှာ ကျွန်ုပ်အတွက် မလုံလောက်ပါ။ ရှိသည့်တစ်ခုတည်း သောအရာကား ကျေးလက်တောရွာတွင် (၁၇)နှစ်အမှုတော်ဆောင်ရွက်သော အတွေ့အကြုံနှင့် ရန်ကုန်မြို့၌ ကသီခြယ်၊ ရှင်မိက္ခေလ၊ ရှင်ယောဟန်၊ သန့်ရှင်းသောကားတိုင် ကျမ်းစာကျောင်း၊ သန့်ရှင်းသူအပေါင်း သက်န်းကျွန်းတို့တွင် လူငယ်တစ်ယောက်အဖြစ်၊ သာမန် တပည့်တော်တစ်ယောက်အဖြစ်၊ အမှုတော်ဆောင် တစ်ယောက်အဖြစ် ရရှိခဲ့သောအတွေ့အကြုံများသာ ရှိပါသည်။ မြစ်ဝကျွန်းပေါ်၌ ကျွန်ုပ်ဗတ္တိဇံပေးခဲ့သော ကလေးများကို သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၌ စာသင်ပေးခွင့် ရရှိပါသည်။

ထို့အပြင် ကျွန်ုပ်နှင့်အတူ သန့်ရှင်းသောကားတိုင်ကျမ်းစာကျောင်း၌ (၄)နှစ်တာအတွင်း အတူစာသင်ဖက်များဖြစ်ခဲ့သော လုပ်ဖေါ်ဆောင်ဖက်တို့၏ သားသမီးများကိုလည်း စာသင်ပေးခွင့်ရပါသည်။ စာသင်ပေးခဲ့သော ကျေးဇူးရှင်ဆရာများတို့၏ သားသမီးများကိုလည်း စာသင်ပေးဖူးပါသည်။ ယခုပြန်စဉ်းစားသောအခါ အတော်ပင် အားနာမိပါသည်။ မည်သို့မျှမတတ်နိုင်ပါတကား။

ထိုသို့ သန့်ရှင်းသော ကားတိုင်ဓမ္မတက္ကသိုလ်တွင် အချိန်ပိုင်း စာသင်ပေးသူဖြစ်ခဲ့စဉ် စွဲကပ်နေသောရောဂါတစ်ခုကား Futher study ဖြစ်ပါသည်။ ထို့ကြောင့် MIT ၌ M.Div တက်ရောက်ခွင့်ရရန် ကြိုးပမ်းမိပါသည်။ အလွန်ပင် အဆင်မပြေသောအကြောင်းအမျိုးမျိုးကြောင့် ရပ်တန်းကရပ်လိုက်ပါသည်။ ယခုအခါ၌ကား ကျောင်းဆင်းများထဲကပင် ထို Futher Study အတွက် မြေထောင်မြှောက်ပေးနေပေသည်။ ကုသိုလ်ကောင်းလေစွတကား။

ခွေးအိုကြီး လက်ပေးသင်သလိုဖြစ်နေသော ကျွန်ုပ်က ယာကုပ်၏ထုံးကို နလုံးမူလျက် ကျားကုတ်ကျားခဲဆိုသလို MIT သို့ ဒုတိယကြိမ် ရောက်ခဲ့ပြန်ပါသည်။ (၃)ခဲ့ကာ MACS သင်တန်းကို တက်ခဲ့ပြန်ပါသည်။ (၃)နှစ်တာ သင်ကြားခဲ့ပြီးသော အချိန်၌ အသက်အရွယ်ကလည်း အတော်ကြီးသွားလေပြီ။ ယနေ့ကျွန်ုပ်အား (၂)ကြိမ်တိုင်တိုင် လိုက်လှဲစွာ လက်ခံပေးခဲ့သော MIT ကျောင်းတော်ကြီးအား အူထဲအသည်းထဲက ကျေးဇူး တင်လျက် ရှိပါသည်။

နေမြင့်လေ အရှုးရင့်လေဆိုသော စကားအရ မတော်တဆလားမသိ။ ပထမဆုံးနှင့် နောက်ဆုံးအကြိမ်ဟုယူဆအပ်သော ပြည်ပလေ့လာရေးအစီအစဉ်တစ်ခုကို (၄)လခွဲကြာမျှ သွားခဲ့ရာ ကျွန်ုပ်၏ ရောဂါဟောင်းဖြစ်သော Futher Study ပြန်လည် နိုးထလာပါသည်။ ဒီတစ်ခါတွင် ရောဂါအခြေအနေကား ပိုဆိုးသွားပါသည်။ ပြည်တွင်း၌ကုသ၍မရဘဲ ပြည်ပတွင် သွားရောက်ကုသရမည့် ရောဂါမျိုး ဖြစ်နေပါသည်။ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ကိုရီးယား၊ အမေရိကားရှိ ဒေါက်တာများကုသပေးမှ ပျောက်ကင်းပေလိမ့်မည်။ သမ္မာကျမ်းစာမှရှင်ပေါလု၊ ရှင်အန္ဒြေ၊ ရှင်မာကုတို့ ကုသ၍ ရမည့်ရောဂါ မဟုတ်ပါ။

သို့သော် ရောဂါကားကျွမ်းလေပြီ၊ ကျွန်ုပ်၏ ကိုယ်ခန္ဓာကိုသာအသုံးချခြင်းဖြင့် သူတစ်ပါးတို့အား ဆရာလုပ်နိုင်တော့မည် . .။ ကျွန်ုပ်၌ ဖြစ်ပေါ်ခဲ့သော

ရောဂါလက္ခဏာများကို ပြသပါမည်။ ကြည့်ရှုလေ့လာကြလော့။ မရွံမရှာကြနှင့်။ သနားကရုဏာလည်း မရှိကြနှင့်။ ဆရာမကြီးဒေါက်တာအယ်ဝါး ပြောသလိုဆိုရလျှင် ကျမ်းစာကျောင်း၌ ကျမ်းစာသင်သောအခါ၊ ကျမ်းစာကို မညှာမတာ "ရက်ရက်စက်စက်" ခွဲခြမ်းစိတ်ဖြာ ရှာဖွေလေ့လာရသည် မဟုတ်ပါလား။ ထိုနည်းတူ ကျွန်ုပ်၏ရောဂါကိုလည်း သေသေချာချာ လေ့လာပါလေ။ အနာသိက ကုစရာဆေးရှိမည်ဖြစ်ပါ၍ ကျွန်ုပ်၏ ခန္ဓာကိုယ်အား စေ့စေ့စပ်စပ် သုတေသနပြုကြလော့။ လုံးဝစိတ်ဆိုးမည်မဟုတ်ပါ။ အမှန်စင်စစ် အကျွန်ုပ်က နောက်လူများအား ဆရာလုပ်ခွင့်ရသည့်တကား။

May God bless you all, may God heal you all, and may God seal you all in His service. Amen.

**SEVEN MOON**

■■■■■■■■■

## ရင်လေးကြသူများ

(ဟာသ)

ခွန်းဒူ

ရောဝတီမြစ်ကမ်းဘေးတွင် သူငယ်ချင်းသုံးယောက် အရက်သောက်ကာ စကားကို တောင် ပြော မြောက်ပြောရင်း၊ ရေချိန်ကိုက်လာသောအခါတွင် ပြောပြောဆိုဆိုနှင့် တစ်ယောက်က

ပထမလူ - ဒီဧရာဝတီမြစ်ကြီးခန်းသွားရင် ဘယ်လိုလုပ်မှာလဲ။ သူ့အတွက် ရင်လေးလိုက်တာ

ဒုတိယလူ - ဒါဆို ဒီမှာနေတဲ့ငါးတွေ ဘယ်မှာနေတော့မှာလဲ . .။

တတိယလူ - မင်းတော်တော် အ တာပဲ . . ဒီကောင်တွေ သစ်ပင်ပေါ် တက်ပုန်းနေမှာပေါ့။

ပထမလူ - မင်းကမှအရူး၊ သစ်ပင်ပေါ်တက်နေရလောက်အောင် ကျွဲ၊ နွားမှ မဟုတ်တာ။ မင်းအတွက်လည်း ငါ ရင်လေးလိုက်တာ . . .။

## ခေတ်သုံးတရားဟော

(ဟာသ)

ခွန်းဒူ

တစ်နေ့ လူငယ်သင်တန်းမှာ ဆရာသည် ယေရှုသက်တော်စဉ်အကြောင်း သင်ကြားပို့ချနေသည်။ လူငယ်များသည် ငိုက်သောသူကငိုက်၊ စိတ်မဝင်စားသောသူက စကားများနေသောကြောင့် ဆရာသည် လူငယ်များစိတ်ဝင်စားရန် ဟောလိုက်ပုံမှာ - "ယေရှုနဲ့တပည့်တော်တွေ၊ ဂါလိလဲအိုင်ကို ဖြတ်တဲ့အချိန်မှာ လေတွေ "ပိုးစိုးပက်စက်" ထန်လာတယ်။ အဲ့ဒီအချိန်မှာ ယေရှုက လှေထဲမှာ "ကျိုး"နေတယ်။ တပည့်တော် တွေနိုးတဲ့အခါ ယေရှုထလာပြီး မုန်တိုင်းကို "တော်ကီ" ပစ်လိုက်တဲ့အခါ လေတွေအားလုံး "ဒိုး" သွားတယ်။







# Obedience

*Sheba Movin*



As human beings we have the responsibility to obey the rules and regulations of our home, Our country , our school, our work etc; Even in playing games or participation in competitions we need to follow and adhere to the rules required. Of there are no rules and regulations the world would be in chaos and uncontrollable. Our childhood life starts from our own home and it's a place where we are first made to listen and obey. We have been taught by our parents how to eat, talk, walk behave and be hygienic. Our parents are our first teachers who laid down the rules and regulations at home for us to obey. Of not we are sure to be punished or chastised. Therefore punishment is essential for disobedience.

To the children and Young People who are still under the care and guidance of their parents, the Bible clearly said, "Children obey your parents, this is the right thing to do because God has placed them in authority over you. Honour your father and mother. This is the first of God's Ten Commandments that ends with a promise. And this is the promise if you honour your father and mother, yours will be a long life full of blessing". Ep 6:1-3

There is a difference between obeying and honouring . To obey means "to do as one is told" and to honour means "to show love and respect". Children are

to obey until they are no longer under their parental care but the responsibility to honour parents continues for a life time. One way to honour parents is to provide for them in times of financial need or when they are ill or unable to care for themselves. It also means action in a way that shows courtesy and respect. Parents have a special place in God's sight. Even those who find it difficult to get along with their parents are still commanded to honour them.

Regarding obedience the Bible shows many scripture verses that will be of help to us with questions like; Why, What, How, Who, When to obey? The following scripture verses and notes are quoted from Tyndale's "Life Application Bible".

## GOD DOESN'T FORCE US TO OBEY

"But the Lord gave the man this warning: "You may eat any fruit in the garden except fruit from the Tree of Conscience for its fruit will open your eyes to make you aware of right and wrong, good and bad. If you eat its fruit you will be doomed to die" Gen 2:16-17.

Why would God place a tree in the garden and then forbid Adam to eat from it? God wanted Adam to obey, but he gave him the freedom to choose. Without choice, Adam would have been a prisoner forced to obey. The two trees presented on exercise in choice, with regards for choosing to obey or consequences for choosing to disobey.

## OBEDIENCE MAY MEAN HAVING TO GIVE UP SOMETHING.

God told Abram; "Leave your own country behind you and your people and go to the land I will guide you. It you do , I will cause you to become the father of a great nation; I will bless you and make your name famous and will be a blessing to others." Gen12: 1-2.

God promised to bless Abram and make him great. But there was one condition. Abram had to do what God wanted him to do. This meant leaving his home and friends and travelling to a new land where God promised to build a great nation for Abram's family. Abram obeyed, walking away from his home for God's promise of greater things in the future God may be trying to lead you to a place of greater service and usefulness for him. Don't het the comfort and security of your present position make you miss God's plan for you.

## WHEN IT IS RIGHT TO OBEY AUTHORITIES

"But the midwives feared God and didn't obey the king, they let the boys live too" Ex1:17.

Against Pharaoh's orders, the midwives spared the lives of the Hebrew babies. Their faith in God gave them the courage to take a stand for what they knew was right. In this situation disobeying the authority was proper. God does not expect us to obey those in authority when they ask us to disobey him





or his word. The Bible is filled with examples of those who were willing to sacrifice their lives in order to obey or save the lives of others. Esther and Mordecai (Esther 3:2; 4:13-16) and Shadrach, Meshach and Abednego (Dan 3:16-18) are some of the people who took a bold stand for what was right. When we are ordered to act in disobedience to God's word, we must take a stand to obey God rather than man.

## OPEN DOORS TO GOD'S CARE

"If you will listen to the voice of the lord your God and obey it, and do what is right then I will not make you suffer the diseases, I sent on the Egyptians for I am the Lord who heals you" Ex15:26

God promised that if the people obeyed him they would be free from the diseases that plagued the Egyptians. Little did they know that many of the moral laws he later gave them were designed to keep them free from sickness. For example God's law against prostitution kept them free of venereal disease. God's laws are often designed to keep us from harm. Our physical, emotional and spiritual lives are intertwined. Modern medicine is now acknowledging what these laws assumed. If we want God to care for us we need to submit to his directions for living.

## GIVES A GOOD REPUTATION

"If you obey them (laws) they will give you a reputation for wisdom and intelligence." Deut 4:6

Some people work hard to make others think they are smart. The books they carry and the facts they quote are impressive. But Moses said that a reputation for wisdom comes by obeying God's Word. These may not be the easiest or most glamorous way to earn a reputation, but it is the most authentic. Do you fall into the trap of trying to make others think you are intelligent because of what you know or pretend to know? Obeying God's Word will give you a far greater reputation because its not just what you know but what you do that counts.

## RELATIONSHIP TO SUCCESS

"You need only to be strong and courageous and to obey to the letter every law Moses gave you, for it you are careful to obey every one of them you will be successful." Jos1:7

How strange to equate success with obedience for many, success is controlling others; for Joshua it meant controlled by God. God told Joshua that to succeed he must obey the rules for living found in God's law. Often we can't see what the results or future benefits of following God will be. When we are not sure what to do, obedience to what God has revealed in the scriptures is the only step we can take. Resolve to set aside time each day to read and think about God's word. Act today on what you know God has said, and God will assure your success in carrying out his purpose.

Better than sacrifice or rituals.

"And so, dear brothers, I plead with you to give your bodies to God. Let them be

a living sacrifice, holy, the kind he can accept" Rom 12 :1

When sacrificing an animal according to God's law, a priest killed the animal, cut it in pieces , and placed it on the alter. Sacrifice was important, but even in the old Testament God made it clear that obedience from the heart was much more important (1Sam15:22) God wants us to offer ourselves not animals as living sacrifices, daily laying aside our own desires to follow him. We do this out of gratitude that our sins have been forgiven.

## MAY CAUSE YOU TO SEEM DIFFERENT


"Noah was another who trusted God. When he heard God's warning about the future Noah believed him even though there was then no sign of flood, and wasting no time, he built the ark and saved his family".Heb11:7

Noah experienced what it meant to be different from his neighbours. God commanded him to build a huge boat in the middle of dry land, and although God's command seemed foolish, Noah obeyed. Noah's obedience made him appear strange to his neighbours just as the new beliefs of Jewish Christians made them stand out. As you obeyed God don't be surprised if others consider you different. Your obedience makes their disobedience stand out. Remember if God asked you to do something he will give you the necessary strength to carry out the task.

There are still many instances in the Bible that indicate what God wants us to do and to obey his word. Whereas our human nature is weak and feeble to do so. The only solution is our relationship with God the Father who is also the source of our strength.

***Teacher Sheba***
***Holy Cross Theological College***

# imitating CHRIST'S poverty



GRAPHIC DESIGN : THOMAS NAY LYNN 2012

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
အမှတ် (၁၀၄)၊ အင်းယားလမ်း
ကမာရွတ်၊ ရန်ကုန်

အသင်းတော်တွင်းကန့်သတ်